# မမသဥ္ဇါမောင်

သူငယ်ချင်း



( အချစ်လုံးချင်းဝတ္ထုရှည် )

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊<br>၂၀၁၃၊ နိုဝင်ဘာ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂)<br>ရွှေဥစာပေတိုက်<br>အမှတ် (၃၃)၊ ကျီတော်လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ် (၃၃)၊ ကျီတော်လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ဖြန့်ချေး | - | ၁၆၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |


မမသဒ္ဒါမောင် ၈၉၅.၈၃

သူငယ်ချင်း /မမသဒ္ဒါမောင်။ – ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၃ ။

၂၈၅ – စာ ၊ ၁၂.၇ x ၁၈ စင်တီ ။

(၁) သူငယ်ချင်း


# မမသဒ္ဒါမောင်

# သူငယ်ချင်း



အခ



## 'အမှတ်တရ'

ထူးနှံ့ဝတ်ထက်ထမျှ
အငွေ့အထက်လေးမှအစ
အမှတ်တခုခဲ့မှ
အမှတ်တရ....
ထိုမှတစ်ဆင့်
နင့်နင့်သည်းသည်း ခံစားရသည့်
အနာတရ....
ထိုအနာတရတို့သည်ဝင်
လျှန်စေအတွင်
တစ်သက်တာ ထာဝရ
အမှတ်တရ....



## အခန်း (၁)

ခြံထဲမှာ မေမေနှင့်အတူ ပိုင်းကူ လုပ်ပေးနေရပါ၏။ အမှန်ဆို 'ကျော်'က အိမ်အလုပ်တွေ လုပ်ရတာကို ဝါသနာမပါပါချေ။ အပြင်ထွက် အလုပ်လုပ်ပြီး ငွေရှာတာကိုသာ စိတ်ပါလေ၏။ သို့သော် အိမ်မှာက အမျိုးသမီးသုံးယောက်သာ ရှိတာကြောင့်ရော၊ လူငယ်ဆိုလို့ ကျော်တစ်ယောက်သာရှိတာကြောင့်ပါ မေမေ့ကို ကူပေးရတာပါလေ။

အမှန်က ကျော်တို့မိသားစု လေးဦးရှိတာပါ။ ကျော့်အစ်ကို 'မျိုးမင်းအောင်'က ကျော် (၈)တန်းနှစ်မှာ အိမ်ထောင်ပြုပြီး အိမ်ခွဲနေလေ၏။ သူစိမ်းမိသားစုဝင်ဖြစ်သွားတာမို့ မိဘအိမ်ကို တစ်လမှ တစ်ခါနှစ်ခါခန့်သာ လာလည်ဖြစ်လေသည်။

ကျော့်ဖေဖေ ဦးမျိုးမြင့်အောင်က ကျော် (၁၀)တန်းနှစ်မှာ ကား Accident ဖြစ်ပြီး ဆုံးခဲ့ပါ၏။

အိမ်မှာ မေမေ ဒေါ်မြင့်မြင့်ခိုင်နှင့် ကျော်တို့သာ ဖြစ်နေတာမို့ မေမေ့ညီမဖြစ်သူ အန်တီဒေါ်တင်တင်ခိုင်က အတူလာနေပေးလေသည်။ အန်တီက ကျော်တို့ဈေးထဲမှာ အထည်ဆိုင်နှင့်အတူ အပ်ချုပ်ဆိုင်ပါ တွဲဖွင့်ကာ တစ်နိုင်စီးပွားရေးလုပ်လျက်ရှိပါသည်။ မေမေက အိမ်မှာ အိမ်မှုကိစ္စလုပ်သလို ခြံထဲမှာ ပန်းပင်လေးတွေ စိုက်တန်တာစိုက်၊ ပြန်ရောင်းတန်တာ ရောင်းကာ ဝင်ငွေရှာပေးပါ၏။ ကျော်ကတော့ ယောကျ်ားလေးတွေ လုပ်လေ့ရှိတဲ့အလုပ်မှန်သမျှ လုပ်တတ်တာမို့ အိမ်မှ ထုရိုက် ပြင်ဆင်ရသည့်အလုပ်တိုင်း ကျော့်လက်ရာသာ ဖြစ်နေလေသည်။ ပြီးတော့ ကျော်က ကျော်တို့လမ်းထိပ်က သူဌေးမကြီး ဒေါ်ဒေဝီမြတ် ထိပ်ခေါင်တို့အိမ်မှာ အချိန်ပိုင်း Driver လုပ်ကာ ပုံမှန်ဝင်ငွေရှိပါ၏။

"ကျော်. . . ဟေ့! ကျော်"

လာပါပြီ၊ လူမမြင်ရခင် အသံက ရှေ့ကြိုရောက်နေတာလေ။ ခြံမျက်နှာချင်းဆိုင်နေပြီး ကျော်တို့အိမ်က တစ်ထပ်တိုက်ပုပုလေးဖြစ်ပါ၏။ သူတို့အိမ်က နှစ်ထပ်အမြင့်ဖြစ်သလို ခြံကလည်း အကျယ်ကြီးပါလေ။ 'သူ'ဆိုတာ ကျော့်ရဲ့ငယ်သူငယ်ချင်း





အရင်းခေါက်ခေါက်ကြီး 'နှစ်သက်ပိုင်'ပါပဲ။ စက်ဘီးကို အိမ်ရှေ့ရပ်လိုက်ပြီး အိမ်ထဲလှမ်းအော်နေသည့်သူ့ကို အသံလှမ်းပြုလိုက်ရပါ၏။

"ငါ ဒီမှာ ကိုသက်ရေ့"

"ချစ်လေး. . . ဘာလုပ်နေလဲ"

လုပ်လာပြန်ပြီ ဒီကောင်တော့။ သူငယ်ချင်းတွေရှေ့ အဲဒီလိုခေါ်ရင် အကြောင်းလား။ အခုက မေမေ့ရှေ့မှာ နှုတ်က သရမ်းနေပြန်တာလေ။ ခင်းတော့ ငါ့လက်ချက်မိတော့မှာပဲ။ မေမေ့အတွက် ပန်းစင်လုပ်ပေးရန် တိုင်စိုက်ဖို့ ကျင်းတူးနေသည့် သံတူရွင်းကို ပစ်ချကာ ထရပ်လိုက်ရပါသည်။

"ဟာ! တူတူပုန်းနေတာလား ကျော်ရ"

"သေဦးမယ်၊ ငါအလုပ်လုပ်နေတာဟ့၊ ဘာလာရှုပ်ဦးမလို့လဲ"

"သဲကလည်းကွာ၊ ကိုယ့်ကို ဆလပ်ရွက်ကြီးလို အဝါကပ်မပြချင်ပါနဲ့"

"နင့်ပါးစပ်ကို break မအုပ်ရင် အုတ်ခဲကျိုးပျံ လွင့်လာတော့မှာနော်။ မေမေ့ရှေ့မှာ နင်တော့ နာတော့မယ်"

"အန်တီရှိလား။ Sorry! Sorry! ... အဲ. . . ယောင်

လို့ ကန်တော့ပါ အန်တီ၊ ကျွန်တော်တို့အုပ်စုက ဒီလိုပဲ နောက်နေကျမို့ပါ''

''သားသူငယ်ချင်းက အန်တီ့အတွက် ပန်းစင်လုပ်ပေးဖို့ ပြင်ဆင်နေတာကွယ့်''

သူက စက်ဘီးကို ဒေါက်ထောက်ကာ ထားခဲ့ပြီး ကျော်တို့သားအမိရှိရာဆီ လျှောက်လာလေ၏။ တခြားသူစိမ်းတွေတော့ သူနှင့်ကျော့်ကို မည်သို့မြင်လေမည်မသိ။ သူက လူရှေ့သူရှေ့ မရှောင် 'အချစ်လေး' 'အသည်းလေး'ဆိုပြီး ချစ်စနိုးဟန်ဖြင့် ခေါ်လေ့ရှိပါ၏။

လမ်းအတူသွားရင် ယောကျာ်းလေး သူငယ်ချင်းတွေလို ပခုံးဖက်တာမျိုးလည်း လုပ်လေရဲ့။ ငယ်ငယ်တုန်းကတော့ အကြောင်းလား။ ဘယ်လိုပဲ တွဲသွားတွဲလာလုပ်လုပ် ကိစ္စရှိတာမှမဟုတ်တာလေ။ ခုအရွယ်ရောက်နေပြီဖြစ်တဲ့အရွယ်မှာ ဒီလိုနေဖို့မသင့်တော်မှန်းသိလျက်သားနဲ့ ဆင်ခြင်တတ်ဖို့က သူ့မှာ မရှိပါချေ။

'မထိနဲ့' 'မကိုင်နဲ့' 'မဖက်နဲ့'ဆိုပြီး စည်းခြားကာ ပြောဖို့ကလည်း ကျော့်အတွက် ခက်ခဲနေရပါ၏။ တော်ကြာ''နင့်စိတ်တွေ ဘာဖြစ်နေလဲ'ဆိုပြီး မေးချလိုက်မှ ဘယ့်နှယ်ဖြေရပါ့မလဲ။





ဟိုးပိစိလေးကတည်းက အတူစား၊ အတူသွား၊ အတူကစားခဲ့တဲ့ အဖြူစင်ဆုံးသူငယ်ချင်းတွေမို့ ဘာတစ်ခုမှမပြောဘဲ ခွင့်ပြုထားခဲ့ကြတာပဲ အခု အသက် (၂၂)နှစ်ကျော်အရွယ်တိုင် ရောက်နေကြတာပါလေ။

''မနက်ဖြန် အားလား. . . ကျော်''

''မအားဘူး''

''ဘာလို့လဲ''

''ငါ့မှာ အလုပ်ရှိတယ်ဟဲ့၊ နင့်လို လဝ်လျှားလဝ်လျှား အချိန်မဖြုန်းနိုင်ဘူး''

''ပြောပြန်ပြီ ကြီးကြီးကျယ်ကျယ်နဲ့''

''မှန်တာပြောတာပဲ၊ မနက် (၁၀)နာရီမှာ မမနိုးနိုးကို Plaza ပို့ဖို့ရှိတယ်။ နေ့လယ် (၂)နာရီမှာ ပုံပုံကို သင်တန်းပို့ပေးရမှာ''

''ညနေရော''

''ညနေ (၄)နာရီမှာ ပုံပုံကို ပြန်ကြိုပေးရမှာလေ။ ည (၆)နာရီလောက်မှ အိမ်ပြန်ရောက်မယ်။ မအားဘူး. . . ဘာလုပ်ဖို့မေးတာလဲ''

သူက ကျော်ပြောနေတာကို နားထောင်ပြီး မျက်နှာကို

ရှုံ့တွလိုက်လေ၏။ အမှန်တကယ်လည်း အလုပ်မအားတာမို့ အခုလိုပြောရတာပါပဲ။ နှစ်ယောက်သား ဘွဲ့ယူပြီးချိန်မှာ ကျော်က အလုပ်လုပ်နေပြီး သူကဖြင့် ယခုတိုင် အဖေဖြစ်သူ 'ဦးမင်းပိုင်' ရဲ့ကုမ္ပဏီမှာ ဝင်မလုပ်သေးဘဲ ဝေလေလေလုပ်နေတုန်းလေ။

''မနက်ပိုင်းလေးတော့ အားတယ်ပေါ့''

''အားတာပေါ့၊ ဒါပေမဲ့ အန်တီဒေဝီတို့အိမ်ကို မနက် (၉)နာရီအရောက်သွားရမှာ''

''နင့်ဟာက ဘာထူးလို့လဲ၊ မနက် (၉)နာရီကနေ ညနေ (၆)နာရီတဲ့။ ပြောတော့ အချိန်ပိုင်းပဲ လုပ်ပေးရတာဆို''

''သြော်. . . သူတို့က ငါ့ကို လခပေးတာဟဲ့။ ခေါ်တဲ့အချိန် သွားလုပ်ပေးရမှာပေါ့''

''အဲဒါဆိုလည်း လုပ်မနေနဲ့တော့၊ ငါ့ဆီမှာပဲလုပ်ပေး''

''နင်က ဘာလုပ်လို့ ငါက လုပ်ပေးရမှာလဲ''

''ငါ ကုမ္ပဏီဝင်ရင် နင် driver လုပ်ပေးပေါ့။ ဒါမှ 'Boss လို နောက်ခန်းကနေ ဇိမ်နဲ့ထိုင်လိုက်နိုင်ခွင့်ရမှာ''

''အံမာ! အခုအချိန်ထိ ဦးဦးကို ဘာမှကူမလုပ်သေးဘဲနဲ့များ၊ ငါ့ကို driver လုပ်ခိုင်းချင်နေသေးတယ်။ နင်က လခဘယ်လောက်များရမှာမို့လို့တုန်း''





''ဟာ! အခု သင်တန်းဘာညာတွေ တက်ပြီးရင် အနည်းဆုံး မန်နေဂျာရာထူးရမှာပေါ့။ ဒီလောက်တော့ ငါပေးနိုင်ပါတယ် ကျော်ရာ၊ အထင် မ small စမ်းပါနဲ့''

ကျော်က သူပြောတာကို အရေးမလုပ်ဘဲ မဒမတိုင်ကို မြေကျင်းထဲမြှုပ်ကာ ခဲကျိုးတို့ထည့်ပြီး သံတူရွင်းဖြင့် ထုထောင်းလိုက်ပါ၏။ မေမေက တိုင်ကိုငြိမ်စေရန် အပေါ်မှကိုင်ထားပေးလေသည်။ သူကတော့ အမြင်မတော်ရင် ဝိုင်းကူလုပ်ပေးဖို့ ဝါသနာမပါပါလေ။

''အဲဒါဆို ဒီည အားတယ်မဟုတ်လား''

ကြည့်! မနက်ဖြန်မအားဘူးဆိုတော့ ဒီညကို အတင်းအားခိုင်းနေပြန်ပါရောလား။ ကျော်က စိတ်ဆတ်သူမို့ ဒေါသဖြစ်လာကာ နံဘေးလာရပ်နေသည့် သူ့ All star shoe ပေါ် မြေကြီးပေအောင် တမင်လုပ်လိုက်မိတော့သည်။

''ဟာ! ဟာ! ဂျစ်မကတော့ လုပ်ပြီ၊ ဒါ တစ်ရံ ဘယ်လောက်ပေးရတယ်ထင်လဲ။ ဝယ်ထားတာမှ တစ်ပတ်ပဲရှိသေးတာကွ''

''ရပြီမေမေ၊ ကျန်တာ မနက်ဖြန်မှပဲ ဆက်လုပ်ပေးလို့ရတော့မယ်။ အနှောင့်အယှက်က သိပ်များတာပဲ''

"အောင်မ်ာ! ငါက နင်အလုပ်လုပ်တာကိုပဲ နှောင့်ယှက်တယ်ပေါ့လေ"

"မဟုတ်လို့လား"

"ညနေစာ စားပြီးပြီလား သား"

"မစားရသေးဘူးအန်တီ၊ အန်တီ ဘာချက်ထားလို့လဲ"

"ဩော်. . . ထွေထွေထူးထူး မဟုတ်ပါဘူးသားရယ်။ ငါးကြင်းကို ချဉ်ပေါင်နဲ့ရောချက်ထားတာလေးနဲ့ ကန်စွန်းရွက်ကြော်ပဲရှိတာပါ။ မနက်က ချက်ထားတဲ့ ကြက်အသည်းအမြစ်ဟင်းလည်း ရှိပါသေးတယ်။ စားသွားမလား"

"အင်း. . . စားတော့ စားချင်သား"

"ဒါများ သားရယ်၊ စားသွားပေါ့။ လာ! အိမ်ထဲဝင်ရအောင်"

"မဖြစ်ဘူးထင်တယ်"

သူက နာရီကိုကြည့်ပြီး ခေါင်းကုတ်နေလေ၏။ ဒီအိမ်မှာစားပြီး သူ့အိမ်မှာ ဘာမှပြန်မစားရင် သူ့မေမေ အန်တီဒေါ်သက်လျှ ရင်ဘတ်ဖိ ပူပန်တော့မှာအမှန်ပါပဲ။ ဒီသားလေးတစ်ယောက်တည်းမို့ ဖူးဖူးမှုတ် အလိုလိုက်ထားတာမို့ ကိုသက်ဟာကလေးလိုမျိုး ယခုလို ဆိုးချင်နေတုန်းပါလေ။





"ဘာလဲ၊ မာမီဆူမှာစိုးလို့လား"

"အဟင်း. . . ဟုတ်တယ် အန်တီ"

"ဒါဖြင့်လည်း နည်းနည်းပဲစားပေါ့ သားရယ်။ အဆာပြေပေါ့၊ ခုမှ ငါးနာရီကျော်ကျော်ပဲရှိသေးတာ"

"ကျွေးမနေပါနဲ့ မေမေရယ်၊ ဒင်းက ကျော်တို့အိမ်က ဟင်းရည်ကျဲကျဲနဲ့ ငါးပိရည်ကို ဘယ်စားနိုင်ပါတော့မလဲ။ အကုန်သက်သာတယ်၊ မကျွေးနဲ့"

"နင်နော်၊ စိတ်ပုတ်မ"

သူက အိမ်ထဲဝင်သွားသည့်မေမေ့နောက် လိုက်မသွားဘဲ ကျော့်နားမှာ ကျန်ခဲ့သလို ခပ်မြင့်မြင့်လေး စည်းထားသည့် ကျော့်ဆံပင်ခွေလိပ်လေးတွေကို ဆတ်ခနဲဆွဲဆောင့်လိုက်လေ၏။ ကျော်တို့မိသားစုက နဂိုဆံပင်အကောက်လေးတွေဖြစ်ပြီး ကျော့်ဆံပင်က မွေးကတည်းက အညိုဘက်ပိုများပြီး ဘိုမရုပ်လေးဟု ဝိုင်းစကြတာကို ခံခဲ့ရတာပါလေ။

"နာတယ်ဟဲ့"

တိုင်လေးတိုင်လုံး စိုက်ပြီးနေပြီမို့ မြေသားကျစ်စေရန် ခြေနှင့်လိုက်နင်းလိုက်ပါသည်။ တန်းတွေပစ်ပြီး သံရိုက်ပြီးမှ သစ်ခွအိုးလေးတွေ ချိတ်ပေးလို့ရမှာလေ။ ဘေးကနေ ဒင်း ပေါက်ပေါက်

လာဖောက်တာနဲ့ပဲ အလုပ်ပျက်ရတော့တာကိုး။

"ပြီးပြီမဟုတ်လား။ ရေချိုးတော့"

"အံမာ! ငါ့ကို ဆရာလာမလုပ်ပါနဲ့။ ငါ့အလုပ် ငါသိတယ်"

"ညဥ့်နက်မှချိုးရင် နင်ဖျားမှာစိုးလို့ အကောင်းနဲ့လည်း ပြောရသေးတယ်"

"မလိုပါဘူး. . . ဖယ်"

မြေကြီးပေနေသည့် သံတူရွင်းနှင့်တူရွင်းငန်းပြားတွေ သယ်လာတာမို့ ရေချိုးပြီးသားဖြစ်နေသည့်သူက ဘေးကပ်ရှောင်လိုက်လေ၏။ ကျော်ကသာ မိန်းကလေးဖြစ်ပြီး သိပ်မရွံ့တတ်သလို အကောင်ပလောင်ဆိုလျှင်လည်း ကိုင်ရဲသတ်ရဲပါသည်။ မေမေ့အပင်တွေကို ညည ခရုပက်ကျိတွေ လာကိုက်တတ်တာမို့ အဲဒီခရုတွေကို ဆားရေဖျော်(ဒါမှမဟုတ်) ဆပ်ပြာမှုန့်အရည်ဖျော်ပြီး သတ်ပေးရတာပါ။

သူကဖြင့် ဘာမဆိုရွံ့တတ်ပြီး အဲဒီလိုမြေကြီးထဲက ထွက်လာတဲ့တီကောင်တို့ခရုတို့ကိုမြင်ရင် အသည်းယားပြီး တွန့်လိမ်နေတတ်ပါ၏။ အကဲပိုတာတော့မဟုတ်ရပါ။ ကျော်တို့ငယ်စဉ်က ဘောင်းဘီတိုလေးဝတ်ထားသည့် သူ့ပေါင်ပေါ်ကို ကျော် တီ





ကောင်ဖမ်းပြီး တင်ပေးစဉ် သတိလစ်သွားသည့်အဖြစ်က တကယ့်ရှိခဲ့တာကိုး။ အဲဒီလို ကိုသက်တို့ အသည်းငယ်ပုံက ရာဇဝင်တွင်ခဲ့ရတာမဟုတ်ပါလား။

"ရေချိုးပြီးတာနဲ့ လိုက်ခဲ့နော်"

"ထမင်းစားရဦးမှာပေါ့ဟဲ့၊ ဘယ်ကိုခေါ်နေတာလဲ"

"ထမင်းက နေ့တိုင်းစားနေရတာ၊ မမုန်းသေးဘူးလား တကတည်း"

ရေပိုက်ဖွင့်ကာ ပစ္စည်းတွေကိုရေဆေးရင်း သူ့ကို မျက်စောင်းထိုးလိုက်မိ၏။ သူကတော့ ပြောအားရှိမှာပေါ့။ ဖအေက ကုမ္ပဏီပိုင်ရှင်ကိုး။ အန်တီသက်တို့ဘက်ကလည်း ချမ်းသာတဲ့မျိုးရိုးမို့ ကိုသက်ဘဝက ရတနာစိန်ကျောက် ဇယ်တောက်ကစားနိုင်တာပါလေ။

ကျော်တို့က အိမ်ရှိလူကုန် အလုပ်လုပ်ပြီး ဝင်ငွေပုံမှန်ရအောင် ပြူးပြဲရှာနေရတာမဟုတ်လား။ ဖေဖေရှိစဉ်က အခြေအနေကောင်းခဲ့တာမှန်ပေမယ့် အိမ်ထောင်ဦးစီးမည့်သူမရှိတော့သည့်နောက် ကျော်တို့ပဲ ကြိုးစားရှာရတာပါ။ သိတယ်မဟုတ်လား။ အိမ်တိုင်းမှာ ဝင်ပေါက်က သေးပေမယ့် ထွက်ပေါက်တိုင်းက အမြဲကြီးနေတာပါလေ။

ကျော့် driver လခက (၈)သောင်းနှင့် (၁)သိန်းခန့် ရပါ၏။ အဲဒီလို လကုန်ရင် လုံးခန့်ရတဲ့ငွေကို ဆန်နှင့်ဆီတို့ ကုန်ခြောက်ပစ္စည်းတို့ကို မေမေဝယ်လေသည်။ အန်တီလေးကလည်း ကျော့်နည်းတူ ငွေပေးပါ၏။ မေမေအပင်ရောင်းသည့်ငွေကိုသာ စုဘူးဖြင့်စုထားသလို ကျော့်မှာအပိုသုံးစရာမရှိ။

အလှအပလည်း မမက်မောတာမို့ အဝတ်အစားတော် ရုံသင့်ရုံသာဝတ်ပြီး ထမင်းဟင်းကိုသာ ပိုအာသီသထားပြီး စားဖြစ်တာလေ။ သွားရည်စာတွေက ငွေသာကုန်ပြီး ဗိုက်မှ မဝတာကို။ ကိုသက်အကျင့်က ထမင်းကိုဟုတ်တိပတ်တိမစားဘဲ အပြင်စာကိုသာ စားတတ်တာ ငယ်ငယ်ကတည်းကပါပဲ။

''လိုက်မှာလား မလိုက်ဘူးလား. . . ပြော''

''ဘယ်လိုဖြစ်နေတာလဲဟယ်''

''မလိုက်ရင် နင်နဲ့ငါ အပြတ်ပဲ''

ပြောပြန်ပြီ။ ပြီးတော့ စကားများ စိတ်ကောက်ပြီး အိမ်ပြန်၊ နာရီဝက်တောင်မကြာဘဲ ကျော့်ကိုလာပြန်ခေါ်လေ့ရှိတဲ့ မျောက်စိတ်နဲ့ကောင်လေးမဟုတ်ပါလား။

''အေးပါ၊ လိုက်ပါ့မယ်။ ငါရေချိုးပါရစေဦး''

''နာရီဝက်ထက် ပိုမကြာစေနဲ့''





အမိန့်က ချပြန်ပြီ။ ကျော်က ရေကြိုက်ပြီး ရေချိုးရင် ဖိမ်နဲ့ချိုးတတ်ပါ၏။ အလုပ်ချိန်နီးရင်သာ အမြန်ချိုးလေ့ရှိလေသည်။ ဒါကိုသိလို့ သူသတိပေးတာပင်။ အိမ်ထဲမှာ စတိုခန်းထဲ ပစ္စည်းတွေသိမ်းပြီး ရေချိုးခန်းထဲ ဝင်လိုက်ပါ၏။

သူက မီးဖိုခန်းထဲမှာ မေမေနှင့်စကားလက်ဆုံကျနေတော့တာပါလေ။ ဟိုးငယ်ငယ်တုန်းကဆို ကျော်ကို မေမေ ထမင်းခွံ့တိုင်း သူ့ပါခွံ့ကျွေးတာကို လိုက်စားတတ်လေ၏။ သူ့အိမ်မှာက လူကြီးလို ထမင်းစားပွဲမှာ တခမ်းတနားပြင်ကျွေးတာကို။ သူကိုယ်တိုင် သူ့အိမ်မှာထက် ကျော်တို့အိမ်မှာ ပိုပျော်ရွှင်ခဲ့ရတာ အမှန်ပါလေ။

◆◆◆



## အခန်း (၂)

ကျော် ရေချိုးပြီး အဝတ်အစားလဲကာ ထွက်လာတော့ သူက မေမေနယ်ပေးထားသည့်ထမင်းဖလုံကို စားလို့ကုန်ခါနီး နေပြီလေ။ လူကိုတော့ မစားနဲ့လို့ပြောပြီး ဒင်းကျ စားနေတာ တရားပါရဲ့လား။ အမြင်ကပ်လိုက်တာနော်။

''အင်း. . . ပြီးပြီလား''

ဟင်းချိုကို အရသာခံကာ ခပ်သောက်လိုက်ပြီး ကျော့်ကိုမေးလိုက်သံက ဇလုံးဇထွေးနဲ့ပါလေ။ မေမေက ကျော့်ကို ထမင်းခူးကျွေးရန် ထမင်းပန်းကန်ယူလိုက်စဉ် သူက လက်ဖြင့် ကာ၍ တားလိုက်လေ၏။

'''မကျွေးနဲ့ အန်တီ၊ သူ့ကိုမကျွေးနဲ့''

"ဘာဖြစ်လို့လဲ သားရဲ့"

"သူ့ကို အိမ်ခေါ်ပြီး ကျွေးမလို့"

"အဲဒါကို စောစောကတည်းက ပြောပါတော့လား။ နင့်ကျ ငါ့အိမ်မှာ လာစားနေပြီး"

"အဟင်း. . . အန်တီချက်တာက စားလို့ကောင်းတာကိုးဟ။ လာ! သွားစို့"

ရွှေခြံတင်ပဲမို့ ညမိုးချုပ်လည်း မေမေစိတ်ပူမှာမဟုတ်ပါလေ။ သူက စက်ဘီးကိုမနင်းဘဲ ဒီအတိုင်းတွန်းလာခဲ့တာမို့ နှစ်ယောက်သား အတူလမ်းလျှောက်ခဲ့ကြပါ၏။ ကျော့်ဆီမှာက ဖေဖေရှိစဉ်ကတည်းကသုံးသည့် ဆလွန်းကားလေးရှိတာမို့ ခြံဝက ကြီးပါသည်။ သို့သော် သူတို့အိမ်မှာက နောက်ဆုံးပေါ်ကားသုံးလေးစီးရှိတာမို့ သူတို့ခြံဝတံခါးက ကျော်တို့တံခါးထက် နှစ်ဆခန့် ပိုကြီးလေ၏။

ငယ်စဉ်ကတည်းက ဟိုခြံဒီခြံတစ်လှည့်စီကူးကာ ကစားခဲ့တာမို့ ယခုလို အိမ်လည်ရင်လည်း ကျော် လန့်ရှိန်မနေပါချေ။ အန်တီသက်တို့ကလည်း ကျော်တို့မိသားစုမှာ ဖေဖေမရှိတော့ဘဲ နွေးနွေးထွေးထွေးဆက်ဆံနေတုန်းပါပဲ။ လူချမ်းသာတွေမို့ စားရင်လည်း ဆီပြန်၊ ဝတ်ရင်လည်း အထက်တန်းကျကျပါပဲ။





အဲဒီလို ဆီနိုင်းချင်းနဲ့ဟင်းတွေကိုစားရတိုင်း အီတတ်တာမို့ ကိုသက်တစ်ယောက် လစ်တာနဲ့ ကျော်တို့အိမ်က ဆီအနည်းငယ်သာပါသည့် ရေလုံပြုတ်ဟင်းနဲ့ထမင်းကို လာစားတော့တာပါပဲ။

မေမေက ဟင်းကို ဘယ်တော့မှ ဆီပြန်တစ်ခွက်တည်း မချက်ဘဲ အအီပြေအောင် ကင်ပွန်းချဉ်ရွက်တို့ ချဉ်ပေါင်ရွက်တို့နှင့် ရောချက်ပေးလေ့ရှိပါ၏။ ငါးကြော်သည့်နေ့တောင်မှ ကန်စွန်းရွက်ချဉ်ရည်ဟင်းပြေပြေလေးတော့ ချက်ပေးတာပင်။

"ဟော! သမီးပါလာပြီလား"

အိမ်ထဲဝင်လိုက်စဉ် အလယ်ခန်းမှ ဧည့်ခန်းသို့ထွက်လာသည့်အန်တီနှင့် တန်းတိုးလေ၏။ သူကသာ ကျော့်ဆီလာရင် ကျော်ရေဆိုပြီး မီးဖိုခန်းထဲရောက်နေတတ်သလို ကျော့်အိပ်ခန်းထိ ဝင်လာကျင့်ရှိတဲ့သူပါပဲ။ ကျော်ကတော့ အပေါ်ထပ်မှာ ရှိနေသည့် သူ့အခန်းဆီ တစ်ခါမှမရောက်ဖူးဘဲ မီးဖိုခန်းကိုတော့ ရောက်ဖူးလေ၏။

"သမီးအန်တီလေး ပြန်ရောက်ပြီလား"

"မရောက်သေးပါဘူး အန်တီ၊ အန်တီလေးက (၈)နာရီလောက်မှ ဆိုင်ပိတ်တော့ (၉)နာရီမှပြန်ရောက်ပါတယ်"

"နားရက်မရှိဘူးလား"

"ရှိပါတယ်အန်တီ၊ Sunday ဆို ပိတ်ပါတယ်"

"ပိတ်ရက်မရှိတာ ကျော်ပဲ မာမီရေ့၊ ဟိုက Phone call ခေါ်လိုက်တာနဲ့ ကြိမ်စကြာနဲ့ရိုက်ခေါ်သလို အပြေးရောက်သွားတော့တာပဲ"

"ပင်ပန်းမှာပဲ သမီးရယ်"

"အဲဒါကြောင့် အလုပ်ထွက်ပြီး ဒက်ဒီ့အလုပ်မှာ ဝင်လုပ်ခိုင်းနေတာပေါ့။ ပြောတဲ့သူသာ အမောဆို့သွားမယ်၊ ဒင်းကတော့ မတုန်မလှုပ်ပဲ"

အန်တီက သူပြောတာကို နားထောင်ရင်း ပြုံးလိုက်လေ၏။ ကျော်က ငယ်စဉ်ကတည်းက ယောက်ျားလေးလိုဝတ်၊ ယောက်ျားလေးလိုပဲ ကစားခဲ့တာပါလေ။ ကြီးလာမှသာ ကြည့်မကောင်း၍ ဆံပင်ကိုအရှည်နည်းနည်းထားဖြစ်ခဲ့တာလေ။

အန်တီက ကိုသက်လိုပင် ကျော့်ကိုချစ်ရှာပါ၏။ သူကသာ ကျော့်အပေါ် ဗိုလ်ကျအနိုင်ယူတတ်တာပါလေ။

"ကိုသက်အတင်းခေါ်တာနဲ့ လိုက်လာတာပါ အန်တီ"

"မခေါ်လာလို့ဖြစ်မလား မာမီရ. . . ဒင်းက မနက်ဖြန်မအားဘူးတဲ့လေ။ ကျက်ပြီလား"





"တအောင့်နေ စားလို့ရပါပြီရှင်၊ ခဏလေးတော့ စောင့်ပါ"

"ကျော် ဗိုက်ဆာနေပြီ မာမိရ"

"ကျော်က ဆာနေပြီဆိုတော့ သားကရော မဆာဘူးလား"

"အဟင်း. . . အန်တီ ထမင်းနယ်ပေးတာနဲ့ နည်းနည်းလေး စားထားလို့"

သူရယ်ကျဲကျဲပြောတော့ အန်တီ့မျက်စောင်းက သူ့ထံ ဒိုင်းခနဲရောက်လေတော့၏။ ချက်တာပြုတ်တာကို ကျော်လည်း သိပ်မလုပ်တတ်(တကယ်လည်း ဘာမှကိုမလုပ်တတ်တာပါ) တာကြောင့် အထဲထိမဝင်တော့ဘဲ ဧည့်သည်လို ဧည့်ခန်းမှာပင် ထိုင်လိုက်ပါသည်။ အန်တီက အဆာပြေစေရန် ကျော့်အတွက် လိမ္မော်ရည်ဖျော်ပြီး ပို့ခိုင်းလိုက်လေ၏။

"ဘာလုပ်စားလို့လဲ"

"စားရတော့ သိမှာပေါ့"

သူက ကျော်ထိုင်နေသည့် နှစ်ယောက်ထိုင်ဆက်တီမှာပင် လာထိုင်လိုက်တာမို့ ကိုယ်ကို မသိမသာကျုံ့ထားလိုက်မိ၏။ အနားကပ်ထိုင်လိုက်သလို ကျော့်ပခုံးကိုပါ လက်လာတင်လိုက်

ရွှေပဒေသာစာပေ

တာမို့ လန့်သွားရပါသည်။ သူငယ်ချင်းတွေမို့ ပြဿနာမရှိပေမယ့် လူကြီးတွေရှိနေတဲ့အိမ်ထဲမှာ ဤသို့ပြုမူတာတော့ မသင့်တော်ပါလေ။

''ဘာလုပ်တာလဲ''

''နည်းနည်းတိုက်''

''အာ! ခုနကတည်းက သောက်ချင်ရင် မှာလိုက်ပါလား''

''တစ်ငုံတည်းပါ ကျော်ရာ၊ ကပ်စေးနှဲမနေစမ်းပါနဲ့''

မော့သောက်လက်စ ဖျော်ရည်ခွက်ကို သူ့ဆီကမ်းပေးလိုက်ပေမယ့် သူက လက်ဖြင့်လှမ်းမကိုင်ဘဲ ဖန်ခွက်ကို ငုံ့သောက်နေပြီမို့ လက်ပြန်မလိုက်ပြီး တိုက်ရလေ၏။ အို! ဒင်းတော့မဟုတ်တော့ပါဘူး။ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်လာရတာမဟုတ်လား။

ခါတိုင်းလည်း အတူရှိနေကျဖြစ်ပေမယ့် ဒီနေ့မှ အခုလို နီးနီးကပ်ကပ်ရှိနေရတာမို့ ကသိကအောင့်ဖြစ်လာရတာ အမှန်ပါ။ ကျော်က အသားဖြူသော်ငြား သူနှင့်ယှဉ်ရင် မှိန်သွားသည့်နှယ် သူ့အသားရောင်က ကျော့်ထက်ပိုပြီး ဝင်းလက်တောက်ပနေပါ၏။

အဝတ်အစားကအစ အကောင်းဆုံးဆိုတာချည်း ဆင်မှတော့ အရောင်ထွက်တာ ဆန်းပါတော့မလား။ ကျော်က အပေါ်က blouse ဝတ်ရင်လည်း shirt ဆန်ဆန်ချုပ်ထားတာမျိုးကို





သာ ဝတ်လေ့ရှိသလို အောက်မှာဝတ်ရင်လည်း Jeans မဟုတ်ရင် Quater Pants တွေကိုသာ ဝတ်တတ်ပါ၏။

သူဝတ်လေ့ရှိတာက T-shirt လို sport shirt လို Ready made အင်္ကျီတို့နှင့် အောက်မှာ Jeans မဟုတ်ရင် Style Pants နဲ့မို့ ယနေ့ခေတ် Model boy တွေလို အင်မတန်ကြည့်ကောင်းနေတာပါလေ။

ပြီးတော့ သူက ကျော့်ထက်အရပ်မြင့်ပြီး ခေါင်းတစ်လုံးထက် မြင့်ပါ၏။ အရွယ်ရောက်လာတာနှင့်အမျှ အရပ်ကြီး မိုးထိုးလာတိုင်း ကျော့်ကို သူ့ခေါင်းပုတ်တတ်ပြီး ကျော့်ခေါင်းပေါ်မှာ မေးစေ့တင်ပြီး စလေ့ရှိလေသည်။ တခြားနည်းမျိုးနှင့်စတိုင်း ဘာမှမဖြစ်ပေမယ့် သူ ဤသို့ပြုမူတိုင်း ကျော့်ရင်ခုန်သံတွေ တဒိုင်းဒိုင်းနှင့် အခုန်မြန်လာလေ၏။

''ဘာတွေ ဒီလောက်စဉ်းစားနေတာလဲ''

ပခုံးကိုတိုက်၍ မေးလိုက်တာမို့ လွင့်ချင်ချင်ဖြစ်နေသည့် စိတ်က ရုတ်ချည်း ကိုယ်ခန္ဓာဆီပြန်ရောက်လာလေ၏။ ပွင့်ပွင့်လင်းလင်းပြောတတ်လေ့ရှိပေမယ့် မိန်းကလေးမို့ ရင်ထဲရှိနေတဲ့အတိုင်း ဖွင့်မပြောရဲဘဲ မျိုသိပ်ခံစားတတ်တဲ့အကျင့်က ရှိနေပါသည်။ သူနားလည်နိုင်ပါ့မလား။

“ဘာရယ်မဟုတ်ပါဘူး”

“ဘာလဲ၊ နင် ဘဲတွေ့နေပြီလား”

“ဘာဘဲ. . . ဘာမန်ဒါလီမှ မတွေ့ပါဘူးဟယ်။ ရှာရှာဖွေဖွေမေးနေပြန်ပါပြီ”

“နင်ရည်းစားထားမယ်ဆိုရင် ငါ့ကိုအရင်ပြောရမယ်နော် ကျော်”

“နင်က ငါ့အဖေမို့လို့လား”

“နာတော့မယ်”

လက်မောင်းကို လက်သီးဆုပ်ဖြင့် ခပ်ဖွဖွထိုးလိုက်ပေမယ့် အဆီအသားမရှိသည့် ခပ်ပိန်ပိန်ကျော့်အတွက်တော့ နာရတာပါပဲ။ သူက ခန္ဓာကိုယ်တောင့်တင်းပြီး ယောက်ျားပီသသည့် လူကိုး။

“အ! နာတယ်ဟ”

“ဒါမှ နင်မှတ်မိမှာပေါ့”

“ငါ့ကျပြောနေပြီး နင်ကရော”

“ငါလား”

သူက မချိုမချဉ်ပြုံးလေ၏။ ကျော်က စိတ်မြန်စိတ်သတ်တတ်လေ့ရှိပြီး အမှတ်သည်းခြေရှိတဲ့လူပါ။ သူကတော့ ကျော့်





ကိုစကားများတိုင်း အပြတ်ပဲလို့ အကြိမ်ကြိမ်ပြောခဲ့ပြီး အဲဒီစကားကို သူကိုယ်တိုင် မပြောခဲ့သလို မသိယောင်ဆောင်မေ့ပစ်ကာ ကျော့်ကိုအရင်ပြန်လာခေါ်တတ်တဲ့လူပါပဲ။

အဲဒီအခါတိုင်း သူ့ထက် အသက်နှစ်လကြီးတဲ့ကျော်က အငယ်ဖြစ်တဲ့သူ့ကို သည်းခံခွင့်လွှတ်ပေးခဲ့ရတာပါလေ။ အမြဲဒီလိုသံသရာလည်နေရတာမို့ ဒါကိုအခွင့်ကောင်းယူပြီး ကျော့်အပေါ်မှာ သူ ဆိုးဝံ့တာပဲဖြစ်မယ်ထင်ပါရဲ့။

“ဟိုကလေးတွေ. . . စားလို့ရပြီ”

အန်တီခေါ်နေပြီမို့ ထမင်းစားခန်းဆီ ဝင်လာခဲ့ပါ၏။ စားပွဲထက် ပြင်ထားပေးသည်က အာလူးနည်းနည်းလေးသာပါသည့် ကြက်သားဟင်းနှင့် ပန်းကန်ထဲမှာက ပလာတာပါလေ။ အလို! ကြက်သားပလာတာချက်တာပေါ့။ ကျော်ကြိုက်တဲ့ အစားအသောက်ကိုချက်ပြီး ဖိတ်ကျွေးတာပေါ့လေ။

“ထိုင်! သမီး။ ဒီမှာ အချဉ်၊ အဝစားနော်”

“ပြောမနေနဲ့ မာမိ၊ ဘာပဲစားစား နောက်နှစ်နာရီဆို သူ ထမင်းထပ်စားမှာပဲ”

“သားရော မစားဘူးလား”

“ဟင့်အင်း”

''ဒါကြောင့်ပြောတာပေါ့၊ ကျော်နဲ့အတူစားချင်တယ်ဆိုရင်လည်း ထမင်းမစားနဲ့ပေါ့။ ဘာလို့စားခဲ့ရတာလဲ''

အန်တီပြောတာကို သူက ဂရုမစိုက်သလိုဖြင့်နေကာ ကျော့်ကိုမေးဆတ်ပြလိုက်လေ၏။ ပလာတာက ဖွပြီးသားမို့ ညှပ်ဖြင့် အနည်းငယ်ယူကာ ပန်းကန်ပြားထဲထည့်ပြီး ဟင်းရည်ဆမ်းလိုက်ပါသည်။ သူကဘာမှမစားဘဲ ကျော်စားနေတာကို ဒီတိုင်းပဲ ထိုင်ကြည့်နေမှာများလား။

''စားနှင့်နော် သမီး၊ အန်တီလုပ်စရာတွေရှိလို့။ ညီ့သည်မှမဟုတ်တာဘဲနော်''

''ဟုတ်ကဲ့၊ ရပါတယ်အန်တီ''

''လိုတာရှိရင် မသန်းကိုပြောနော်''

မုန့်စားနေပြီမို့ ခေါင်းကိုသာညိတ်ပြလိုက်ပါ၏။ သူက ကျော့်နံဘေးမှာထိုင်ရင်း ကျော်မုန့်စားနေတာကိုငေးပြီး ပြုံးနေလေ၏။ ဘာလဲ. . . ကျော်က အစာစားရင် မရုက်တတ်ပါလေ။ ဘာသဘောကြောင့်များ သူဒီလိုအပြုံးမျိုးပြရတာပါလိမ့်။

''ကျော်''

''အင်း''

''ကောင်းလား''





''ကောင်းတာပေါ့၊ ဆာတဲ့အချိန်စားဖြစ်လို့ ပိုကောင်းနေတာထင်ပါရဲ့''

''စားစား. . . ထပ်ယူဦးလေ''

''တော်ပြီ၊ ငါစားတာ တော်တော်များတယ် ကိုသက်ရဲ့''

သူက ကျော်သောက်ရန် ရေဘူးထုတ်ယူလာပေးပါ၏။ ဖန်ခွက်ပါ ယူလာပေးတာမို့ ကျော်က ရေငှဲ့ကာ သောက်လိုက်ပါသည်။ သူတို့အိမ်မှ အိမ်အကူ ဒေါ်သန်းက လက်သုတ်ပဝါယူပြီး လာပို့ပေးထားတာမို့ ပါးစပ်ကို အသာသုတ်လိုက်ပါသည်။ အတော့်ကို အရသာရှိတာအမှန်ပါပဲ။

''ပြန်တော့မလို့လား''

''အင်းပေါ့၊ မနက်စောစောထပြီး မေမေ့ပန်းစင်ကို ပြီးအောင်လုပ်ပေးရဦးမှာ''

သူက ခေါင်းညိတ်ပြလိုက်လေ၏။ ထမင်းစားပွဲမှထကာ အိမ်ရှေ့ထွက်လာတော့ အန်တီသက်ကိုမတွေ့။ အိမ်ပေါ်ရောက်နေတာ ထင်ပါရဲ့။ လှေကားမှမျှော်ကြည့်လိုက်ပေမယ့် အရိပ်တောင်မမြင်ရတာမို့ ဒီတိုင်းပြန်ရန် ပြင်လိုက်ပါ၏။

''ကိုသက်''

''ပြော''

''အန်တီ့ကိုပြောပေးနော်၊ ကျေးဇူးတင်ပါတယ်လို့''

''ရပါတယ်ဟာ၊ ပြောရမယ့်လူတွေလား''

ည (၇)နာရီကျော်နေပြီမို့ အပြင်မှာ တော်တော်ပင် မှောင်နေချေပြီ။ သူက ခြံဝအထိ လိုက်ပို့ပေးလေ၏။ ကျော်တို့ခြံထက်ပိုကျယ်တာမို့ သူတို့ခြံဝအထိရောက်အောင် အတော်လေးလျှောက်ရပါသည်။

''Good night... ကျော်''

''Good night... ကိုသက်၊ သွားပြီနော်''

သူ့ကိုလက်ပြကာ ခြံထဲဝင်လိုက်ပြီး ခြံတံခါးကိုစေ့ပိတ်လိုက်ချိန်ထိ ကျော့်ကို သူရပ်ငေးကြည့်နေတုန်းပါလေ။ သူ့ကိုပြုံးပြနှုတ်ဆက်ကာ အိမ်ထဲဝင်ခဲ့ပါ၏။ ဗိုက်ပြည့်နေပြီမို့ ဘာမှထပ်မစားဖြစ်တော့ဘဲ ကိုယ်လက်သန့်စင် သွားတိုက် မျက်နှာသစ်ပြီး အိပ်ခန်းထဲဝင်ခဲ့ပါသည်။

မှန်တင်ခုံထက် တင်ထားသည့်ပြက္ခဒိန်ကို ယူကြည့်လိုက်စဉ် မနက်ဖြန် date နေရာမှာ မှင်နီဖြင့် star လေးမှတ်ထားတာကို မြင်တော့မှ မျက်လုံးပြူးသွားရပါ၏။ သေစမ်း! ကိုသက်မွေးနေ့ကိုမှ မေ့နေရတယ်လို့။



## အခန်း (၃)

ကျော်က အဲဒီလိုပါပဲ၊ အသက်ငယ်ငယ်လေးနဲ့ မေ့တတ်လေ၏။ ဒါကြောင့် နောက်တစ်နေ့ ဘာလုပ်ရမည်၊ ဘယ်သွားရမည်ဆိုတာကို ပြက္ခဒိန်မှာ ရေးမှတ်ထားရပါသည်။ သို့မှသာ မှတ်မိမှာကိုး။ သွားပါပြီ၊ ဒီနေ့တစ်နေ့လုံး လုံးဝမအားတာမို့ ကိုသက်အတွက် ဘာမှဝယ်ဖြစ်မှာမဟုတ်ပါလေ။

စိတ်မကောင်းများဖြစ်နေပြီလား။ တကယ်ဆိုရင် 'မနက်ဖြန် ဘာနေ့လဲသိလား' ဟု ရိပ်ဖမ်းသံဖမ်းလောက် Clue (သဲလွန်စ) ပေးရင် မှတ်မိနိုင်မှာလေ။ အခုတော့ လူကိုပြုံးပြီးကြည့်နေပြီး နှုတ်က ဘာတစ်ခုမှထွက်မလာတာကိုး။

မနက်စောစော လှမ်းကြည့်ပေမယ့် သူ့ကိုလုံးဝမတွေ့

ရပါချေ။ ဘော်ဒါတွေနဲ့ လိမ့်နေပြီထင်ပါရဲ့။ မေမေ့အတွက် ပန်းစင်ကို ပြီးအောင်လုပ်ပေးပြီးမှ ရေချိုးလိုက်ပါသည်။ ကျော့မွေးနေ့တုန်းက သူဝယ်ပေးသည့် Style Pants အနက်ရောင်လေးကို Shirt အဖြူရောင်ပေါ်မှာ အနက်ကွက်လေးတွေပါသည့် လက်တိုအင်္ကျီနှင့် တွဲဝတ်လိုက်မိသည်။ သိပ်ပြီးများ သစ်လွင်နေမလား။။

မမနိုးနိုး(မေမြတ်နိုးခင်)ကို လိုက်ပို့ရင် ခပ်သန့်သန့်လေးဝတ်ရတာမို့ ဒီလောက်တော့ ဝတ်ရမှာပါပဲ။ ပို့ပို့ (သက်လုံးပုံ)က လူငယ်ပဲမို့ ပြဿနာမရှိ။ ကျော်ဘာဝတ်ဝတ် စိတ်ကြိုက်ဝတ်လို့ရနိုင်လေသည်။ အန်တီဒေဝီက သမီးတွေကို ယောကျ်ားလေးအရိုင်းဘာနှင့် ပတ်ပတ်သက်သက်မရှိစေချင်တာမို့ သမီးနှစ်ယောက်အတွက် ကျော့ကို သီးသန့်ခန့်ထားခြင်းဖြစ်လေ၏။

''ကျော်သွားပြီ မေမေ''

''အေးအေး. . . သမီး။ သတိထားပြီး မောင်းဦးနော်''

'''ဟုတ်ကဲ့''

မေမေ့ကိုနှုတ်ဆက်ပြီး အိမ်မှထွက်လာပါ၏။ အိမ်ရှေ့ခြံထဲသို့ ကားတွေ တစ်စီးပြီးတစ်စီး ဝင်နေလေသည်။ ဪ! ချမ်းသာတဲ့လူတွေမို့ မွေးနေ့ပွဲကို တခမ်းတနားလုပ်နိုင်တာပေါ့လေ။ ကျော့်မွေးနေ့တိုင်း ဘယ်လိုဖြည့်ပြီး ဘယ်ပုံကျော်သွားမှန်း





ပင် မသိလိုက်။ သူငယ်ချင်းတွေ မွေးနေ့လက်ဆောင်လာပေးမှသာ သတိရပြီး ဘော်ဒါတွေကို အပြင်မှာ တစ်ခုခုလိုက်ကျွေးဖြစ်လေ၏။

မိသားစုနည်းသလို ဝမ်းစာရှာစားနေရတာမို့ အပိုငွေသုံးသည့်အကျင့်က ကျော်တို့မိသားစုမှာ မရှိပါချေ။ ဗိုက်ဆာတာနဲ့အချိန်မရွေးစားနိုင်အောင် ပေါင်းအိုးထဲမှာ ထမင်းအမြဲရှိအောင်မေမေချက်ပေးထားလေ၏။ ဟင်းမရှိရင်တောင် အဆင်သင့်စားရန် လက်ဖက်၊ သရက်သီးသနပ်၊ ငါးပိကြော်၊ ငရုတ်သီးနှင့်ကြော်ထားသည့် ဗလချောင်ကြော်တို့ကို ပုလင်းဖြင့်ထည့်ပေးထားတာမို့ ဖွင့်ယူစားရုံပဲမဟုတ်ပါလား။

အပြင်မှာ တစ်ခုခုစားမယ်တိုင်ပင်ကြတိုင်း ကျော့်နှုတ်မှ 'No' ဟူသည့်စကားကြောင့် အပေါင်းအသင်းကြားမှာ ကပ်စေးနဲ့ဟု အခေါ်ခံရသည်အထိ ငွေကျစ်တတ်သည့်သူပါပဲ။ ကုန်မှာကြောက်တာမဟုတ်ပါ။ ငွေကို အသုံးနဲ့အဖြုန်း ခွဲခြားတတ်အောင် မေမေသင်ပေးထားတာကြောင့်ပင်မဟုတ်ပါလား။

လမ်းထိပ်ရှိ 'စံရိပ်ငြိမ်'ခြံထဲကိုဝင်တော့ ပို့ပို့တို့အိမ်မှကိုအေးက ကျော်မောင်းရမယ့်ကားကို ရေဖြင့်တိုက်ချွတ်သန့်ရှင်းနေပေပြီ။ အပြင်မသွားခင် ကားကို ဆီရေလေစစ်ဖို့တာဝန်က

ကျော့်တာဝန်ပဲမဟုတ်လား။

''ဟော! ရောက်လာပြီ၊ သမီးနိုးနိုးအဆင်သင့်ဖြစ်နေပြီလား''

''လှလှပြင်နေတာ မပြီးသေးဘူး မာမာရေ့''

ပုံပုံက လက်ထဲမှမုန့်စားရင်း လေ့ကားမှဆင်းလာကာ ဖြေလိုက်လေ၏။ ငယ်တဲ့သူမို့ ဆန်းသစ်ငယ်နုသည့်အရိပ်တို့ ပြည့်နှက်နေတာပါလေ။ ကျော့်သာ အသက်(၂၃)နှစ်ထဲရောက်သေးတယ်၊ အရင်ထက် ပိုတည်ငြိမ်စွာ နေတတ်နေပြီမဟုတ်ပါလား။

''တစ်ခုခုစားပါဦးလား ကျော့်''

''မစားတော့ပါဘူး အန်တီ၊ ကျေးဇူးတင်ပါတယ်။ ကျော့်အိမ်မှာ ထမင်းကြော်စားလာခဲ့လို့ပါ''

''ထမင်းကြော်က ရင်ပြည့်မှာပေါ့ ကျော့်ရဲ့''

''စားနေကျဖြစ်လို့ ဘာမှမဖြစ်တော့ပါဘူး အန်တီ''

''သမီးငယ်. . . ပုံပုံ''

''ရှင်! မာမာ. . . ဘာလဲ''

''မမကို မြန်မြန်လုပ်ခိုင်းဦးလေ သမီးရဲ့။ ကျော့်စောင့်နေရရင် ကြာနေမှာပေါ့။ အလှပြင်နေတာ ဒီလောက်တောင်ကြာရသလား''





''ကျော့်စောင့်နိုင်ပါတယ် အန်တီ၊ ကိစ္စမရှိပါဘူး၊ ရပါတယ်''

သူ့ရွှေးသမီးပဲလေ၊ ဒီလောက်တော့ စောင့်ပေးရမှာပေါ့။ ကျော့်က မနက် Breakfast စားရင် ကော်ဖီနဲ့မုန့်ဆို မတင်းတိမ်နိုင်ပါချေ။ အိမ်ကို ဘယ်အချိန်ပြန်ရောက်မယ်မှန်း မမှန်းနိုင်တာမို့ မေမေ ဆီနည်းနည်းနဲ့ ကြော်ပေးတဲ့ ထမင်းကြော်ကိုသာ အမြဲစားတတ်ပါ၏။ ရင်မပြည့်ဘူးလားတဲ့၊ ဘဝသမားတွေအတွက် ထမင်းဆိုတာ ရင်ပြည့်မှာထက် ဗိုက်ပြည့်ဖို့ကသာ ပိုအဓိကကျနေတာပါလေ။

''ဟော! လာပါပြီ''

''စောင့်နေတာ ကြာပြီလား ကျော့်''

''မိနစ် (၂၀)လောက်ပဲ ကြာတာပါ မမရဲ့။ ရပါတယ်''

''အားနာလိုက်တာ''

ပညာတတ်မိသားစုမို့ ကိုယ့်အိမ်မှာ အလုပ်လာလုပ်တဲ့ အလုပ်သမားဖြစ်ပေမယ့် အားနာစကားဆိုတတ်လေ၏။ နဂိုကလှပါသည့်ဟူသည့်ရုပ်ရည်ကို ပြင်ပြင်ဆင်ဆင်လေး ထပ်ဖို့ထားတာမို့ ကော်ရုပ်လေးနှယ် မထိရက်အောင် လှနေတော့တာပါလေ။

''ကားရပြီလား''

''ရပါပြီမမ၊ ဆီက ပုံပုံကိုကြိုခါနီးမှ ဝယ်ထည့်ရင် ဖြစ်ပါတယ်''

ကားတံခါးဖွင့်ပေးလိုက်စဉ် မမနိုးနိုးက တက်ထိုင်လိုက်လေ၏။ ဘယ်ကိုမောင်းပို့ရမလဲဆိုတာကို အစောကြီးကတည်းက မှာထားပြီးသားမို့ ထပ်မေးစရာမလိုပါချေ။ ကားသော့ဖြင့် စက်နှိုးကာ ထွက်လာခဲ့ပါသည်။ ရုံးချိန်မို့ လမ်းမှာ ကားတွေကျပ်နေတော့မှာလေ။

''ကျော်''

''ရှင်''

''မမမေးရင် ဖြေချင်ပါ့မလား''

''မေးပါ မမရဲ့၊ ဘာများလဲ''

''ကျော့်မှာ. . . အင်း. . . ချစ်သူရှိလားလို့ပါ''

ထင်မထားသည့်မေးခွန်းမို့ အံ့သြသွားရသလို ပြုံးပင်ပြုံးမိသွားရပါ၏။ ကျော့်ထက် နှစ်နှစ်ခန့်သာ အသက်ကြီးသည့် မမ၏မေးခွန်းပေကိုး။ ဒီအရွယ်ထိတိုင် ဘေးမှာအဖော်တစ်ယောက်မှမပါဘဲ လမ်းမထွက်ဖူးသည့် အိမ်တွင်းပုန်း ရွှေအိမ်စံမင်းသမီးလေး၏ ခံစားချက်တွေများ ထွက်ချင်နေပြီလား။

''မရှိပါဘူး''





''ဩော်''

''ဘာလို့မေးတာလဲဟင်''

''ဒီလိုပဲ. . . ဘာရယ်မဟုတ် မေးလိုက်မိတာပါ ကျော်ရဲ့။ လမ်းထဲက ဟိုကောင်လေးနဲ့ကျော်က အတွဲများတယ်မဟုတ်လား''

''ကိုသက်ကိုပြောတာလား။ အဲဒါ ကျော်နဲ့ငယ်သူငယ်ချင်းပါ မမရဲ့''

''ဒါပေမဲ့ ကျော်တို့က သိပ်ရင်းနှီးသလိုထင်ရတယ်လေ''

ဟုတ်တာပေါ့။ လမ်းထွက်ရင် ကျော့်ပခုံးကို သူလက်လာတင်တာမျိုး၊ ကျော့်ခေါင်းကို လက်နဲ့လှမ်းပုတ်တာမျိုးကို လူတွေရှေ့မှာရှိတာကို မမြင်သလိုမျိုးနဲ့ လုပ်တတ်တာလေ။ အများအမြင်မှာ ကျော်နဲ့သူ့ကို ဤသို့ထင်မြင်နေကြပြီလား။ ကျော်တို့ကဖြင့် ဘာရယ်ဆိုပြီး အမည်တောင် မတပ်ဖြစ်တာလေ။

''မရင်းနှီးတဲ့သူစိမ်းတစ်ယောက်ကို ဘယ်လိုစိတ်မျိုးနဲ့ လက်သင့်ခံရမလဲ''

''ရှင်! ''

''ဩော်. . . ကိုယ်နဲ့မရင်းနှီးဘဲနဲ့ အဲဒီလူကို ဘယ်လိုလက်ခံရမလဲလို့ ညည်းမိတာပါကျော်ရဲ့''

"မမက"

"ဟုတ်တယ်၊ တို့ လူတစ်ယောက်ကို အခုသွားတွေ့ရမှာ"

ကျော် မျက်ခုံးမြင့်တက်သွားရပါ၏။ ဒါဖြင့် Date တာပေါ့။ တကယ်ဆို အိမ်ခေါ်တွေ့ရင် ရနိုင်ပါလျက် အဘယ်ကြောင့် စားသောက်ဆိုင်ကို ချိန်းရပါသလဲ။ ကျော် နားမလည်ပါချေ။

"အမှန်က အိမ်ကိုခေါ်တွေ့ရမှာ၊ အဲဒီလိုတွေ့ရင် စရန် သပ်သလို ဖြစ်သွားမှာစိုးတာနဲ့ အခုလိုချိန်းလိုက်တာ။ အထင်တော့ မသေးလောက်ပါဘူးနော်"

"အဆင်ပြေပါတယ် မမရဲ့၊ စားသောက်ဆိုင်ဆိုပေမယ့် မိသားစုတွေ လာစားနေကျဆိုင်မျိုးမို့ အထင်သေးစရာမရှိပါဘူး"

"တို့က သိပ်လာချင်တာမဟုတ်ဘူး။ မာမီတိုက်တွန်းလွန်းလို့သာ"

ကိုယ်ချင်းစာမိပါ၏။ မမနိုးနိုး Computer တက္ကသိုလ် တက်ချိန်က ချစ်သူထားခဲ့ဖူးသည်ဟုသတင်း ထွက်ဖူးလေ၏။ အဲဒီ အစ်ကိုကြီးကို အဆင့်အတန်းမတူဘူးဟုဆိုကာ အန်တီဒေဝီ မရမက ဖျက်ခဲ့ဖူးတာမဟုတ်ပါလား။ အဲဒီလူတစ်ယောက်ကို တွယ်တာခဲ့ဖူးတဲ့ မေမြတ်နိုးခင်ရင်ရဲ့ရင်ထဲမှာ သံယောဇဉ်အကြွင်းအကျန်





တွေ ရှိနေနိုင်သေးတာပါလေ။

"နည်းနည်းများ ကြောင်နေမလား"

"ဘာဖြစ်လို့လဲ မမရဲ့"

"တစ်ယောက်တည်းကို ထိုင်စောင့်နေရင်ပေါ့"

"ဆယ်နာရီချိန်းထားတာမဟုတ်လား မမရဲ့၊ နောက်ကျလှ (၁၀)မိနစ် (၁၅)မိနစ်ပေါ့။ စောင့်နိုင်မှာပါ"

"အတူစောင့်ပေးမလား"

"ဟမ်!"

ကျော် မအောင့်နိုင်တော့ဘဲ ရယ်ချလိုက်မိတော့၏။ နှစ်ယောက်သား နီးစပ်ဖို့ အစပျိုးတဲ့အချိန်မှာမှ ကျော့်ကို ဘေးမှာခေါ်ထားချင်ရတယ်လို့။ အခုမှ ဆယ်ကျော်သက်ကလေးမလေးကို လိုက်ထိန်းရမလိုဖြစ်နေရပြီလေ။

"ဘာရယ်တာလဲ"

"ဟုတ်တယ်လေ မမနိုးနိုးရဲ့၊ လူချင်းလာတွေ့ပါတယ်ဆိုနေမှ ကျော်က ဝင်ရှုပ်လို့ဘယ်ရပါ့မလဲ"

"မဟုတ်ဘူးလေ၊ နှစ်ယောက်တည်းစကားပြောရမှာ ဘာစ်မျိုးကြီးဖြစ်နေမလားလို့ပါ"

"ပြောစရာရှိမှာပါ မမရဲ့"

"တို့မှာ ပြောစရာမှမရှိတာ"

"မမမှာမရှိလည်း သူ့ဘက်ကတော့ ရှိမှာပါ"

ငြိမ်သွားလေ၏။ စဉ်းစားစရာတွေများ ရှိနေပြီလား။ တွေ့တွေ့ချင်း ဘာညာဘာညာတွေတော့ မပြောလောက်ပါဘူး။ ဒီလိုပဲ မိတ်ဆက်စကားလောက် စပြောမှာပေါ့။ နာရီဝက်လောက်ပဲ ကြာစေဦးတော့၊ သူ့အလိုလို အဆင်ပြေသွားမှာပါလေ။

"ကူစောင့်ပေး ကျော်ရယ်"

"အာ. . . မမကလည်း"

"ဘာဖြစ်လို့လဲ၊ တို့ကိုစောင့်ပေးမယ်ဆို"

"အဲဒါက ကားပေါ်မှာ ထိုင်စောင့်ပေးရမှာလေ"

"ကားပေါ်ပဲ စောင့်စောင့်၊ ဆိုင်ထဲမှာပဲ လိုက်စောင့်စောင့်. . . အတူတူပဲကို။ ဘာဖြစ်လဲ"

ရော်! ဒီမမကတော့ အနှောင့်အယှက်ဖြစ်မှာကို မတွေးမိပုံပါလား။ ရွှေအိမ်စံမင်းသမီးလေး လူကြောက်တတ်ပုံကဖြင့် သြချလောက်ပါပေ့။ လူနှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်၊ မျက်လုံးချင်းဆုံပြီး ရင်ခုန်သံညှိကြရမယ့်ကိစ္စမှာ ကြားလူရှိနေတာက ဆေးရိုးသည့်လို ကန့်လန့်ကြီးဖြစ်နေမှာလေ။

"မုန့်ဖိုးပေးမယ်လေ"





ကျော် တဟားဟားရယ်မိပြန်လေ၏။ ကလေးကိုချော့ခေါ်နေသလို ဖြစ်နေပြီကိုး။ တကယ်လည်း စိတ်ရှုပ်သလို အရိပ်အယောင်မျိုးက မမနီးနီးမျက်နှာထက် ပေါ်လွင်နေလေ၏။ သနားစရာပင်ကောင်းနေတော့တာပါလေ။

"အကူအညီတောင်းနေတာကို တကတည်း"

"မုန့်ဖိုးပေးစရာမလိုပါဘူး မမရဲ့၊ ကူညီပါ့မယ်"

"အဲဒီလိုမှပေါ့"

"ဒါပေမဲ့ မမတို့နဲ့တစ်ဝိုင်းတည်းတော့ မထိုင်ဘူးနော်"

"ဟင်! ဘာလို့လဲ"

"ထိုင်လို့မဖြစ်လို့ပေါ့ မမရဲ့၊ ခပ်လှမ်းလှမ်းမှာ ထိုင်ပေးမယ်"

"အဲဒီလိုမှတော့ ဘာထူးမှာလဲ၊ တစ်ယောက်တည်းထိုင်ရင် ကြောင်တောင်တောင်ဖြစ်နေမှာစိုးလို့ပါဆိုနေမှပဲ"

"မမကျောဘက်မှာ ထိုင်ပေးမယ်လေ၊ ဖြစ်တယ်မဟုတ်လား"

မျက်စောင်းထိုးလေ၏။ ကျေနပ်ရိပ်တော့ ပေါ်လွင်သွားပဲ။ ကားကို ဆိုင်ရှေ့ Platform ဘေးမှာရပ်ကာ ဝင်းထဲဝင်ခဲ့ပါ၏။ ဝင်းထဲမှာ ရပ်ထားရင် ကားပိတ်ပြီး ထွက်ရခက်မှာကိုး။

''အတူထိုင်တော့ ဘာဖြစ်မှာလဲ''

''မဖြစ်လို့ပေါ့''

''တို့တွေက စတွေ့တွေ့ချင်း ဘာများပြောမှာမို့လို့လဲ''

ပခုံးတွန့်ပြလိုက်မိ၏။ အပေါက်ဝကို မြင်သာသည့်နေရာမှာပင် ရွေးထိုင်လိုက်ပါသည်။ ကျော်က အပေါက်ဝကို မျက်နှာမူထိုင်လိုက်၏။ ကိုယ်နဲ့ဘာမှတော့ မသက်ဆိုင်ပေမယ့် မမနိုးနိုးက 'ကြည့်ပေး'ဟုဆိုတာမို့ ဤပုဂ္ဂိုလ်ကို စေ့စေ့ကြည့်ပေးဖို့ တာဝန်ယူရတော့မှာလေ။

ကားရပ်ချိန်ဖတ်ဖို့ စာအုပ်ထည့်လာတာမို့ စာအုပ်ကိုဖွင့်ကာ နာရီကို ဖျတ်ခနဲကြည့်လိုက်မိ၏။ (၁၀)နာရီထိုးဖို့ (၁၀)မိနစ်တောင်လိုနေသေးတာပဲ၊ (၄၅)မိနစ်စာအချိန်ဆို ကျော်ဖတ်နေသည့်စာအုပ်တစ်ခန်း ပြီးလောက်ပါရဲ့။

ရှာန်ဝင်နေပြီမို့ ဆိုင်ထဲထိုင်နေသည့်အဖြစ်ကိုမေ့လျော့ပြီး စာအုပ်ကိုငုံ့ဖတ်နေမိ၏။ ကျော်က လျှို့ဝှက်စုံထောက်ဇာတ်လမ်းမျိုး သိပ်ကြိုက်တာပါလေ။



## အခန်း (၄)

ကားကိုသော့ခတ်ခဲ့ပြီး ဆိုင်ရှိရာဘက် လျှောက်လာခဲ့ပါ၏။ မှန်ချပ်များ ကာထားသည့်ဆိုင်တွင်းမှာ လိုက်ကာဆွဲမထားဘဲ ထိုင်နေသည့်နေရာတွေကို အပြင်ဘက်မှမြင်နေရလေသည်။ ဝင်ပေါက်ရှိရာသို့ သူလျှောက်လာနေရင်း ခြေလှမ်းတို့က တဖြည်းဖြည်းနှေးသွားရပါ၏။

မျက်ဝန်းအစုံက စာငုံ့ဖတ်နေသည့်မိန်းကလေးထံ စူးစူးစိုက်စိုက်ကျရောက်သွားရလေသည်။ ဦးဆုံးသတိထားမိသည်က အညိုရောင်ဆံနွယ်ခွေခွေလေးများ၊ ထိုဆံပင်တို့ကို မြင့်မြင့်လေး စည်းထားတာမို့ လည်တိုင်ရှင်းရှင်းလေးကို ထင်းခနဲမြင်နေရပါ၏။

နားသယ်စလေးတွေကအစ အခွေလေး ကျနေတာမို့ ဘိုမရုပ်လေးတစ်ရုပ် ချထားသလိုနှယ်ပါ။ Shirt ပုံစံ Blouse အဖြူပေါ်မှာ အနက်ကွက်လေးကို Style Pants ဖြင့် တွဲဝတ်ထားပုံက smart ကျနေလေ၏။ ခြေတစ်ဖက်ချိတ်ကာ ဝန်းကျင်ကို ဝေ့ဝဲမကြည့်ဘဲ သက်တောင့်သက်သာထိုင်ကာ စာဖတ်နေဟန်က အေးဆေးလွန်းနေပါသည်။

သူမ မည်သူပါနည်း။ လူကြီးတွေပြောလိုက်သည့် မေမြတ်နိုးခင်ကို ဓာတ်ပုံမြင်ဖူးတာမို့ ဤမိန်းကလေးမဟုတ်မှန်း သိနေပါ၏။ မေမြတ်နိုးခင်က ဆံနွယ်ရှည်တို့ဖြင့် ဣန္ဒြေရှင်တစ်ဦးပေကိုး။

မှန်တံခါးကိုတွန်းဖွင့်ဝင်လိုက်စဉ် သူမနှင့်ကျောချင်းကပ်မှာထိုင်နေသည့် ဣန္ဒြေရှင်၏အကြည့်က သူ့ထံဖျတ်ခနဲရောက်လာလေသည်။ သေချာတယ်. . . ဒါ မေမြတ်နိုးခင်ခေါ်လာတဲ့ အဖော်ဖြစ်နိုင်မှာလေ။ စားပွဲအနီးသို့လျှောက်လာသည်အထိ စာဖတ်နေသည့်မိန်းကလေးက လုံးဝမလှုပ်ပါချေ။

"ရဲရင့်မာန်ပါ"

"ဟုတ်ကဲ့၊ မေမြတ်နိုးခင်ပါရှင်"

"ကျွန်တော် နောက်မကျပါဘူးနော်"





နာမည်ပြောမိတ်ဆက်စဉ် သူမ တွန့်ခနဲဖြစ်သွားပါ၏။ အမှန်က မေမြတ်နိုးခင်နှင့်မျက်နှာချင်းဆိုင်ခုံမှာ သူထိုင်ရမှာပါ။ သို့သော် သူက သူမကိုမြင်နိုင်မည့်ဘေးခုံမှာပင် ထိုင်ချလိုက်ပါ၏။ ခါးမတ်သွားသည့်ခန္ဓာကိုယ်က သတိအနေအထားဖြစ်သွားသလို အနောက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်လေသည်။

အလို! ဆတ်ခနဲမြင်လိုက်ရသည့် အညိုရောင်မျက်ဝန်းတို့က သူ့ရင်ကို ထိတ်ခနဲခုန်သွားစေတာပါလေ။ ဘုရားရေ! လူကြီးတွေ လာကြည့်ခိုင်းတဲ့မိန်းကလေးကို စိတ်မဝင်စားမိဘဲ တခြားတစ်ဦးကိုမှ ဘာကြောင့် သူစိတ်ဝင်စားမိရတာပါလိမ့်။ သူ့အဖြစ်က အဆန်းတကြယ်ပါပဲ။

"မြတ်နိုးလို့ပဲ ခေါ်မယ်နော်၊ ဖြစ်ရဲ့လား"

"ဟုတ်ကဲ့"

"ကျွန်တော်က မြတ်နိုးထက် ငါးနှစ်လောက် ကြီးမယ်"

မမနိုးနိုးထက် ငါးနှစ်ကြီးသတဲ့။ ဒါဖြင့် သူ့အသက်က (၃၀)မေ့ါ။ ဖျတ်ခနဲကြည့်မိစဉ် တည်တံ့သည့်မျက်နှာကို မြင်လိုက်ရတာမို့ အမှတ်ပေးလိုက်မိ၏။ ပြီးတော့ သူ့အသားရောင်က ကိုသက်လို ဖြူမနေဘဲ အညိုသန်းနေတာမို့ နောက်ထပ် အမှတ်ပေးမိပြန်လေသည်။ ယောကျ်ားဆိုတာ အသားညိုမှ ပိုပြီးကြည့်

ကောင်းတာတဲ့။

"မိဘတွေက မိုးကုတ်မှာပဲဆို"

"ဟုတ်တယ်၊ ကိုယ်တစ်ယောက်ပဲ ဒီမှာအလုပ်လာလုပ်ရင်း ကွန်ဒိုမှာနေတယ်"

"ဪ"

"အန်တီဒေဝီနဲ့မေမေက Classmate တွေဆိုပြီးပြောတာနဲ့ ကျွန်တော်လာခဲ့တာပဲ"

"ဟုတ်ကဲ့"

အဆင်ပြေသွားပဲ။ မမနိုးနိုးက နဂိုကတည်းက စကားနည်းသူမို့ သူကချည်း အဆင်ပြေပြေနဲ့ ဦးဆောင်ပြောနေတာပါလေ။ စကားပြောကောင်းတဲ့အတွက် နောက်တစ်မှတ် ပေးရဦးမယ်ထင်ပါရဲ့။

"ဘာလုပ်လဲဟင်"

"ကျွန်တော်လား၊ အင်း. . . ကြွားသလိုဖြစ်မှာစိုးလို့ ထုတ်မပြောချင်ဘူး"

နားစွင့်နေမိ၏။ မပြောချင်ဘူးတဲ့။ စပ်စုတာမျိုးမဟုတ်ဘဲ စကားရှာကြပြောမှန်း မမနိုးနိုးကို နားလည်ပေးနိုင်ပါသည်။ သူက စကားကိုခဏရပ်ပြီး မှာထားသည့်ကော်ဖီရောက်လာပြီမို့





အနည်းငယ်သောက်လိုက်သည့်နှယ်ပါ။

"စိန်တိုက်ဖွင့်ထားတယ်"

"ဟင်!"

မမနိုးနိုးတော့ မည်သို့နေမည်မသိ။ ဒီဘက်မှာ ထိုင်နေသည့်ကျော့်မှာဖြင့် ကော်ဖီသည်းသွားရလေသည်။ ဒါကြောင့် သူမပြောချင်တာကိုး။ မိုးကုတ်သူဌေးဆိုမှဖြင့် ဖွင့်မပြောဘဲလည်း အဘယ်မျှချမ်းသာမှန်း သိသာစေနိုင်တာပါလေ။

"သိလား။ Crown Gems နာမည်နဲ့ ဖွင့်ထားတာလေ"

မမနိုးနိုး ခေါင်းညိတ်မယ်ထင်ပါရဲ့။ အင်း. . . ရွှေချင်းထပ်မှ မြတ်တာ၊ မြကိုစိန်ရံမှ တင့်တယ်တယ်ဆိုတဲ့စကားလုံးတွေက လက်တွေ့မှာ တကယ့်ကို အံဝင်ခွင်ကျဖြစ်နေတာပါလေ။ စကားသိပ်မပြောတဲ့မေမြတ်နိုးခင်တောင် စကားလုံးတွေ အများကြီးထွက်ဖြစ်နေပြီမဟုတ်ပါလား။

"ညီမလေးလား"

"ရှင်! ဪ. . . ဟုတ်တယ်"

"ခေါ်လိုက်လေ၊ ဘာလို့ တစ်ဝိုင်းတည်းမထိုင်တာလဲ"

ဘုရား! ကျော့်ကို သတိထားမိသွားသလား။ သူဝင်လာတာကို တစ်ချက်မှမော့မကြည့်ဘဲ ထိုင်ခုံမှာဝင်ထိုင်ကာ မိတ်ဆက်

လိုက်မှသာ တစ်ခါလေးလှည့်ကြည့်မိတာပါ။

ဘယ်လိုလဲ၊ စာအုပ်ထဲက စုံထောက်ဇာတ်လိုက်များ အပြင်ကိုခုန်ထွက်လာလေသလား။

"ကျော်"

"ရှင်! ဟင်"

"ဒီကိုလာထိုင်"

"ရပါတယ်မမရဲ့"

"လာထိုင်လိုက်ပါ၊ မမ အစကတည်းက ပြောသားပဲ။ လာပါ"

သေစမ်း! ကိုယ်က အနောင့်အယှက်ဖြစ်မှာစိုးပြီး တစ်ဖက်ဝိုင်းမှာ ထိုင်ပါတယ်ဆိုမှ လာထိုင်ဖို့ပြောရတယ်လို့။ ဖတ်လက်စစာအုပ်တစ်ဖက် ကော်ဖီခွက်တစ်ဖက်ကိုင်၍ ထရပ်လိုက်စဉ် ကျော့်ကော်ဖီခွက်ကို ကူသယ်ပေးသည့်လူက သူဖြစ်နေလေသည်။

"ကျေးဇူး"

တီးတိုးလေသံက အပြင်ကိုသိပ်မထွက်။ မမနှိုးနှိုးက စကားကို တိုးတိုးသာသာပြောတတ်တာမို့ ကျော့်လေသံကို ထိန်းပြောတတ်တာပါလေ။ သူက ကျော့်ကော်ဖီခွက်ကို မျက်နှာချင်း





ဆိုင်နေရာမှာ ချလိုက်သဖြင့် မမနှိုးနှိုးဘေးမှာ ထိုင်လိုက်ရပါ၏။

"ရဲရင့်မာန်ပါ"

လက်ကမ်းပေးနေတာမို့ အံ့သြသွားရပါ၏။ ကျော့်တစ်သက် အဲဒီလိုလက်ဆွဲနှုတ်ဆက်ပြီး မိတ်ဆက်တဲ့လူမျိုး တစ်ဦးတစ်ယောက်မှမရှိခဲ့ပါချေ။ အားနာ မျက်နှာပူနေရပါတယ်ဆိုမှ တစ်မျိုးများထွင်လေသလား။

"ဟုတ်ကဲ့၊ နိုင်ကျော်အောင်ပါ။ ကျော်က. . ."

"တို့ cousin ပါ ကိုရဲရင့်မာန်"

"သြော်. . . ဒါကြောင့် ရုပ်သိပ်မဆင်တာကိုး"

Driver ပါလို့ပြောရန် ပြင်လိုက်စဉ် မမနှိုးနှိုးဖြတ်ပြောလိုက်တာမို့ ငြိမ်လိုက်ပါ၏။ ကျော်သိမ်ငယ်မှာကိုပဲ စိုးလို့လား။ သို့တည်းမဟုတ် ကိုယ်တိုင်မမောင်းဘဲ driver ထားတာကို သိမှာစိုးလို့ပဲလား။ ကျော် နားမလည်ပါလေ။

"စာဖတ်တာ ဝါသနာပါတယ်ပေါ့လေ"

"ဟုတ်ကဲ့"

"ဝင်လာကတည်းက သတိထားမိတာ၊ ဇာတ်ရှိန်မြင့်နေလို့ ခေါင်းတောင်မဖော်ဘူး။ သဲကြီးမဲကြီးကို ငုံ့ဖတ်နေတာပဲ"

အီလည်လည်ဖြင့် ပြုံးလိုက်မိ၏။ ပြဿနာပဲ၊ နှစ်ယောက်

သား စကားဝိုင်းကနေ ကျော်နဲ့သူ့စကားဝိုင်းဖြစ်လို့ ဘယ်ဖြစ်ပါ့မလဲ။ မဟုတ်ဘူးလား။ မမနှိုးနှိုးကို အားနာစွာဖြင့်ကြည့်လိုက်စဉ် နားလည်ဟန်ဖြင့် ခေါင်းအသာညိတ်ပြလေ၏။ တော်ပါသေးရဲ့။ စိတ်ခုပုံမရလို့။

"ဘွဲ့ယူပြီးလောက်ပြီပေါ့"

"ဟုတ်ကဲ့"

"ဘာနဲ့ကျောင်းပြီးတာလဲ"

"Psyco... "

"အားပါး! အခု ဘယ်မှာလုပ်နေလဲ"

ကဲ! အခုမှပဲ Interview လာဖြေသလိုမျိုး ဖြစ်နေတာပါလေ။ ကျော်မဖြေလို့မရတော့ဘူး မမနှိုးနှိုးရေ။ လိမ်ညာဖုံးကွယ်တာမျိုး မလုပ်တတ်သူမို့ ဘယ်လောက်ပဲ ကာကွယ်ထားပါစေ ကျော်ပြောရတော့မှာပါပဲ။

"ကျော် driver လုပ်တယ်၊ အချိန်ပိုင်းပေါ့။ မမနှိုးနှိုးတို့အိမ်မှာပါ"

"ဘယ်လို"

သူအံ့သြသွားရလေ၏။ မေမြတ်နိုးခင်က အားနာဟန်ဖြင့် မျက်လွှာချသွားလေသည်။ ဒရိုင်ဘာတဲ့လား။ ဒါကြောင့်နှ





သူမကို တခြားဝိုင်းမှာ ထိုင်စေတာပေါ့လေ။ အန်တီဒေဝီထိပ်ခေါင်တင်တို့အသိုင်းအဝိုင်းက ဒီလိုပဲအဆင့်အတန်းခွဲတတ်လေသလား။

"ကျော်ကလည်း"

" 'ကျော်'နော်၊ တခြားမှာလုပ်ဖို့ စိတ်ကူးမရှိဘူးလား။ ကုမ္ပဏီတို့ Sales staff တို့"

"ဟင့်အင်း. . . ကျော့်သူငယ်ချင်းလည်း ကုမ္ပဏီမှာလုပ်ဖို့ ခေါ်ပါတယ်။ ကျော်ကိုက မလုပ်ချင်တာပါ။ အခုအလုပ်က အားလပ်ချိန်နားချိန်ရှိလို့ပါ"

သူခေါင်းညိတ်လိုက်ပါ၏။ ကိုယ်အစဖော်မှ စကားပြောသည့်မေမြတ်နိုးခင်ထက် ဤချာတိတ်နှင့်စကားပြောရတာက ပိုအဆင်ပြေနေသလိုနှယ်။ မျက်နှာထက်မှာ သိမ်ငယ်ဟန်မရှိသော်ငြား အားနာစိတ်ဖြစ်နေတာကတော့ အသိသာကြီးပါလေ။

"ကျော့်မှာရော မြတ်နိုးလို ညီမလေးရှိလား"

"ဟင့်အင်း. . . ကျော့်အထက်မှာ အစ်ကိုရှိတာပါ။ အိမ်ထောင်ကျပြီး အခု သင်္ဘောလိုက်သွားပါတယ်"

"မိဘတွေကရော"

"ဖေဖေက, အင်း. . . မရှိတော့ဘူး။ အိမ်မှာ မေမေနဲ့ အန်တီလေးတို့နဲ့အတူနေတာ။ ဒုက္ခပဲ"

"ဘာဖြစ်လို့လဲ"

"ဒီလိုဖြစ်မှာစိုးလို့ တစ်ဖက်မှာထိုင်နေတာကို"

"ဘာဖြစ်လဲ ကျော်ရဲ့၊ စကားပြောဖော်တောင်မှ ဖြစ်သေးတယ်။ ဘာအနှောင့်အယှက်မှမရှိဘူး။ မယုံရင် မြတ်နိုးကိုမေးကြည့်"

ကဲ! ပြောကိုမပြောချင်တော့ပါဘူး။ သူက မမနိုးနိုးကိုပင် တပ်ကူတောင်းလိုက်သေးတာလေ။ လက်ကျန်ကော်ဖီကို မော့သောက်လိုက်တာမို့ ကျော့်ကော်ဖီက အရင်ဆုံးကုန်သွားတော့၏။ မြန်မြန်ပြန်မှ သင့်မယ်ထင်ပါရဲ့။

"ထပ်ယူဦးမလား"

"ဟင့်အင်း. . . တော်ပြီ၊ ကျော် ကားထဲကပဲ"

"ထိုင်ပါဦး ကျော်ရဲ့၊ စကားကောင်းနေတာကို ဘယ့်နှယ် ကားထဲက သွားစောင့်မှာလဲ"

မေမြတ်နိုးခင်ကို အားနာစွာကြည့်လိုက်သည့် မဝှံမရဲ မျက်ဝန်းလေးက ခပ်မှိန်မှိန်ရယ်ပါ။ သူမလက်ကို မေမြတ်နိုးခင်က အသာလှမ်းကိုင်လျက် တားလိုက်လေ၏။ သူကိုယ်တိုင် နှုတ်က တားနေပြီမို့ ထထွက်သွားရမှာ သူမအတွက် ခက်ခဲနေမှန်း သူသိနေပါသည်။





'နိုင်ကျော်အောင်'တဲ့။ နာမည်က ခပ်ရင့်ရင့်ပါပဲလား။ ယောက်ျားကလေးနာမည်ကိုသာ အဖျားဆွတ်ပြောတတ်သည့် အကျင့်က သူမအတွက် ပို၍ပြီးသင့်လျော်နေသလိုပါပဲ။ 'ကျော်' တဲ့ မှန်ကောင်တာပုံးထဲက ဘိုမရုပ်လေးကို အမြင်မှာတွေ့နေရသလိုပါလေ။

"ကျော့်မှာမှ ပြောစရာမရှိတာ"

"ကိုယ့်ဘက်က ရှိနေတယ်လေ"

"အဲ! . . ."

အကျပ်ရိုက်သွားပုံကြောင့် သူသနားမိသွားရပါ၏။ ဒီအရွယ်ဆိုတာ လှချင်ပချင် သွားချင်လာချင် ဝယ်ချင်ဖြုန်းချင်တဲ့ အရွယ်လေးမဟုတ်ပါလား။ အခုတော့ သူများအိမ်မှာ အချိန်ပိုင်း driver လုပ်ရင်း ပျော်နေပါသတဲ့။ အံ့ဩဖွယ်ရာပါပဲ။

"အကူအညီလိုအပ်ရင် ဆယ်သွယ်နိုင်ပါတယ် ကျော်။ ဒီမှာ ကိုယ့် Visiting Card ပါ"

ရွှေအိုရောင်ကတ်လေး ကမ်းပေးနေတာကို အံ့ဩလျက် ကြည့်နေမိ၏။ ဒုက္ခရေ့! တကယ်ဆို မမနိုးနိုးကိုသာ ဒါမျိုးပေးသင့်တာမဟုတ်လား။ ဘယ့်နှယ် ကျော့်ကိုမှလာပေးနေရပါသလဲ။

"ယူလေ"

''ဟိုလေ၊ မမနိုးနိုးကိုပဲ''

''မြတ်နိုးမှာရှိပြီးသားပါ ကျော်ရဲ့''

''ယူလိုက်ပါ ကျော်''

''ပြန်ကြမလား။ ကိုယ် Bill ရှင်းလိုက်မယ်။ နောက်မှ အေးအေးဆေးဆေးထပ်တွေ့ကြတာပေါ့''

''ဟုတ်ကဲ့''

ဟုတ်ကဲ့ကလွဲပြီး ပြောစရာမှမရှိတော့တာကိုး။ အပြင်ရောက်တော့ ကျော်မောင်းသည့်ကားခဲရောင်နှင့်ကပ်ကာ ရပ်ထားသည့်ကားပြာလေးက သစ်လွင်တောက်ပနေတာပါလေ။ သူက ကားပြာလေးပေါ်သို့တက်ကာ ကျော်တို့ကိုလက်ပြနှုတ်ဆက်ပြီး မောင်းသွားလေတော့၏။

''ဘယ်လိုသဘောရလဲ''

''ဟင်! ဩော်. . . ဦးရဲရင့်မာန်ကိုလား''

''အင်း''

''ပြင်းစရာမရှိပါဘူး မမနိုးနိုးရဲ့၊ ရုပ်ရည်လည်း ကြည့်ကောင်းတယ်၊ အရပ်အမောင်းလည်းလှတယ်။ အသားအရေကလည်း ဖိုပြီးလက်တယ်၊ စိတ်သဘောထားလည်းမဆိုးဘူး၊ အလုပ်အကိုင်ကလည်း ပြောစရာမရှိဆိုတော့ Perfect ပေါ့။ Handred





Percents ပဲ။ ရွေးလိုက်. . . သိလား''

ကျော်ထောက်ခံပြောလိုက်သည့်စကားတို့ကို နားထောင်ရင်း နောက်ခန်းမှာထိုင်စီးလျက် မမနိုးနိုး ပြုံးလိုက်လေ၏။ ကျော်ကတော့ လမ်းကျောဝင်ရန်နေရာကို ပြူးပြဲရှာနေရပြီလေ။



## အခန်း (၅)

"ဘယ်လဲ သမီး"

"ကိုသက်တို့အိမ်ကိုပါ မေမေ၊ ဟိုနေ့တုန်းက ကျော့်ကို ကြက်သားပလာတာခေါ်ကျွေးတာလေ"

"အင်း"

"အဲဒါ ကိုသက်မွေးနေ့ မေမေရဲ့"

"ဟောတော်! "

"ကျော်ကလည်း မေ့ကိုမေ့နေတာ၊ အဲဒါ သူဘာလိုချင်မလဲမေးပြီး လိုက်ဝယ်ပေးမလားလို့"

"မိုးမချုပ်ဘူးမဟုတ်လား"

"မချုပ်ပါဘူးမေမေရယ်၊ စိတ်မပူပါနဲ့။ ကျော် စောစော

ပြန်ရောက်မှာပါ''

မေမေ့ကိုခွင့်တောင်းခဲ့ပြီး ရှေ့ခြံကိုကူးခဲ့ပါ၏။ ဒီကောင် ဘာများလုပ်နေမလဲ၊ မတွေ့ဖြစ်တာ နှစ်ပတ်ကျော်နေပြီမို့ ကျော့်ဆီက မွေးနေ့လက်ဆောင်ပေးဖို့များ မေ့နေပြီလား။ အဲဒီနေ့က ကျော့်ကိုပြုံးပြီးကြည့်နေသည့်အကြည့်တို့ကို ပြန်မြင်ယောင်နေမိ၏။ ပြောတော့ပြောချင်ပုံပဲ၊ သို့သော် ကျော်အခက်အခဲဖြစ်သွားမှာစိုးလို့ပဲထင်ပါရဲ့။

''ဟော! သမီးပါလား''

''ကိုသက်ရှိလား အန်တီ''

''ပြန်မရောက်သေးဘူး သမီးရဲ့''

''ဘယ်သွားနေလို့လဲ''

''သား ကုမ္ပဏီဝင်လုပ်နေပြီလေ၊ သမီးကိုမပြောမိဘူးလား''

''ဟုတ်လား''

''အေးလေ၊ သမီးလည်း ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေတာကိုး၊ လာစောင့်ပါလားသမီးရဲ့။ ငါးနာရီခွဲလောက်ဆို ပြန်ရောက်တော့မှာပါ''

ကြည့်စမ်း! ပြောတော့ဖြင့် ဘာမဆို ကျော်နဲ့တိုင်ပင်တယ်





ဆိုပြီး ကုမ္ပဏီဝင်တဲ့ကိစ္စကို ဘာကြောင့်မပြောပါသလဲ။ ခါတိုင်းတော့ အိမ်ကို လှစ်ခနဲရောက်လာပြီး 'ကျော်ရေ. . . ချစ်လေး' ဆိုပြီး အာမြဲကြီးနဲ့လာအော်တတ်ပြီးတော့။ 'ငါအလုပ်ဝင်နေပြီ' ဆိုတဲ့စကားက ပြောဖို့ဘာများခက်မှာလဲ ကိုသက်ရယ်။

''သူအလုပ်ဝင်တာ ကြာပြီလား အန်တီ''

''အင်း. . . သူ့မွေးနေ့ပြီး နှစ်ရက်လောက်မှာပဲ လုပ်မယ်ဆိုပြီး ဝင်လုပ်တာပဲသမီးရဲ့။ လုပ်ပါလုပ်ပါဆိုတုန်းကတော့ ဘာမှမလုပ်ချင်ဘဲ အပျင်းထူနေတာလေ။ လုပ်မယ်ဆိုတာလည်း မြန်းစားကြီးပဲ ထလုပ်ပါရော။ ညနေစာ စားမလားသမီး''

''ကျော်စားပြီးပါပြီ အန်တီ၊ စားပြီးမှထွက်လာတာပါ''

''တစ်ခုခုသောက်မလား''

''နေပါစေ အန်တီ၊ မသောက်တော့ပါဘူး''

ညှော်ခန်းခုံမှာ ထိုင်နေပြီမို့ ထပြန်ဖို့ကလည်း အခက်ပါ။ မိုးမချုပ်ပါဟု မေမေ့ကိုပြောခဲ့တာမို့ သိပ်အကြာကြီးစောင့်လို့မဖြစ်ပါချေ။ လက်မှနာရီကို တစ်ချက်ကြည့်လိုက်စဉ် ညနေ(၅) နာရီ (၄၅)မိနစ်ရှိနေပြီလေ။ ပြန်ရင်ကောင်းမယ်ထင်ပါရဲ့။ ထရပ်လိုက်စဉ် တိုက်ရှေ့မှာ ကားရပ်လိုက်တာမို့ ပြုံးလိုက်မိတော့၏။ မျှော်နေတုန်း ရောက်လာသားပဲ။

"မထွက်တော့ဘူး မောင်စိုး၊ ဂိုထောင်ထဲ တစ်ခါတည်း သိမ်းလိုက်တော့"

အိမ်မှ driver ကိုလှည့်ပြောပြီးမှ တိုက်ထဲဝင်လာသည့် သူက ညှိခန်းမှာစောင့်နေသည့်ကျော့်ကိုမြင်သွားပြီး အံ့သြသွားလေ၏။ ဒီအရွယ်ရောက်မှ သူကသာ ကျော်တို့အိမ်ကိုအလာများပြီး သူ့အိမ်ကို ကျော်က လာခဲတာကိုး။

"ဟာ! အသည်းက ကိုယ့်ကိုလာစောင့်နေတာလား"

"ဟဲ့! ဒီကလေးကတော့လေ"

"ဘာလဲ၊ မတွေ့တာကြာလို့ အရမ်းလွမ်းနေပြီလား"

"သေလိုက်. . . လဲသေလိုက်"

သူက ကျော်ထိုင်နေသည့် ဆိုဖာလက်ရန်းပေါ် လာထိုင်ပြီး ကျော့်ပခုံးကိုဖက်ကာ မှီချလိုက်လေ၏။ အို! အရမ်းကြီးပဲ။ အန်တီ့ရှေ့မှာတောင် ဒီလိုလုပ်ရလား။ နင်အလိုက်မသိပါလား နှစ်သက်ပိုင်။

"ဖယ်စမ်းပါ၊ ချွေးစော်နံ့ကနံ့နဲ့။ ရေချိုးပြီးသား ငါ့ကို နင့်အနံ့တွေ စွဲကုန်မယ်"

"အဲဒီလို လေစိမ်းတွေမတိုက်စမ်းပါနဲ့ ကျော်ရာ"

"ဟုတ်သားပဲ သားရယ်၊ တအောင့်နားပြီး ရေချိုးတော့"





"အပေါ်လိုက်ခဲ့လေ ကျော်၊ ပြောစရာတွေ တစ်ပုံကြီး ရှိနေတယ်မဟုတ်လား"

"မလိုက်တော့ပါဘူး၊ ဒီမှာပဲ"

"လိုက်သွားလေ သမီးရဲ့၊ အပေါ်မှာ ညှိခန်းမှာပဲပြောပြော၊ ဝရံတာထွက်ပြောပြော၊ ရတာပဲကို၊ လိုက်သွားချေ။ ဒါမှ သူ ရေချိုးတာ မြန်မြန်ပြီးမှာ။ သွားသွား. . ."

"ကဲ! ထ"

ဟိုးငယ်ငယ်တုန်းကလိုပဲ မြင်နေကြတုန်းထင်ပါရဲ့။ သူ အတင်းဆွဲခေါ်နေပြီမို့ လိုက်တက်ခဲ့ရပါ၏။ ကျော့်လက်မောင်းကို ဆွဲခေါ်လာပြီး သူက အခန်းထဲထိခေါ်လာတာမို့ မျက်လုံးပြူးသွားရပါသည်။ အလန့်တကြားဖြင့် ရုန်းလိုက်မိပါ၏။

"ဒါက ဘာဖြစ်တာလဲ"

"ဖယ်ပါ"

"ကျော်"

"ဘာလဲ"

"နင် ငါ့ကိုကြိုက်နေပြီလား"

"ဘာ!"

"အေး. . . အဲဒီလိုလုပ်စမ်းပါ၊ နင့်စိတ်ထဲမှာ ဘာညာ

သာရကာမဖြစ်ရင် ငါ့အခန်းထဲ နင်မဝင်ရဲစရာမရှိပါဘူး။ လာ"

"ကောင်စုတ်"

သူက ရေလဲပုဆိုးနှင့် Towel ကိုယူကာ Bathrcom ထဲဝင်သွားလေ၏။ သူ့အခန်းကို အနှံ့တီ ဝင်ရှင်းပေးထားတာ ထင်ပါရဲ့၊ ရှင်းသန့်နေသလို အိပ်ရာခင်းများဆီမှ ပရုတ်လုံးနံ့က တသင်းသင်းနှဲ့ပါလေ။ မှန်တင်ခုံမရှိပေမယ့် ကုတင်ဘေးစားပွဲပေါ်မှာ ယောကျ်ားလေးအသုံးအဆောင်အချို့ ရှိနေလေ၏။

ဗီရိုမှာ မှန်အကြီး(တစ်ကိုယ်လုံးကြည့်မှန်) ပါတာမို့ မှန်ထပ်မထည့်ထားတာပဲဖြစ်ပေမည်။ စားပွဲအောက် ထိုးထည့်ထားသည့် ကျောမှီခုံဆုံလည်ခုံကို အသာဆွဲထုတ် ထိုင်လိုက်ပါ၏။ စားပွဲထက်မှာ Lab Top ရှိပြီး ကုတင်တစ်ဖက်ဘေးမှာ CD Player ရှိကာ အခန်းထဲ Tv မထားပါချေ။

CD ချပ်များ တင်ထားသည့်စင်ဘေးမှာ Photo sta-nd လေး ထောင်ထားတာမို့ ယူကြည့်လိုက်မိ၏။ ကျော့ကိုနောက်မှ သိုင်းဖက်ကာ ပါးကိုမွှေးမွှေးပေးနေသည့်ကောင်လေး။ ဒါ မှ ကြို့တက်တုန်းက ရိုက်ထားတာဆိုတော့ အသက်လေးနှစ်ခန့်သာ ရှိဦးမှာလေ။ အဲဒီကတည်းက ဒင်းက ကျော့ကို ဒီလိုဒီလိုမွှေးမွှေးပေးလေ့ရှိသည့် ကောင်လေးမဟုတ်ပါလား။





"ဘာလဲ၊ အခုလည်း လိုချင်လို့လား"

"နင်တော့ ငါ့လက်ထဲမှာ သေချင်နေပြီလား"

ရေချိုးခန်းထဲမှထွက်လာလာချင်း စလိုက်တာမို့ ခပ်စွာစွာပြန်ပြောလိုက်မိ၏။ ရေသုတ်ရင်း ထွက်လာတာမို့ အပေါ်ပိုင်းဗလာဖြစ်နေသည့်သူ့ထံမှ အကြည့်လွှဲကာ ပြတင်းပေါက်နား သွားရပ်လိုက်ပါသည်။ သင့်မသင့်မတွေးဘူးတဲ့လား၊ နင့်စိတ်ထဲမှာ ငါ့ကို မိန်းကလေးလို့မြင့်ပါရဲ့လား ကိုသက်ရယ်။

"ဆို. . ."

"ဘာကိုလဲ"

"လာရင်းကိစ္စလေ"

"လာရင်းကိစ္စက၊ အင်း. . . အကြွေးဆပ်မလို့"

"အကြွေး"

"အင်းလေ၊ ဟိုနေ့က ငါ့ကိုမှန့်ခေါ်ကျွေးကတည်းက မွေးနေ့လို့ပြောလိုက်ရင် ဘာဖြစ်မှာမို့လို့လဲ"

"သြော်. . . ဒါလား။ နင်အခုမှလာပြောတော့ အကြွေးက အတိုးတော်တော်တက်နေပြီပေါ့ဟ"

မျက်စောင်းလှည့်ထိုးလိုက်စဉ် သူ အင်္ကျီကြယ်သီးတပ်နေတုန်းမို့ အကြည့်ပြန်လွှဲလိုက်ရပါ၏။ သူကတော့ သူငယ်ချင်း

ရှေ့မှီ ရှက်ဖို့မလိုဘူးထင်နေတာ ထင်ပါရဲ့။ ဘုရားရေ! ကျော့်တက်ကသာ တစ်ယောက်တည်း ဘာလို့ ဒီလိုအတွေးတွေဝင်ပြီး နေနခက်နေပါသလဲ။ သူစလိုက်သလိုမျိုး သူ့ကိုများ. . .

''ကျော်''

''အာ. . . လန့်လိုက်တာ''

''ဘာစဉ်းစားနေလို့ လန့်ရတာလဲ''

ဘောင်းဘီခါးပတ်ပါ ပတ်နေပြီမို့ အပြင်ထွက်မယ့်ပုံပပင်။ ခုနတော့ ကားကိုအပြင်မထွက်တော့လို့ သိမ်းလိုက်ဆိုပြီး ဘယ်လိုလဲ။

''လုံလုံလောက်လောက်ရော ပါရဲ့လား''

''အံမယ်! ငါ့ကိုများ ကပ်စေးနဲ့ထင်နေ''

''Taxi နဲ့ပဲ ဒိုးရအောင်''

''ကြည့်! ကားရှိရဲ့သားနဲ့''

''ကိုယ်တိုင်မမောင်းချင်လို့ပေါ့ကွ''

''ငါမောင်းပါ့မယ်ဟယ်''

''OK! ဒါဖြင့် မာမီ့ကားပဲယူသွားရအောင်၊ Let's go!''

အခန်းထဲမှထွက်ကာ အောက်ထပ်ကိုဆင်းတော့ ဦးဦးပြန်လာပြီမို့ အန်တီကြိုနေတာကို မြင်လိုက်ရလေ၏။ ဒီအိမ်မှ





ကားအများကြီးရှိတာမို့ ကြိုက်တဲ့ကားကို ယူစီးသွားရုံပါလေ။ ကျော်တို့အိမ်မှာတော့ ဖေဖေ့ကားတစ်စီးတည်းရှိတာမို့ ရှိရှိသောသေစီးနေရလေ၏။ (ဖေဖေက ခရီးထွက်ရင်း ကား Accident ဖြစ်ခဲ့ရတာပင်)

''ဟဲ့! ဘယ်တုန်း''

''ကျော့်ကို လိုက်ညှင်းမလို့ မာမီရေ့''

''အပြင်စာတွေ လျှောက်စားဦးမှာလား၊ ညစာစားရတော့မှာနော် ကိုသက်''

''တစ်ခါတလေပဲ သက်ရာ၊ သားကို ကလေးလို့ ထင်နေပြန်ပြီ''

''ကို မသိပါဘူး၊ ဒီကလေးက အမြင့်တို့အိမ်ရောက်တာနဲ့ ထမင်းစားရောပဲ''

''သွားပြီ မာမီ၊ မာမီ့ကား ယူသွားပြီ''

''ဟယ်! ကိုယ့်ကားနဲ့ကိုယ် မသွားဘူး၊ ပြီးရင် ကားမောင်းက ကြမ်းကြမ်းနဲ့''

''ကျော်မောင်းမှာပါ မာမီရာ''

''ဪ. . . ဖြည်းဖြည်းနော် သမီး''

''ဟုတ်ကဲ့ပါ အန်တီ''

နံရံမှာချိတ်ထားသည့်သော့ကိုယူ၍ ကျော့်ထံ ပစ်ပေး လိုက်တာမို့ အမြန်ဖမ်းလိုက်ရပါ၏။ လူကို သူ့ driver များ ထင်နေသလားမသိ။ ကားတံခါးဆွဲဖွင့်ကာ ဇိမ်နဲ့ထိုင်နေတော့တာ ပါလေ။

"ဇိမ်ရှိလိုက်တာကွာ"

"အေးပါ၊ နှင့်ဟာလေးကိုတင်ပြီး မောင်းတဲ့နေ့ ငါတွေ့ ရင်တော့ အလျောင်ခံရပြီသာမှတ်။ ငါအော်ရယ်မှာပဲ"

"ငါ့ဟာလေး"

"အေးလေ"

"ဘယ်မှာလဲ"

"ဘယ်သိမှာလဲ၊ နှင့်လောက် လျှောက်လိမ့်နေတဲ့လူက မျက်စိကျနေတဲ့ မိန်းကလေးတွေ အများကြီးရှိမှာပေါ့။ ငါသိပ် မလား"

"ကျော်"

"ဘာလဲ"

"နင် ၂ ဝင်နေပြီလား၊ မှန်မှန်ပြော"

"လာပြန်ပြီ၊ နင်တော့"

ကားကိုခြံထဲမှထွက်ပြီးကွေ့စဉ် သူ့လက်မောင်းကို လှမ်း





ဆိုးလိုက်မိ၏။ လူကိုမထိတထိ စလိုက်ရမှ ကျေနပ်တယ်ထင်ပါ ရဲ့။ ကုမ္ပဏီဝင်နေပြီမို့ သူ့ကို ဣန္ဒြေရှိပြီး Gentleman ဖြစ်မနေ ပြီထင်နေတဲ့စိတ်က ပျောက်သွားရပြီလေ။

"ကျော်စွာတို့နဲ့ တွေ့ဖြစ်သေးလား"

"ဘယ်တွေ့ပါတော့မလဲ၊ နင်ကမှ ငါ့ထက်အချိန်ရသေး တယ်။ အားရင် သူတို့ဆိုင်သွားကြည့်ပေါ့"

"နင်ကမှ Phone နဲ့ဆက်သွယ်နိုင်သေးတာပါ ကိုသက် ရာ"

"ခုထိ Phone မလုပ်သေးဘူးလား"

"ဘာလုပ်မှာလဲ၊ အန်တီဒေဝီတို့ဆက်သွယ်ရင် အိမ် Phone ကိုပဲဆက်တာပဲဟာ။ မလိုပါဘူးဟာ"

"ငါဝယ်ပေးမယ်လေ"

"မဝယ်ပါနဲ့၊ မလိုချင်ပါဘူးဆိုနေမှ"

"ရပြီ၊ ရှေ့နားမှာပဲရပ်လိုက်"

Super market ကြီးရှေ့မှာ ရပ်နိုင်းလိုက်တာမို့ နေရာ ရှာပြီး ရပ်လိုက်ရပါ၏။ Phone ရှိနေရင် သူငယ်ချင်းတွေ တဂွမ် ဂွမ်ခေါ်တတ်မှာမို့ ကျော့်အတွက် စိတ်အနှောင့်အယှက်ဖြစ်ရမှာ လေ။ အားတဲ့အချိန် မေမေ့ကိုကူစရာမရှိရင် အိပ်ရာထဲဇိမ်နဲ့နှပ်

ပြီး စာအုပ်လေးနဲ့ငြိမ့်ရတာလောက် ဇိမ်ရှိတာ ဘယ်သူများသိကြလို့လဲ။

"ဘာလိုချင်လဲ"

"လိုက်မှာသာ လိုက်ခဲ့စမ်းပါဟာ၊ ဘာလဲ! ကပ်စေးနဲနေပြီလား။ ဈေးများသွားရင် ငါစိုက်မှာပေါ့ဟ"

"အဲဒါဆို ငါဝယ်ပေးတာ ဘယ်ဟုတ်တော့မှာလဲ"

သူက ခပ်တိုးတိုးရယ်ရင်း ကျော့ပခုံးကိုအသာဖက်ကာ စကလေ့လောကားဖြင့် တက်ခဲ့လေ၏။ ညဦးပိုင်းပေမယ့် ဆိုင်ထဲမှာ လူအတော်များများရှိနေပါသည်။ လူတွေကိုရှောင်လိုက်၊ ကျော့ပခုံးကိုဆွဲလိုက်နှင့်မို့ ကောင်မလေးတွေ၏ ကွက်ကြည့်ကွက်ကြည့် အပြုံးက ကျော့စိတ်ကို မရိုးမရွဖြစ်စေတာအမှန်ပါ။ ခင်းလုပ်တာနဲ့ ငါ့ကို စုံတွဲလို့မြင်ကုန်ပြီထင်ပါရဲ့။

"ရပြီ"

လျှပ်စစ်ပစ္စည်းတန်းမှာ ခြေစုံရပ်လိုက်တာမို့ မျက်လုံးပြူးသွားရပါ၏။ အလိုလေး! ဒီပစ္စည်းတွေက အကုန်သိန်းချီတန်တဲ့ပစ္စည်းတွေလေ။ ဒီကောင်တော့ ကျော့ကို လခပြုတ်အောင်နှိပ်စက်ပြီထင်ပါရဲ့။

"ဒါလေးပြပါ"



သူလက်ညှိုးညွှန်လိုက်သည်က Ear Phone ဖြစ်နေပါ[illegible]။ တော်ပါသေးရဲ့၊ ကျော်တို့အုပ်စုက သီချင်းနားထောင်ရ[illegible] ကို အကုန်သဘောကျတာပါ။ စာဖတ်တာကို ကျော်နဲ့ကျော်စွာသာ ဝါသနာပါပြီး ကျန်သူငယ်ချင်းလေးယောက်ကတော့ Internet ကိုင်တာသာ အလေ့အကျင့်ဖြစ်နေတာလေ။



## အခန်း (၆)

“မမကျော်”

“အင်း. . . ပြော”

ကားမှန်ကို ပိုကြည်စေရန် တိုက်နေစဉ် ပုံပုံက ကျော့အနီးသို့ ရောက်လာလေ၏။ နောက်တစ်ပတ်ဆို မိသားစုလိုက် ပုဂံညောင်ဦးဘုရားဖူးထွက်ကြမှာမို့ လိုအပ်တာတွေ ထွက်ဝယ်နေတာပါလေ။ ကျော့ကိုခေါ်ပေမယ့် ကျော်က မေမေနဲ့မခွဲနိုင်တာမို့ ဘယ်ခရီးမှမသွားဖြစ်ပါ။

“မမကိုလိုက်ပို့တုန်းကလေ”

“အင်း”

“အဲဒီလူကြီးကိုတွေ့ခဲ့တယ်မဟုတ်လား”

''ဘယ်သူလဲ၊ ဩော်. . . သိပြီ ဦးရဲရင့်မာန်ကိုပြောတာလား''

''ဟုတ်တယ်၊ အဲဒီတစ်ယောက်''

''သူက ဘာဖြစ်လို့လဲ၊ ဘာလဲ. . . မမနိုးနိုးနဲ့ Engage လုပ်ဖို့ OK! တဲ့လား''

''ကျစ်! ဘယ်ကသာ''

သက်လုံးပုံက နှာခေါင်းရှုံ့ပြကာ ကားစက်ဖုံးကို မှီရပ်လိုက်လေ၏။ ကားသန့်ရှင်းရေးကို ကိုအေးလုပ်ပြီးပေမယ့် အချောသပ်ကိုတော့ ကျော်လုပ်နေကျမို့ ပြီးအောင်လုပ်နေမိပါသည်။ ဒီနေ့ကတော့ ကျန်တဲ့ပစ္စည်းတွေပဲဝယ်မှာမို့ ညီအစ်မနှစ်ယောက်နဲ့အတူ ထွက်ရမှာလေ။

''အဲဒီလူကြီးက မမကိုမှမကြိုက်တာ''

''ဟယ်! ဘာလို့လဲ၊ အဲဒီလိုကြီးပြောသလား''

''အဲလိုပေါ်တင်ကြီးတော့ မပြောဘူးပေါ့။ Phone ထဲမှာပဲ မမကိုခင်ပါတယ်လို့ပြောတာ။ မမက ဒီလောက်နဲ့သဘောပေါက်တယ်တဲ့''

''ဖြစ်ရလေ''

တကယ့်ကို ကျော်စိတ်မကောင်းဖြစ်ရတာပါ။ ဘာမှပြော



ရောမရှိအောင်ကို ချွင်းချက်မမြင်တဲ့လူတစ်ယောက်မို့ မမနိုးနိုးနဲ့ နီးစပ်တော့ဘူးဆိုတဲ့သတင်းမဟုတ်ပါလား။ 'ဘယ်လိုသဘောရသလဲ'ဆိုတဲ့မေးခွန်းကိုက သူ့အပေါ် မမနိုးနိုးဘက်က သဘောကျတဲ့အရိပ်ကို ကျော်ကိုယ်တိုင်သိခဲ့ရတာပါလေ။

''အဲလူကြီးက မမကျော်ကို မြင်သွားတာဆို''

''အဲ! ဟုတ်တယ်လေ၊ အဲဒီနေ့က တွေ့လိုက်တာပဲ''

''ဒါနဲ့ပဲ မမကိုမကြိုက်ဘဲ မမကျော်ကို မျက်စိကျသွားရောလား''

''ဘယ်လို''

''ဟုတ်တယ်၊ မမဆီ Phone ဆက်တုန်းက ကျော်ဘယ်မှာနေတာလဲလို့မေးကတည်းက မမမျက်နှာပျက်သွားတာအသိသာကြီး''

ဘုရား! ကျော်တော့ ပုံပုံတို့မိသားစုရဲ့ရန်သူဖြစ်တော့မှာပါလား။ ပုံပုံကိုလှည့်ကြည့်တော့ ကျော့်ကိုရန်လိုပုံမရပါချေ။ ဒီလိုပဲ အစ်မဖြစ်သူခံစားရသမျှ လာပြောပြနေပုံပါပဲ။ ဘယ်လိုလဲ၊ ဦးရဲရင့်မာန်ကို မမမေမြတ်နိုးခင်ဘက်က စိတ်ယိုင်နေပြီဆိုတာ သေချာနေပြီထင်ပါရဲ့။

''အဲဒါက ဒီလိုပဲ စကားပြောစရာအကြောင်းရှာတာမျိုး

ပဲဖြစ်မှာပါ ပုံ့ပုံ့ရဲ့။ ပုံ့ပုံ့ထင်သလိုမဟုတ်နိုင်ပါဘူး''

''မှားနေပြီ မမကျော့ရဲ့၊ ပုံ့ပုံ့ထင်တာကိုပြောနေတာ မဟုတ်ဘူး။ မမပြောတဲ့အတိုင်း ပြောပြတာပါ''

''ဘာရယ်''

''ဟုတ်တယ်လေ၊ မမကလေ''

''ပုံ့ပုံ့''

''ရှင်''

အိမ်ထဲမှ မမနိုးနိုးထွက်လာပြီမို့ ပုံ့ပုံ့လန့်သွားလေ၏။ ကလေးသာသာအရွယ်မို့ အိမ်မှာပြောသမျှ ကျော့ကို ဖောက်သည်ချနေတာကိုး။ တကယ်ဆို အတွင်းရေးကိစ္စတွေကို ကျော့သိအောင် ပြောပြစရာမှမလိုတာလေ။

''ဘာတွေလျှောက်ပြောနေတာလဲ''

''ဘာမှမဟုတ်ပါဘူး''

''ပြီးရင်သွားရအောင် ကျော့''

''ဟုတ်ကဲ့''

မမနိုးနိုးမျက်နှာက ခါတိုင်းလို တည်တည်လေးပါပဲ။ ကျော့ကိုမကျေနပ်ဘဲ မှုန်ကုပ်ကုပ်နဲ့ကြည့်တဲ့အကြည့်မျိုးမရှိလို့ တော်ပါသေးရဲ့။ အဲဒီတုန်းက ကားထဲမှာသာ ထိုင်ကျန်ရစ်ခဲ့ရင်





ကောင်းမှာဟု နောင်တမဖြစ်စဖူး ဖြစ်သွားရတာအမှန်ပါ။

''မမကျော့''

''အင်း''

''ဟိုတစ်ယောက် အလုပ်ဝင်နေပြီလား''

''ဘယ်သူ. . . ဪ! ကိုသက်လား၊ ဟုတ်တယ်၊ သူ့အဖေကုမ္ပဏီမှာပဲ ဝင်လုပ်တာ ပုံ့ပုံ့ရဲ့။ တွေ့လို့လား''

''အင်း. . . အဲဒီအစ်ကိုကြီးက ချောတယ်နော်''

ကျော့ပြုံးလိုက်မိပါ၏။ ကိုသက်သာ ဒီစကားကြားလို့ကတော့ မိုးနဲ့ခေါင်း တက်ဆောင့်တော့မှာလေ။ ဒင်းက အမြှောက်ကြိုက်ပါဘိသနဲ့။ ပုံ့ပုံ့အရွယ်လေးက စိတ်ကစားတတ်တဲ့အရွယ်မို့ မျက်စိရှေ့ ရှိသမျှအရာအားလုံးကို စိတ်ဝင်တစားရှိတတ်တာပါလေ။

''မမကျော့နဲ့ဘာလဲ''

''ဟယ်! ဒီကလေးကတော့ စပ်စပ်စုစုနဲ့။ တကယ်ပဲ''

''ဘာဖြစ်သလဲ မမရဲ့၊ ဒါလေးမေးတာကို''

မမနိုးနိုးက ဝင်ဟန့်လိုက်ပေမယ့် ပုံ့ပုံ့က ပြောမရပါလေ။ တကယ်ပဲ သိချင်တာလား၊ ဒါမှမဟုတ် အစ်ဖြစ်သူစိတ်ဝင်စားသည့် ဦးရဲရင့်မာန်နှင့်ကျော့ကို မပတ်သက်စေချင်လို့ တမင်မေး

တာလည်း ဖြစ်နိုင်ချေရှိနေတာပါလေ။

"ကျော်နဲ့ကိုသက်က ငယ်သူငယ်ချင်းတွေပါ ပုံ့ပုံ့ရဲ့။ ပုံ့ပုံ့တို့ ဒီကိုပြောင်းမလာခင်ကတည်းက ကစားဖော်တွေပေါ့"

"မမကျော်တို့ ရည်းစားတွေမဟုတ်ကြဘူးလား"

"ဟဲ့! ကြည့်"

"ဟင်းဟင်း. . . မဟုတ်ပါဘူး ပုံ့ပုံ့ရယ်၊ ဒီတိုင်း သူငယ်ချင်းတွေပါ"

"သိနိုင်ဘူးလေ၊ မမကျော်တို့က တတွဲတွဲနဲ့ကိုး"

"သူများကြိုက်မကြိုက် အလိုက်ကိုမသိဘူး။ မိပုံ့နော်"

"အဲဒီလိုတွဲတိုင်းသာ အတွဲဆိုရင် ကျော်က F4 မင်းသမီးလို လေးယောက်နဲ့တွဲတဲ့သူဖြစ်သွားမှာပေါ့ ပုံ့ပုံ့ရယ်"

"ဟင်! လေးယောက်တောင်"

"ဟုတ်တယ်၊ ကျော်တို့အုပ်စုက ယောကျ်ားလေး (၄) ယောက်နဲ့ ကျော်ဆို (၅)ယောက်ပေါ့။ ကိုသက်ရယ်၊ ကျော်စွာရယ်၊ နန္ဒရယ်၊ သုတရယ်၊ အားလုံး (၅)ယောက်ရှိတာ"

"အဲဒီအစ်ကိုတွေရော ချောလား"

"တွေ့လား. . . ကြည့်"

"ချောတာပေါ့၊ နောက်ကြုံတော့ မိတ်ဆက်ပေးမယ်။





ဟုတ်ပြီလား"

"အင်း"

ပုံ့ပုံ့က ကျော်ပြောတာကို သဘောကျသည့်နှယ် ရယ်လေ၏။ မမနိုးနိုးက ညီမဖြစ်သူကို ပြောမနိုင်ပုံဖြင့် မျက်စောင်းခဲလေတော့သည်။ အန်တီရေးပေးလိုက်သည့်စာရင်းအတိုင်း ဝယ်ရုံမို့ Mart ရှေ့နားမှာ ကားကိုရပ်ပေးလိုက်ပါ၏။ ပစ္စည်းတွေက တို့တိတို့တိနှင့် အများကြီးလိုက်ဝယ်ရမှာမို့ ဝိုင်းကူသယ်ပေးရဦးမှာလေ။ ပုံ့ပုံ့က ဝိုင်းကူဖို့ထက် နှောင့်ယှက်ဖို့သာရှိမှာကိုး။

"ရောက်ပြီ"

"လျှောက်သွားမနေနဲ့နော်၊ ဈေးဝယ်ပြီးချိန်ပြန်မရောက်ရင် စောင့်မှာမဟုတ်ဘူး"

"မမကျော် စောင့်မှာပေါ့"

မမနိုးနိုးကို လျှာထုတ်ပြပြီး ပုံ့ပုံ့က ဆိုင်ထဲအရင်ဆုံးဝင်သွားလေ၏။ တစ်ထပ်မှာဝယ်ပြီးရင် ကားထဲသွားထည့်ထားရမှာ ကျော့်တာဝန်မို့ မမနိုးနိုးနောက်မှ လိုက်ခဲ့ရပါသည်။ ဟိုဒီငေးရင်း လျှောက်ကာလိုက်ခဲ့၏။ ပုံ့ပုံ့ပြောသလို ကိုသက်ကိုစိတ်ထဲမှ သတိရနေမိပါသည်။

တတွဲတွဲတဲ့။ ဟုတ်ပါတယ်၊ ငါးယောက်အုပ်စုမှာ ကျော်

နဲ့ကိုသက်က တစ်လမ်းတည်းနေတာမို့ အများဆုံးတွဲဖြစ်ခဲ့တာပါ။ မုန့်သွားစားစို့ဆိုရင်လည်း လာထား၊ လက်ဖက်ရည်ဆိုင်သွားစို့ဆိုလည်း မငြင်းခဲ့ပါချေ။

စာအုပ်တန်းမွှေရအောင်ဆိုရင်တော့ ပျင်းလို့ဆိုပြီးမလိုက်ချင်ကြပေမယ့် ကျော်နဲ့ကျော့စွာနှစ်ယောက်သားထွက်ရင် သူက အူယားဖားယားနဲ့လိုက်တတ်တာမို့ နောက်နှစ်ကောင်ပါ ငြိမ်လို့မရတော့ပါလေ။

စာအုပ်တန်းမှာရပ်လိုက်ရင်း ပြုံးလိုက်မိပါ၏။ ကျော့စွာနဲ့အတူ စာအုပ်မရွေးဖြစ်တာ ကြာပါပြီကော။

ဒီကောင် ခုတလော ဘာစာအုပ်တွေများ ဖတ်နေမှာပါလိမ့်။ ကိုသက်တို့က သီချင်းလေးနားထောင်ပြီး အိပ်လေ့ရှိပေမယ့် ကျော့စွာနဲ့ကျော်က အိပ်ခါနီး အနည်းဆုံး နာရီဝက်ခန့်စာဖတ်လိုက်ရမှ အိပ်လို့ပျော်တာလေ။ ဒါကြောင့်လည်း နှစ်ဦးသား စာကြည့်မျက်မှန်တပ်နေရပြီကိုး။

"ကျော်"

"ရှင်"

"ဘာ make-up များ သုံးတတ်လဲ"

"ဟင့်အင်း. . . make-up အမျိုးအစားတွေ ကျော်





သိပ်နားမလည်ဘူး မမနိုးနိုးရဲ့။ ဒီလိုပဲ အန်တီလေးဝယ်လာပေးတာကိုပဲ သုံးလိုက်တာ"

"တံဆိပ်မမှတ်မိဘူးလား"

"ဟင့်အင်း. . . Thai က လာတာပဲသိတာ၊ make-up က အရည်လေးပဲ၊ အဲဒါလိမ်းပြီးရင် သနပ်ခါးလူး၊ Puff နှိပ်လိုက်ရင် ပြီးပြီ"

"ကျော်နဲ့တည့်တဲ့ပုံပဲ၊ မျက်နှာလေးက ဘာအဖုအထစ်မှမရှိဘဲ ချောမွတ်နေတာလေ။ နေပူမှာဆိုတော့ Cream ကောင်းကောင်းရှာရမယ်"

မမနိုးနိုးပြောလိုက်တာမို့ ကောင်တာဘေးမှာ ထောင်လျက်သား ကပ်ထားသည့်မှန်ချပ်ထဲသို့ အကြည့်ရောက်သွားရပါ၏။ အဖုအထစ်မရှိဘူးတဲ့။

ဟုတ်သားပဲ၊ ကိုသက်မျက်နှာမှာ ဝက်ခြံပေါက်တိုင်း ကျော် လှောင်ရယ်ခဲ့မိတာလေ။ အဲဒီအခါ မနာလိုဖြစ်ပြီး ကျော့ပါးကို ဒင်းဆွဲလိမ်တာမဟုတ်လား။

"ပို့ပို့ မေးသေးလား"

"ရှင်. . . ဘာကိုလဲ"

"ကျော့အကြောင်း သူမေးတယ်ဆိုတာကိုလေ"

အလိုလေး! ကိစ္စက မပြတ်သေးပါလား။ အလှကုန် ရောင်းသည့်နေရာမှာ ဟိုဒီကြည့်ရင်း စကားစလိုက်တာမို့ ကျော့် ခြေလှမ်းတွေ ရပ်သွားရပါသည်။ သူတဲ့။ မမနီးနီးရဲ့သူမို့ ကျော့် အတွက် ရင်မောစရာဖြစ်ချေပြီကော။

"ကျော် အမှန်အတိုင်းပြောမယ်နော်"

"ပြောလေ"

"ဦးရဲရင့်"

"ရှူး! . . . နာမည်ထည့်မပြောနဲ့လေ"

"အင်း. . . သူ့ကိုစတွေ့ကတည်းက ကျော် စိတ်မဝင်စားတာအမှန်ပါ။ ကျော့်ကိုပေးလိုက်တဲ့ Visiting card တောင် ဘယ်ပစ်လိုက်မိမှန်းတောင်မသိတော့ဘူး။ အမှုမဲ့အမှတ်မဲ့ပဲ မမနီးနီးရဲ့"

သက်ပြင်းရှိုက်သံ ထွက်လာလေ၏။ ရင်မောနေပြီလား တကယ်ဆို ပြည့်စုံလွန်းသူအနေနဲ့ ဒီလိုရင်မောစရာမျိုး ဘာတစ်ခုမှဖြစ်စရာမလိုအပ်တာလေ။ ကိုယ်ချင်းစာမိပါရဲ့။ ကျော့်ကြောင့်တော့ မမနီးနီးကို စိတ်မထိခိုက်စေချင်ပါ။

"ဟိုကကြားရင် ထိုင်ငိုတော့မှာပဲ"

"ဟင်!"





"သူလိုလိုလားလားနဲ့ ပေးတဲ့ကတ်ကို ကျော် မသိမ်းဘူးဆိုတာ သိသွားရင်ပေါ့"

ကျော် ပြုံးလိုက်မိ၏။ မိုးနဲ့မြေပမာ ဝေးကွာလွန်းတာကို မြင်ပါရဲ့လား။ ကြည့်ရင်တော့ နီးနီးလေးမြင်နေရပေမယ့် အဘယ်မျှ မိုင်ချီကွာဝေးသလဲဆိုတာကို ကျော်သာသိနေရတာပါလေ။ Card ကို အမှုမဲ့အမှတ်မဲ့မသိမ်းထားရုံလောက်နဲ့ ဒီလိုဖြစ်စရာမှ မလိုတာဘဲ။

"ကျော်က စိတ်ကူးယဉ်သမားမဟုတ်ဘူး မမနီးနီးရဲ့။ လက်တွေ့သမားပါ။ မနက်ဖြန် ဘာဖြစ်မလဲလို့ ကြိုတွေးတာထက် ဒီနေ့ ငါဘာလုပ်မယ်ဆိုပြီး ထလုပ်တတ်တဲ့လူပါ"

"ဘာကိုဆိုလိုတာလဲ ကျော်"

"ဩော်. . . မိုးပေါ်က လမင်းကိုမျှော်ကြည့်ပြီး ထမင်းဆီဆမ်းရွှေလင်ပန်းနဲ့ ချပေးပါဆိုပြီး အော်ငိုတတ်တဲ့ကလေးမျိုး မဟုတ်ဘူးလို့ပြောတာလေ"

"စကားကလည်း တတ်လိုက်တာ"

"အလွှာလေ မမနီးနီးရဲ့၊ အလွှာကိုပြောနေတာပါ"

"ဘာလဲ၊ သိပ္ပံစာတွေ ရွတ်ပြဦးမလို့လား"

ရင်ဖေ့ါစရာစကားမို့ မမနီးနီးနှင့်အတူ တီးတိုးရောရယ်

လိုက်ပါ၏။ ဦးရဲရင့်မာန်ကိုမဆိုထားနဲ့ ကိုသက်နဲ့တောင်မှ ကျော့် အလွှာချင်းညှိလို့မှ မရနိုင်တာလေ။ အဆင့်အတန်းဆိုတာ လူ့ အတွင်းစိတ်သဘောထားနဲ့သာ အဓိကခွဲခြားရတာမှန်ပေမယ့် ပုထု ဇဉ်တိုင်းက အပေါ်ယံအလွှာနဲ့သာ ခွဲတတ်မှန်း သိနေတာမဟုတ် ပါလား။

"အချစ်မှာ အဲဒီအလွှာဆိုတာတွေက အရေးကြီးလို့လား ကျော်ရယ်"

ညည်းတွားသလိုရေရွတ်လိုက်တာမို့ မမနီးနီးကို ငုံ့ကြည့် လိုက်မိလေ၏။ အတိတ်မှာကျန်ရစ်ခဲ့သည့် ချစ်ဦးသူကိုများ ရည် ညွှန်းလေသလား။ လွမ်းဆွတ်တသဖြစ်နေပါသလား မေမြတ်နိုး ခင်။ ကိုယ်ကမြင့်ပြန်တော့လည်း နိမ့်တဲ့လူကို လက်ကမ်းပေးဖို့ အတွက် အခွင့်မရှိခဲ့ပြန်ပါလားနော်။

ကောင်တာပေါ်တင်ပေးလိုက်သည့် အလှပြင်ပစ္စည်းတွေ ကို ရွေးနေပြီမို့ ခပ်လှမ်းလှမ်းမှာရပ်စောင့်နေလိုက်ပါ၏။ မျက်နှာ လေး ချောမွတ်သည်ဟု ချီးမွမ်းလိုက်တာမို့ မှန်ထဲပြန်ကြည့်ရင်း မျက်နှာကို ဘာရယ်မဟုတ် ပွတ်သပ်လိုက်မိသည်။ အဟုတ်ကို အဖုအပိန့်မထွက်ခဲ့တာ အမှန်ပါပဲ။

ဟိုဘက်အခြမ်းဘက်ကို မှန်ချပ်ထဲမှမြင်လိုက်ရတာနဲ့





ကျော့်တစ်ကိုယ်လုံး တောင့်တင်းသွားရလေ၏။

ကိုသက်ရယ်လေ. . .

မိန်းကလေးတစ်ယောက်နှင့်အတူ Pooh အရုပ်ကြီး ပိုက်ကာ ပြုံးရယ် ပျော်ရွှင်နေကာမဟုတ်ပါလား။



## အခန်း (၇)

"ဟယ်! ခါတိုင်းတော့ မနိုင်းလည်းသွားနေပြီး၊ အခုမှ ဘယ့်နှယ် ကပ်နေရလဲ မိကျော်ရယ်"

"ကျော်မှမသွားချင်တာ အန်တီလေးရ"

အန်တီသက် ချုပ်နိုင်းသည့်အင်္ကျီသုံးစုံလုံး ပြီးပြီဆိုပြီး ပို့နိုင်းနေသည့်အန်တီလေးကိုကန့်ကွက်ကာ ပေကပ်ကပ်လုပ်နေမေး၏။ ဘယ်သွားရဲမှာလဲ၊ ဟိုကောင်က ကျော့ကိုမြင်တာနဲ့ ကြွားတော့မှာလေ။ လမ်းမှာ မတော်တဆကြုံရင်တောင် ကျော်က ဦးဆုံးမြင်ရင် အရင်ဆုံးကြိုရှောင်နေတာ ကြာနေပြီပဲ။

"ဘာဖြစ်နေပြန်တာလဲ ဒီတူအရီးတွေ"

"ဒီမှာလေ၊ မမသမီးကို မမသက်တို့အိမ် ပစ္စည်းသွား

ပို့နိုင်းတာ မသွားချင်ဘူးပြောနေလို့"

"ဘာလို့မသွားချင်တာလဲ၊ ဘာလဲ! ကိုသက်နဲ့စကားများထားပြန်ပြီလား။ ဒီကလေးတွေကတော့လေ"

"စကားများတာတော့ မဖြစ်နိုင်ဘူးမမရေ့၊ ကိုသက်စိတ်ကောက်ရင် ဆယ့်ငါးမိနစ်တောင်ကြာလို့လား"

"ဟုတ်သားပဲ၊ ဘာဖြစ်ထားကြပြန်တာတုန်း"

ပြဿနာပဲ။ သူနဲ့မတွေ့ချင်လို့ပါဆိုနေမှ လူကို အတင်းလိုက်ကျပ်နေတော့တာလေ။ ဒီနေ့က ပိတ်ရက်ဆိုတော့ အိမ်မှာလူစုံတက်စုံရှိကြမှာ။ 'နင့်ဟာလေး'လို့ပြောမိတဲ့ ဒီပါးစပ်ကို ပိတ်ရိုက်ချင်တော့တာပါပဲ။ တကယ်တမ်း သူ့ကို မိန်းကလေးတစ်ယောက်နဲ့အတူ ရယ်ရယ်မောမောတွဲတွေ့လိုက်ရတော့ ကျော့တစ်ကိုယ်လုံး အေးစက်တောင့်တင်းပြီး ငိုချင်သလိုဖြစ်သွားရတာမဟုတ်ပါလား။

အလကားကောင်၊ သစ္စာဖောက်၊ တကယ်ဆို ကျော့ကိုတော့ တိုင်ပင်သင့်တာပေါ့။ ငါစိတ်ဝင်စားတဲ့သူ တွေ့နေပြီလို့ ကြိုပြောထားရင် ကျော့ခံစားရတာ နည်းနည်းသက်သာနိုင်မှာလေ။ ခုတော့ လက်မောင်းချင်းချိတ်ပြီး ဟင်း! မပြောလိုက်ချင်ဘူး။

"တောက်!"





"ဟဲ့! လူကြီးကို တက်ခေါက်ရလား"

"မဟုတ်ဘူး အန်တီလေးရဲ့၊ ကန်တော့ ကန်တော့ပါ။ တွေးရင်းနဲ့ ဒေါသထွက်လာမိလို့ပါ"

"ဘယ်သူ့ကိုလဲ"

"ကျော့ကိုယ်ကျော့ပါ မေမေရဲ့"

"ဩော်. . . ငါ့သမီးတော့ ရူးပြီလား။ ကိုသက်နဲ့မခေါ်လည်းနေပေါ့။ နင့်အန်တီလေး ပို့ခိုင်းတာ သွားပို့ပြီး မြန်မြန်ပြန်ခဲ့လည်း ရတာပဲကို။ သွားပေးလိုက်. . . သွား"

ဟုတ်တယ်၊ ရူးပြီမေမေရေ့။ ရူးချင်ချင်ကိုဖြစ်နေတာ။ ကျော့စွာတို့ သိနေပြီလား။ သိချင်သိမှာပေါ့။ ခင်းတို့က ညတိုင်း Phone ပြောနေကျကို။ သူတို့ပြောတိုင်း မိန်းကလေးအကြောင်းတွေချည်းလေ။ အလကားကောင်. . . နာဘူးကောင်။

"ဟယ်! မထဘူးလား"

"ထပြီ ထပြီ. . . တကယ်ပဲ၊ နားရက်လေး အေးအေးလူလူမနေရဘူး"

"အလိုတော်! တစ်မနက်လုံး ဆိုဖာပေါ်လှဲပြီး အခွေကြည့်နေတဲ့လူကများ ပြောရတယ်ရှိသေး။ သွားလက်စနဲ့ ဒါလေးပါ ယူသွားပေးဦး"

''အဲဒါက ဘာလဲ''

''သရက်သီးသနပ်လေ၊ နင့်ဦးဦးက ဈေးထဲက သနပ်တွေမကြိုက်လို့ မေမေ့ကိုလုပ်နိုင်းတာ ရပြီလို့ မသက်ကိုပြောထားပြီးပြီ။ ယူသွားပေးလိုက်ချေ''

ဟွန်း! လူကို နိုင်းကောင်းကောင်းနဲ့ နိုင်းနေကြပြန်ပါပြီ။ သွားဆိုတော့လည်း သွားရမှာပေါ့လေ။ ဒီမျက်နှာကို ဘယ်ကာလအထိ ဝှက်ထားလို့ရပါ့မလဲ။ တစ်ရက်တော့ ကြုံရဦးမှာပဲဟာ။ စိတ်တိုတယ်နော်. . . စိတ်တိုတယ်။

မေမေက Holid ပုလင်းထဲမှာ သရက်သီးသနပ် သေချာထည့်ပြီး လေလုံအောင် Plastic အိတ်ဖြင့် ကြားခံပြီးမှ အဖုံးပိတ်ပေးထားပါ၏။ ကျွတ်ကျွတ်အိတ်ပျော့လေးထဲ ထည့်ပေးလိုက်သည့်ပုလင်းကို တစ်ဖက်ကကိုင်၊ အန်တီလေးပေးလိုက်သည့် အကျီထုပ်ကို တစ်ဖက်ကပိုက်ကာ ရှေ့ခြံသို့ထွက်လာခဲ့ပါသည်။

ငါလာပြီ ကိုသက်ရေ့၊ နင်ကြွားချင်လည်း စိတ်ကြိုက်သာ ကြွားပေတော့။

''သမီးပါလား။ လာလာ''

''ဘာတွေလဲ သမီးရဲ့''

''ဦးဦးမှာထားတဲ့ သရက်သီးသနပ်နဲ့ အန်တီချုပ်နိုင်းထားတဲ့အထည်တွေ လာပို့တာပါ''





''သရက်သီးသနပ်? ဟာ! အသက်က ဘာလို့ မြင့်ကိုလုပ်နိုင်းရတာလဲ။ အားနာစရာကောင်းနေပြီ''

''ကိုပဲ အမြင့်လက်ရာပဲ ကြိုက်လို့ဆို။ ဈေးထဲက လုပ်ရောင်းတာ မကောင်းဘူးဆိုပြီး သူ့ပဲအမျိုးမျိုး''

''မြင့်အလုပ်ရှုပ်မှာပေါ့ အသက်ရဲ့''

''မရှုပ်ပါဘူး ဦးဦးရဲ့၊ မေမေက လုပ်နေကျပါ''

''ခြံထဲက သရက်သီးကို အခြောက်ခံပြီး ပေါင်းထားလို့ လတ်ဆတ်တာ ကိုရေ့။ သိရဲ့လား''

''သိရင်လည်း ကိုယ့်ဘာသာလုပ်ပါလား''

''ဩော်! မလုပ်တတ်လို့ အမြင့်ဆီ အကူအညီတောင်းရတာပေါ့ရှင်။ တကတည်း. . . မပြောလိုက်ချင်ဘူး။ လာ, သမီး''

ဦးဦးနှင့်အန်တီ စကားများသလိုဖြစ်သွားရတာမို့ အားနာသွားရပါ၏။ မေမေကလည်း ဦးဦးအိမ်မှာရှိချိန်မှ ပို့နိုင်းရတယ်လို့။ ငေ့ဝဲကြည့်လိုက်ပေမယ့် သူ့ကိုအရိပ်တောင်မှမမြင်ရသဖြင့် သက်ပြင်းခိုးရှိုက်လိုက်မိပါ၏။ တော်ပါသေးရဲ့။

''သားရော သမီးဦးဦးပါ သရက်သီးသနပ်သိပ်ကြိုက်တာကွယ့်။ အမြင့်ကိုပြောလိုက်ပါ၊ ကျေးဇူးအများကြီးတင်ပါတယ်

လို့နော်''

''ဟုတ်ကဲ့ပါ အန်တီ''

''သနပ်ဖိုးက ဘယ်လောက်တဲ့လဲ''

''မသိဘူး အန်တီ၊ မေမေက ဒီလိုပဲပေးလိုက်ဆိုလို့ပါ''

''မဟုတ်တာ၊ နောက်မှ Phone ဆက်မေးဦးမှပါပဲ။ အင်္ကျီချုပ်ခကိုတော့ အခုတစ်ခါတည်းရှင်းပေးလိုက်မယ်။ တင်တင့်ကို တစ်သောင်းပေးလိုက်တယ်လို့နော် သမီး''

''ဟုတ်''

''တင်တင်က Fit ဖြစ်မဖြစ် ဝတ်ကြည့်ပြီးပြောခိုင်းတယ် မဟုတ်လား။ စောင့်ဦးနော် သမီး''

အန်တီက မီးဖိုခန်းထဲရှိ နံရံကပ်ဗီရိုထဲမှာ သရက်သီးသနပ်ပုလင်းကို ထည့်သိမ်းလိုက်လေ၏။ ပြီးနောက် အထည်ထုပ်ကို အသာဖွင့်ကြည့်လိုက်ပါသည်။

''ဝတ်ကြည့်မှပါပဲ၊ သမီးလိုက်ကြည့်ပေးလေ။ လာ''

ဟော! ခေါ်ပြန်ချေပြီ။ ဒီသားနဲ့ဒီအမေကတော့ ကျော့်ကို အိပ်ခန်းထဲထိခေါ်နေတော့တာပါပဲလား။ အန်တီခေါ်ရာ အပေါ်ထပ်သို့ လိုက်တက်ခဲ့ရပြီး အိပ်ခန်းထဲပါခဲ့ရလေ၏။ လှေကားထိပ်မှ သူ့အခန်းကိုဖြတ်ခဲ့ရစဉ် တစ်ချက်လှမ်းကြည့်မိပါသည်။ မရှိ





ဘူးထင်ပါရဲ့။

''အတော်ပါပဲနော်၊ မကျပ်ဘူးမဟုတ်လား''

''ဟုတ်ကဲ့''

''ဘယ်အရောင်နဲ့ ပိုလိုက်လဲဟင်''

''အဲဒီပုစွန်ဆီရောင်လေးနဲ့ ပိုလှပါတယ် အန်တီ''

''ထင်တယ် ထင်တယ်၊ ပိတ်စဝယ်ကတည်းက ကိုသက်လည်းပြောသေးတာ။ ဒီလိုတွဲဝတ်ရမှာလေ သမီးရဲ့။ လိုက်တယ် မဟုတ်လား''

လုံခြည်အသစ်ကိုမဝတ်ဘဲ ကပ်ပြလိုက်တာမို့ ခေါင်းအသာညိတ်ပြလိုက်ရပါ၏။ ဇာစကပင် တစ်ကိုက် သုံးသောင်းကျော်မှာ။ လုံခြည်ကလည်း ကိုမိုနီအစစ်မို့ အေးပြီး အိနေတာပါလေ။ ဒါလည်း တစ်ကွင်းကို နှစ်သောင်းသုံးသောင်းရှိတာပဲမဟုတ်ပါလား။ ချုပ်ရင်းပြောပြသည့် အန်တီလေးကြောင့် သိရတာပင်။

''သားတို့စေ့စပ်မယ့်နေ့ကျရင် အန်တီ့ကို အင်္ကျီလာရွေးပေးရမယ်နော်''

''ရှင်!''

''အို! သမီးကို မပြောရသေးဘူးလား''

''ဘာကိုလဲဟင်''

အန့်တီက အကျီပြန်လဲဝတ်ရင်း ကျော့်ကိုလှည့်ကြည့်လိုက်လေ၏။ မျက်နှာမပျက်ရလေအောင် အတတ်နိုင်ဆုံး ဣန္ဒြေဆည်လိုက်ရပါသည်။ ကာယကံရှင်ကိုယ်တိုင်မပြောတာဘဲ တော်ပါသေးရဲ့။

"ဒုက္ခပဲ၊ သူမပြောရသေးခင် အန့်တီပြောမိတာသိရင် ကောက်ချိတ်က ကောက်တော့မှာပဲ"

ဟုတ်တာပေါ့။ ကိုသက်က ယေင်ယေင်လေးကတည်းက ယောကျ်ားလေးတန်မဲ့ စိတ်ကောက်တတ်တာလေ။ ကျော်စွာတို့ကချည်း သူ့ကို လိုက်လိုက်လျှောလျှောလေးနဲ့ ဆက်ဆံပေးခဲ့ရတာမဟုတ်လား။

"သားမှာ ချစ်သူရှိနေပြီကွယ့်"

နားထဲမှာရော ရင်ထဲမှာပါ ဒိန်းခနဲဆောင့်မြည်သံက အကျယ်ကြီးပါပဲ။ အပြုံးမပျက်ပြောနေသည့်အန့်တီ့အသံက မကြားတစ်ချက် ကြားတစ်ချက်။ ဘယ်လိုလဲ။ အရင်းနှီးဆုံး သူငယ်ချင်းကို ဆုံးရှုံးရတဲ့ခံစားချက်က ဒီလိုပဲလား။ ကျော်ခံစားနေရသလိုမျိုး ဘယ်သူများ ခံစားဖူးပါသလဲကွယ်။

"ချစ်ဖို့ကောင်းတာအမှန်ပဲ၊ ဆံပင်ရှည်ရှည်လေးနဲ့လေ"

ဟုတ်ပါတယ်။ အဲဒီနေ့က ဖျတ်ခနဲတွေ့လိုက်တဲ့ ကောင်





မလေးပဲဖြစ်မှာပါ။ ဆံပင်ရှည်တို့ကို နှစ်ဖက်ခွဲကာ မြင့်မြင့်လေးစည်းထားတာလေ။ ခေါင်းစည်းကြိုးက စတော်ဘယ်ရီသီး နီနီရဲရဲလေးကိုတောင် ကျော်မြင်ခဲ့ရတာပဲ။ ဂါဝန်အဖြူလေးဝတ်ထားပြီး ကြိုးသိုင်းဒေါက်မြင့်လေးနဲ့ ကြွကြွလေး လျှောက်တတ်တာ၊ ဝက်ဝံရုပ်ဝါဝါလေးကိုပိုက်ပြီး သူ့ကိုမော့ကြည့်လိုက်သည့်မျက်ဝန်းအစုံက လင်းလက်တောက်ပနေသည့်ကြယ်လေးပမာလေ။

"သားက အန့်တီတို့ကိုမပြောသေးဘူး သမီးရဲ့။ ဘယ်တော့ပြောမယ်မှန်းမသိလို့လေ။ အန့်တီတောင်မှ သူ့အခန်းဝင်ရှင်းရင်း ဓာတ်ပုံမြင်လို့သိရတာ။ ကိုသက်က မြို့စိစိရယ်၊ သိတယ်မဟုတ်လား"

ဘုရားရေ! ဓာတ်ပုံတဲ့။ ဒါဖြင့် သူ့ကုတင်ဘေးက စားပွဲပေါ်မှာထောင်ထားတဲ့ ကျော်တို့ဓာတ်ပုံကရော ရှိပါတော့မလား။ ကျော့်ဆီမှာရော သူ့ဆီမှာပဲ ဒီဓာတ်ပုံဆင်တူလေး ရှိတာလေ။ အဖြူအမဲမို့ ဆေးသားစိုပြီး 4''× 6'' size ချဲ့ထားတာ ကြည့်နေတာပါပဲ။ အဲဒီပုံနေရာမှာ သူ့ကောင်မလေးကိုများ အစားထိုးပေးလိုက်ပြီလား။

"သမီးကြည့်ချင်ရင် ဝင်ကြည့်သွားလိုက်လေ၊ ဒီမှာ တင်တင့်ကိုပေးဖို့ချုပ်ခဲ့"

အန်တီ ကမ်းပေးလိုက်သည့် ငါးထောင်တန်နှစ်ရွက်ကို ယူ၍ အခန်းထဲမှထွက်ခဲ့ပါ၏။ လှေကားမှဆင်းရန်ပြင်လိုက်စဉ် ခြေလှမ်းတို့က တုံ့ခနဲရပ်သွားရလေ၏။ 'ကြည့်ချင်ရင် ဝင်ကြည့်သွား' တဲ့။ ကြည့်လို့ဖြစ်ပါ့မလား။ အကယ်၍ ကျော်ထင်ထားသလို မျိုး တကယ်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ။

ခြေလှမ်းက သူ့အခန်းဝဆီ အလိုလိုရောက်သွားရလေ၏။ Doorlock ကို လက်ဖြင့်ကိုင်လိုက်ပြီး လှည့်ဖွင့်ရန် ခွန်အား မရှိသလိုနှယ် ခံစားနေရပါသည်။ ဖြစ်ပါ့မလား။ ကြုံလာတဲ့အခြေ အနေကို အမှန်အတိုင်းလက်သင့်ခံနိုင်ဖို့က ပိုအရေးကြီးတာပါ လေ။

"ကလစ်!"

အသံမြည်သွားပြီမို့ တံခါးပွင့်ပြီမှန်း သိလိုက်ပါ၏။ ဘယ်လိုလဲ၊ နင်ကြည့်ဖို့အတွက် သူ့အခန်းတံခါးကိုဖွင့်မိတာပါ နိုင်ကျော်အောင်။ ရင်ဘတ်ထဲမှာ ရှိနေတဲ့ဝေဒနာကို ဘယ်သူကများ သိမှာတဲ့လဲ။ နိုင်ကျော်အောင်ဆိုတာ ငယ်စဉ်ကတည်းက အသည်းမာပြီး သတ္တိရှိတဲ့မိန်းကလေးအဖြစ် ရှင်သန်ကြီးထွားခဲ့တာမဟုတ် ပါလား။

ကြည့်ကြတာပေါ့ နှစ်သက်ပိုင်။ နင်နဲ့ငါကြားမှာ (၅၂၈)





ဆိုတဲ့အဖြူရောင်ကြီးလေးက ခပ်မှုင်မှုင်လေးပဲရှိနေမှန်း ငါအသိဆုံးပါပဲ။ ဒီကြိုးမှုင်က သေးပေမယ့် နှလုံးသားကို ဒဏ်ရာရစေ နိုင်း အခုမှ ငါသိရပါရောလား။

ခြေလှမ်းကိုရွှေ့ပြီး ကုတင်ဘေးသို့ ခပ်ဖြည်းဖြည်းလေး လျှောက်နေတဲ့ခြေလှမ်းမှာ ဒူးတွေက တုန်နေသလိုပါလေ။ စားပွဲနားရောက်စဉ် မျက်ဝန်းကိုစုံမှိတ်ချလိုက်ပါ၏။ နှလုံးခုန်သံက အပြင်ကတောင် ကြားနေရသလို တဒုတ်ဒုတ်နဲ့ အကျယ်ကြီးဖြစ် နေသလိုပါလေ။

"ဟင်!"

မျှော်လင့်ထားသည့်အတိုင်းပါပဲ၊ ကျော်တို့ရိုက်ထားတဲ့ ဓာတ်ပုံနေရာမှာ Photo stand လှလှလေးက နေရာဝင်ယူထားသလို ဓာတ်ပုံထဲမှမိန်းမချောလေး၏အပြုံးက ကျော့်ကို အနိုင်ရလှောင်ပြုံးနေသလို ဖြစ်နေပါရောလား။ အခုတော့ သူငယ်ချင်းထက် ပိုချစ် ပိုခင်တွယ်ရမယ့်သူ တွေ့သွားပါရောလား နှစ်သက်ပိုင်။

စားပွဲအံ့ဆွဲကို အသာဖွင့်ကြည့်တော့ ကျော်တို့ပုံက အံ့ဆွဲထဲမှာ သနားစရာ မှောက်လျက်သားလေး ဖြစ်နေပါ၏။ မကြည့်ချင်တော့ဘူးပေါ့လေ။ ငယ်စဉ်က နင်နမ်းရှိုက်ခဲ့တဲ့ ပါးပြင်ဖောင်း

ဖောင်းလေးက ချစ်စနိုးလေးမှမဟုတ်တော့ဘဲကိုး။ ကစားတာ ဝတော့ အရုပ်လေးတစ်ရုပ်လို ချောင်ထိုးပစ်ထားပြီပဲ။

"ဟော! ဒီတစ်ခါတော့ မခေါ်ဘဲ အလိုလိုရောက်နေတာပါလား"

စားပွဲအနီး ခပ်ကြာကြာရပ်နေမိတာမို့ သူပြန်ရောက်တာကိုပင် မသိလိုက်ပါလေ။ ခြေလှမ်းကိုနောက်ဆုတ်ရင်း အံ့ဆွဲကို ခပ်မြန်မြန်ပိတ်လိုက်မိ၏။ မျက်နှာကိုလည်း မပျက်အောင် ပြင်ရဦးမှာလေ။

"ဘယ်လိုလဲ"

မေးချေပြီကော။ အနားသို့ရောက်လာပြီး ကျော့ပခုံးနှင့်ဖက်ကို နောက်ဘက်မှတည့်စေကာ စားပွဲထက်ရှိဓာတ်ပုံကို မြင်အောင်ပြလေ၏။ နှိပ်စက်လေပြီဟု အပြစ်မတင်ဝံ့။ သူနဲ့ကျော့က သူငယ်ချင်းသာဖြစ်နေတာလေ။

"စန္ဒာတဲ့၊ ငါ့နှလုံးသားရဲ့အသည်းပလ္လင်မှာ နေရာပေးလိုက်တဲ့ နတ်သမီးလေးပေါ့"

ကျည်ခနဲဖြစ်သွားသည့် ရင်တွင်းခံစားမှုက ဒီဂရီအမြင့်ဆုံးပါပဲ။ တင်စားလိုက်တာနော်။ ပြတဲ့လူကပင် ဓာတ်ပုံကိုကိုင်လျက် ပြုံးရင်းစိုက်ကြည့်နေတာမှ တမေ့တမော။





နှင့် သူ့ကို အတော်လေး ချစ်ရှာတာပါလား။

ခြေလှမ်းကိုနောက်ဆုတ်လျက် ခပ်သွက်သွက်ဆင်းလာခဲ့၏။ ပါးပြင်ထက် စီးကျသွားသည့်မျက်ရည်တို့နှင့်အတူ အတင်းဆုပ်ကိုင်ထားသလိုခံစားရသည့်ဝေဒနာတို့ကလည်း အပြင်းအထန်ပါလေ။

***




## အခန်း (၈)

Lift ဖြင့် ကွန်ဒိုတိုက်ခန်းမှ သူဆင်းခဲ့တော့ ညနေ (၄)နာရီကျော်ကျော်ရှိနေပေပြီ။ ဖွင့်ထားသည့်ဆိုင်ကို နှစ်ပတ်မှ တစ်ခါသွားတာမို့ တစ်လကို နှစ်ရက်သာ ရောက်လေ၏။ မန်နေဂျာအဖြစ် ဇာတိတူ ဝမ်းကွဲအစ်ကို ဦးစီးပေးတာမို့ စိတ်ချယုံကြည်ရသည်ကို။

"ဟဲလို"

Phone ဝင်လာတိုင်း နံပါတ်အသစ်လားဟု မျှော်လင့်တကြီး ကြည့်မိတာ အမောပါပဲ။ သို့သော် သူ့မျှော်လင့်ချက်တို့က ပြည့်မလာပါလေ။ အစ်ကိုဖြစ်သူ 'ဘုန်းမြင့်မိုရ်'ဖြစ်နေတာမို့ Phone ဖွင့်လိုက်ရပါ၏။

"ဆိုင်လေးဘာလေးလည်း လှည့်လာပါဦး ရဲရင့်ရ"

"ကိုဘုန်းရှိနေတာပဲ၊ စာရင်းစစ်ပေးရင် တော်ရောပေ့ ဗျာ"

"ကောင်းကွာ၊ မင်းအမေမေးရင် ငါအမှန်အတိုင်းပြော လိုက်မှာနော်။ ဘာမှတ်နေလဲ"

"သဘောပဲဗျာ"

"ဟာ! ဒီကောင် အတော်သတ္တိတွေရှိနေတာပါပဲလား။ အခု ဘယ်မှာလဲ"

"ကားပေါ်တက်တော့မှာ"

"ညစာချက်ပြီးပြီမို့လား"

"ကျွန်တော့်ကို Cook များ ထင်နေသလားဗျ"

"မင်းချက်တာ လက်ရာကောင်းလို့ပါကွာ"

သူပြုံးလိုက်မိ၏။ ကိုဘုန်းလည်း လူလွတ်မို့ သူနဲ့အတူ နေပြီး အခန်းစီစဉ်ပေးထားတာပါ။ အလုပ်ကိစ္စ မျက်နှာလွှဲရတာ မို့ သူ့စိတ်တိုင်းကျ လျှောက်လိမ့်လို့ရတာမဟုတ်လား။ ဟိုမှာ နေရကတည်းက မေမေစီစဉ်ပေးနေတဲ့စီမံကိန်းကြီးကိုရှောင်ပြီး လစ်လာတာတောင် ဟိုကနေ ဒီကိုလှမ်းစီစဉ်ပေးနေတာလေ။

'မေမြတ်နိုးခင်'တဲ့။ နာမည်နဲ့လိုက်ဖက်အောင်ကို ယဉ်





ယဉ်လေးနဲ့ လှပါရဲ့။ တကယ့်ကို အေးစက်စက်ကြီးမဟုတ်၏ လား။ သူက စကားပြောရင် နွေးနွေးထွေးထွေးနဲ့ သွက်သွက် လက်လက်လေး ပြောတတ်တဲ့မိန်းကလေး 'ကျော့'လိုမျိုးကိုပဲ သဘောကျတာပါလေ။

'နိုင်ကျော်အောင်'တဲ့။ နာမည်ဆင်တူမရှိလောက်အောင် ကို ခပ်ဆန်းဆန်းလေး ပေးထားတဲ့နာမည်မျိုးပါပဲ။ လူကရော၊ ဘိုမရုပ်လေးလို ထိုင်ကြည့်ချင်စရာ ချစ်စဖွယ်လေးမဟုတ်ပါလား။ မြတ်နိုးနဲ့သွားတွေ့ပြီး ပြန်လာတုန်းက ကိုဘုန်းမေးခဲ့သည့်အမေး ကို ပြန်တွေးမိလေ၏။

"ဘယ်လိုလဲ၊ ချောလား"

"အင်း"

"ဒါဆို သဘောကျတယ်ပေါ့လေ၊ ငါ အန်တီငယ့်ကို လှမ်းအကြောင်းကြားရတော့မှာပေါ့"

"No!... "

"ဘာဖြစ်လို့လဲ"

"ကျွန်တော်သဘောကျတာ မေမြတ်နိုးခင်ကိုမှ မဟုတ် တာ"

"ဒါဖြင့် ဘယ်သူ့ကိုလဲ"

"မြတ်နိုးနဲ့အတူပါလာတဲ့ ကျော့ကို"

"ကောင်းကွာ"

ကိုဘုန်းကတော့ ဝသီအတိုင်း 'ကောင်းကွာ' ဆိုပြီး ရေရွတ်တော့တာလေ။ သူ့ကိုမယုံသင်္ကာဖြင့် ကြည့်နေပေမယ့် ကွန်ဒိုမှန်ချပ်များမှတစ်ဆင့် အဝေးသို့ ခပ်ငေးငေး ပြုံးကြည့်နေတာမြင်မှ ယုံပေးလေ၏။ ရဲရင့်မာန်ဘဝမှာ ထိုသို့တမေ့တမောငေးပြီး တွေးတတ်တဲ့အကျင့်က တစ်ကြိမ်တစ်ခါမှမဖြစ်ခဲ့ဖူးဘူးကိုး။

"မေးနေတာ ဖြေဦးလေကွာ"

"ဘာလဲဗျာ"

"ဘယ်အချိန်ပြန်လာမှာလဲ"

"ကိုဘုန်းပြန်မလာခင် ရောက်ရင်ပြီးရောမဟုတ်လား။ ထမင်းဟင်းပူပူနွေးနွေးစားရစေ့မယ်ဗျာ။ ကျေနပ်ပြီလား"

"OK! ဒါဆိုဒါပဲ"

Phone ပိတ်ကာ ကားတံခါးကိုဖွင့်လိုက်ပါ၏။ ကားပေါ်တက်ကာ စက်နိုးစဉ်အထိ သူမစကားသံတို့ကိုသာ အကြိမ်ကြိမ်ကြားယောင်နေမိပြန်တာလေ။ driver တဲ့။ မလိမ်ညာဘဲ ပြောချလိုက်တဲ့အကျင့်လေးက အဘယ်မျှ ချစ်စရာကောင်းလိုက်ပါသလဲ။





ဝမ်းကွဲညီမပါလို့ ဖုံးဖုံးဖိဖိလေး ပြောပေးထားတဲ့မြတ်နိုးဆောင် မျက်နှာအမ်းသွားရတာမဟုတ်လား။ ဘာလို့များ ဒီအလုပ်လုပ်ရပါသလဲ။ အန္တရာယ်ရှိပါဘိသနဲ့။ ပင်ပန်းရှာမှာပေါ့နော်။ အမေနဲ့အဒေါ်ကို ရှာကျွေးနေတာမို့ ကုသိုလ်ကတော့ တစ်ပုံကြီးရမှာပါပဲ။

အတွေးဖြင့် သူပြုံးလိုက်ပြီး ကားလမ်းကိုဂရုစိုက်မောင်းခဲ့ပါ၏။ မြတ်နိုးကို Phone တစ်ခါခေါ်ပြီးကတည်းက သူမနှင့်ပတ်သက်သမျှ ဘာသတင်းမှဆက်မကြားရတော့ပါလေ။ ခက်တာပဲ။ ဟိုအိမ်ကို သူသွားလည်မိရင် တစ်မျိုးထင်ပြီး မြတ်နိုးကိုပဲ ရှုပ်ရှုပ်ညိုလာဝဲသလို ဖြစ်တော့မှာကိုး။ ဒါကိုစိုးရိမ်ပြီး သူမသွားဖြစ်ခဲ့တာပါပဲ။

မိုးက ခပ်ဖွဲဖွဲကျလာပါ၏။ သူက ထီးဆောင်ထားတတ်တဲ့သူမဟုတ်ပေမယ့် ကိုဘုန်းက ထီးခပ်ကြီးကြီးဆောင်တတ်တာမို့ ကားနောက်ခန်းမှာ ဖြောင့်ထီးကြီးက ခပ်ထင်းထင်းရှိနေလေသည်။ ဘာရည်ရွယ်ချက်မှမရှိဘဲ ထွက်လာခဲ့တာမို့ ဒီတိုင်း ခပ်ဖြည်းဖြည်းသာ မောင်းလာခဲ့ပါ၏။

မိုးဖွဲလေးတွေက ညနေခင်းကို ပိုလှနေစေသလိုနှယ်။ လွမ်းလိုက်တာ ချာတိတ်ရယ်၊ မင်းကိုသာပြောမိရင် လူကြီးကို

လှောင်ရယ်ချလိုက်လိမ့်မယ်ထင်ပါရဲ့။

"ဟော!"

စိတ်ထဲမှ တောင့်တမိလို့များလား။ ကျော်တက်လိုက်ရာမှ ကားကို ဘရိတ်အုပ်လိုက်မိလေ၏။ Back မှန်မှပြန်ကြည့်စဉ် ကားစက်ဖုံးကိုလာဖွင့်သည့်မျက်နှာလေးကို မြင်လိုက်ရတာပါလေ။ သေချာတယ်၊ ဒါ သူ့ရဲ့'ကျော်'ပါပဲ။

စက်ဖုံးကိုဖွင့်ကာ ဒေါက်တံထောက်လိုက်ပါ၏။ ကားက 'ဂရီးဂရီး ဂရစ်ဂရစ်'အသံမြည်ကာ ထိုးရပ်သွားတာလေ။ စိတ်ရှုပ်လိုက်တာနော်။ အိမ်မှာနေရင် ရောဂါတိုးတာကို လူကြီးတွေမြင်မှာစိုးပြီး ကားနဲ့ထွက်လာကာမှ လမ်းမကြီးပေါ်မှာ ဒီကားက ထိုးရပ်သွားရတယ်လို့။

ကားမောင်းလာရင်း အပျင်းပြေ FM လိုင်းလေး နားထောင်မိပါတယ်၊ အသံလွှင့်လာတဲ့သီချင်းက ကျော်သိပ်ကြိုက်သည့် အဆိုတော် 'ထူးအိမ်သင်'။ မိုးဖွဲဖွဲလေးရွာချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်ထွက်လာတာက 'အခါလွန်မိုး'။ သေတော့ ကျော်ရေ၊ တကယ့်ခံစားချက်နဲ့ တိုက်ဆိုင်သွားရတာမို့ မျက်ရည်တို့က ပိုးပိုးပေါက်ပေါက်ကျလာတုန်း ဒီကားက ဖောက်ပြီး ထိုးရပ်သွားတာလေ။ Feeling က Half feel ကြီးဖြစ်ကုန်ပါရော။





"ဟား! . . . ကားပျက်လို့ မျက်ရည်ကျတဲ့လူမျိုး တစ်ခါမှမမြင်ဖူးဘူး။ ဒီတစ်ခါပဲ တွေ့ဖူးတယ်"

ရုတ်တရက်မို့ လန့်သွားပြီး နောက်ဆုတ်လိုက်မိရာ ခပ်နွေးနွေးရင်ခွင်နှင့် ကျော့်ကျောပြင်က ထိသွားရပါ၏။ ပြီးနောက် ခေါင်းထက် အုပ်မိုးဆောင်းထားပါသည့်ဖြောင့်ထီးအနက်ရောင်ကြီး။ နှာခေါင်းမှ တိုးဝင်လာသည့် ရနံ့သင်းသင်းက ကျော့်ကို အမှတ်ရသွားစေပါ၏။

"ဦးရဲရင့်မာန်"

"Thanks ပါ ကျော်၊ ကိုယ့်နာမည်ကို မှတ်မိနေတဲ့အတွက်ပါ"

လူချင်းအတော်နီးသလို ဖြစ်သွားရတာမို့ ခပ်ခွာခွာရပ်လိုက်မိ၏။ သူက ကျော့်ကိုမိုးမစိုစေရန် ထီးဖြင့်လက်ဆန့်မိုးပေးပြန်လေ၏။

"ဘယ်လိုဖြစ်ရတာလဲ"

"မပြောတတ်တော့ပါဘူး။ မောင်းလာရင်းနဲ့ ဒီတိုင်း ထိုးရပ်သွားတာပဲ"

"ရပ်မှာပေါ့၊ သူ့သခင်မက ဝမ်းနည်းပက်လက်နဲ့ မျက်ရည်ကျနေတာကိုး"

"ဘာဆိုင်လို့လဲ"

ပါးပြင်ထက်မှမျက်ရည်တို့ကို အမြန်သုတ်လိုက်ရပါ၏။ ရှက်လိုက်တာနော်။ ကျော်ငိုမိတာကို သူနဲ့မှတိုက်တိုက်ဆိုင်ဆိုင် မြင်သွားရတယ်လို့။

"ကားတော့ မောင်းတတ်ပြီး ပြင်ရောပြင်တတ်ရဲ့လား"

"နည်းနည်းပါးပါးတော့ ကလိတတ်တာပေါ့"

"ဒါဖြင့် အခုဘာဖြစ်လဲတွေ့လား"

"ဟင့်အင်း"

"ကောင်းရော"

သူဟက်ခနဲရယ်လိုက်မိစဉ် သူမမျက်နှာထက်မှာ အပြုံး ယဲ့ယဲ့ထင်လေ၏။ ခုထိ မျက်ဝန်းမှာ မျက်ရည်တို့ စိုလဲ့နေတုန်းမို့ အပြုံးလေးက သက်ဝင်လှပလိုက်တာနော်။

"ဒီတော့ ဘာလုပ်မှာလဲ"

"အဲဒါသိမှတော့ ဦးရဲရင့်မာန်ကူဖို့ လိုပါ့မလား"

"ဩ! . . . ဒါဖြင့် ကိုယ်အကူအညီပေးရမယ်ပေါ့"

"စေတနာရှိရင်ပေါ့"

"ရှိပါတယ်ဗျာ. . . ရှိပါ့၊ ခဏလေးစောင့်"

သူက ဘောင်းဘီအိတ်ထဲမှ Phone ကိုနှိုက်ယူကာ





အနီးဆုံး Service Centre ကို ဆက်သွယ်လိုက်ပါ၏။ နာရီဝက် အတွင်း ရောက်မည်ဆိုတာကြောင့် စောင့်ပေးရဦးမှာလေ။ ကူညီ ပြီဆိုမှတော့ အစအဆုံးပေါ့နော်။

"သူလည်းမပြင်တတ်ဘဲနဲ့များ ဆရာကြီးလာလုပ်ပြနေ သေးတယ်"

"ဘာပြောလိုက်တယ်"

"ဘာမှမဟုတ်ဘူး"

"ဒီတိုင်းရပ်စောင့်မှာလား။ ကားထဲက ထိုင်စောင့်လေ"

"မထိုင်ချင်ပါဘူး"

"သဘော. . . သဘော"

Platform ပေါ် သွားရပ်လိုက်တာမို့ သူပါလိုက်ရလေ ၏။ အိမ်နဲ့များ စိတ်ဆိုးလာလေသလား။ မျက်နှာမှာ ဝမ်းနည်းရိပ် က ထင်ဟပ်နေတာလေ။ မင်းရင်ထဲမှာ ဘာတွေဖြစ်နေပါသလဲ ကျော်။

"ရပါတယ်၊ ဦးရဲရင့်မာန် သွားစရာရှိတာသွားလေ။ ကျော် စောင့်ပါ့မယ်"

"တစ်ယောက်တည်းဖြစ်နေမှာပေါ့၊ စိတ်မချပါဘူး"

"မမနိုးနိုးတို့ဆီ လာတာလား"

"မဟုတ်ပါဘူး"

သူခေါင်းခါလိုက်တာမို့ စဉ်းစားနေမိပါ၏။ ဒီလမ်းက ကျော်တို့ရပ်ကွက်နဲ့ နီးတဲ့လမ်းမဟုတ်ပါလား။ အဲဒီအိမ်ကိုမလာရင် ဘယ်ကိုများ လာတာပါလဲ။ အိုလေ! စပ်စုတယ်ဆိုရင် ကျော့်ကို မိန်းကလေးလို့မြင်သွားတော့မှာပေါ့။ မဖြစ်သေးပါဘူး။

"*ကြည့်ရတာ ကားက အတော်ဟောင်းနေပုံပဲ*"

"ဟုတ်ပါတယ်၊ ဖေဖေမောင်းခဲ့တဲ့ကားပါ"

"ဒီလောက်ဈေးတွေ ကျနေတာ အလိုက်ပေးပြီး လဲလိုက်ပါလား ကျော်ရဲ့"

"ကားတွေပေါပေမယ့် ငွေကမပေါဘူးရှင့်။ ကျော်က ဦးရဲရင့်မာန်လို ဘီလျံနာမှမဟုတ်တာ"

'ဘီလျံနာမဟုတ်လည်း ဘီလျံနာကိုယူရင် ဘီလျံနာကတော်ဖြစ်မှာပေါ့ ကျော်ရဲ့'ဆိုသည့်စကား ထွက်သွားမှာကို မျိုချလိုက်ရပါ၏။ ခုမှ ဒုတိယအကြိမ်တွေ့တာ ဒီလိုစကားမျိုးပြောချလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ။ စိတ်ထိန်း ရဲရင့်မာန်၊ စိတ်ထိန်း။

"ဒါဆိုလည်း ကိုယ်စိုက်ပေးမယ်ဆိုရင်ကော"

"No! ပါ၊ ကျော်က အကြွေးရှိရင် အိပ်မပျော် စားမဝင်တဲ့ရောဂါရှိတယ်"





"မလွယ်ပါလား"

နေပါဦး။ သူနဲ့လည်း ဒီလောက်ကြီးမရင်းနှီးပါဘဲ ဟိုးတုန်းကတည်းက သိထားသလို ရင်းရင်းနှီးနှီးကြီးပြောနေမိတာပါလား။ သူနဲ့ မိုးဖွဲဖွဲအောက်မှာ ထီးတစ်ချောင်းတည်း နှစ်ယောက်အတူ ဆောင်းထားမိသေးတာလေ။ အလိုလေး! မမနီးနီးသာမြင်ရင် *မျက်လုံးပြူးသွားလောက်ပါရဲ့။*

"ဒါက ဘာဖြစ်ရပြန်တာလဲ"

"နေပါစေ၊ ကျော်က စိုထားပြီးသားကို"

"မိုးမိပြီး ဖျားမှာစိုးလို့ စေတနာနဲ့လည်း ထီးမိုးပေးထားရသေးတယ်။ ဘာလဲ. . . ကိုယ် ကိုက်စားမှာစိုးလို့လား"

"အာ. . ."

ထီးအောက်မှ ခပ်ခွာခွာရပ်လိုက်စဉ် သူပြောလိုက်သည့်စကားကြောင့် အားနာသွားရပါ၏။ ကျော်က ကိုယ့်အတွေးနဲ့ကိုယ် မျက်နှာပူပြီး ခွာရပ်လိုက်မိတာပါလေ။

"ဟော! ရောက်လာပြီ"

စက်ပြင်ဆရာတွေ ရောက်ပြီမို့ ကားစက်ဖုံးကိုဖွင့်ရပြန်၏။ ဟိုဒီနိုက်ကာ တီးတိုးပြောကြရင်း ခေါင်းခါပြလိုက်တာမို့ Workshop ပို့ရတော့မယ်မှန်း သိလိုက်ပါသည်။

"ကားက အတော်စုတ်နေပြီဗျ"

"အကောင်းကြီးရှိပါသေးတယ်ရှင်၊ ကျော့်ကားကို ကားစုတ်လို့မပြောပါနဲ့"

"မဟုတ်ပါဘူး အစ်မရဲ့၊ ဆိုင်မှာသေချာစစ်ဆေးကြည့်ပြီး ပြင်မှရမှာမို့လို့ပါ။ ဆွဲသွားရမယ်"

"ဒါဆို Voucher ဖြတ်ပေးပါ၊ ဘယ်နေ့လာယူရမှာလဲ။ လိပ်စာပေးဦး"

"Phone ဆက်လိုက်မယ်လေ၊ အစ်မ Phone နံပါတ်ပေး"

"ကိုယ့် Phone နံပါတ်ပဲ ယူလိုက်ပါ"

"အာ. . . ဘာဆိုင်လို့ပေးရမှာလဲ၊ ကျော့်အိမ် Phone နံပါတ်ယူသွား"

နှုတ်မှ ခပ်သွက်သွက်ရွတ်လိုက်တာမို့ ချာတိတ်တွေက စာအုပ်ထဲ အမြန်ရေးမှတ်လိုက်ရလေ၏။ ကားကို သူတို့စီးလာသည့်ကားဖြင့် ကြိုးချိတ်ဆွဲသွားတာကိုငေးရင်း ကျန်ရစ်ခဲ့ရပါ၏။

"ကဲ! ကိုယ်လိုက်ပို့ပေးမယ်"

"ဘယ်ကိုလဲ"

"ကျော့်အိမ်ကိုလေ"





"အာ. . . အိမ်မှာမနေချင်လို့ ထွက်လာတဲ့လူကို အိမ်မြန်ပို့ချင်ရတယ်လို့"

"ဒါဆိုလည်း ကိုယ့်အိမ်လိုက်လည်လေ။ ဖြစ်မလား"

"အိမ်မှာ လူကြီးတွေရှိလား"

"ရှိတာပေါ့"

"ဖြစ်ပါ့မလား၊ လိုက်ခဲ့လို့"

သူက အပြုံးဖြင့် ကားတံခါးကိုပင် ဖွင့်ပေးနေချေပြီ။ ကျော်တော့ အရှုံးထပြီး လုပ်ချင်ရာလုပ်မိပါရောလား။

🍎🍎🍎



## အခန်း (၉)

ကားကို ကွန်ဒိုရှေ့မှာပင် ရပ်လိုက်တာမို့ သူမက အပေါ်ကိုမော့ကြည့်ရင်း တအံ့တဩဖြစ်နေလေ၏။ ခြံနှင့်ဝင်းနှင့်နေသူမို့ ဒီလိုတိုက်ခန်းမျိုးကို တစ်ကြိမ်တစ်ခါမှမရောက်ဖူးသေးပုံပါပဲ။

"ဒီမှာနေတာ"

"အင်း. . . ငါးလွှာမှာ"

"ကျော်လိုက်ခဲ့လို့ မဖြစ်ဘူးထင်တယ်"

"ဘာလို့လဲ၊ ခဏပဲလေ ကျော်ရဲ့။ ကော်ဖီတစ်ခွက်လောက်တိုက်ပြီး အိမ်အထိပြန်ပို့ပေးမှာပါ. . . စိတ်ချ။ ဘာလဲ၊ မယုံလို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့လဲ"

"ဟိုလေ၊ ကျော့်ကို တစ်မျိုးထင်သွားမှာစိုးလို့"

သူပြုံးလိုက်မိပါ၏။ ဒီလိုတော့ တွေးတတ်သားပါလား။ ကြည့်ရတာ စိတ်ရှုပ်ရှုပ်ဖြင့် သူခေါ်ရာနောက် လိုက်လာပုံပါလေ။ အိမ်မှာ သူတစ်ယောက်တည်းရှိတယ်ဆိုရင် မလိုက်ရဲမှာစိုးပြီး လူကြီးတွေရှိသည်ဟု ညာမိပါရောလား။

"မထင်ပါဘူး ကျော့်ရယ်၊ မိတ်ဆွေလို့ပြောမှာပေါ့"

Lift ထဲဝင်လိုက်စဉ် သူမ လှစ်ခနဲပြုံးတာကို မြင်လိုက်ပါ၏။ အခုမှ စိတ်ပေါ့သွားတယ်ထင်ပါရဲ့။ ခလုတ်မှ နံပါတ်(5) ကို သူနှိပ်လိုက်စဉ် Lift က ငြိမ့်ခနဲတက်သွားလေ၏။ မိုးရေစိုလာတာမို့ ချမ်းလာပုံဖြင့် သူမလက်ပိုက်လိုက်လေသည်။

"ချမ်းနေပြီလား"

"ရပါတယ်၊ ဒီလောက်တော့"

"ဒါနဲ့များ မိုးရေတောထဲ ရပ်ချင်သေးတယ်"

မသိမသာ နှုတ်ခမ်းလေးစူသွားလေ၏။ ဒီလိုပြောတာကို မကျေနပ်ဘူးပေါ့လေ။ သူစိုက်ကြည့်နေတာကို မမြင်ယောင်ဆောင်ပြီး တံခါးဆီသို့ အကြည့်ကိုပို့ထားပုံက ပြုံးချင်စရာပါပဲ။ ကြောက်ပုံတော့မရပါချေ။





"ရောက်ပြီ၊ လာ"

Lift မှထွက်ကာ Corridor အတိုင်း လျှောက်လာခဲ့ပြီး အခန်းတစ်ခုရှေ့မှာ သူရပ်လိုက်လေ၏။ Bell တီးမည်ဟုထင်လိုက်ပေမယ့် သော့ဖွင့်လိုက်တာမို့ ကျော့် အံ့ဩသွားရပါ၏။ ပြောတော့ မင်း အိမ်မှာ လူကြီးတွေရှိတယ်ဆို။

"ရပြီ၊ ဝင်ပါ ကျော့်"

"လူကြီးတွေရှိတယ်ဆို"

"အင်းလေ"

"ဘယ်မှာလဲ"

"ကိုယ်ပဲပေါ့ ကျော့်ရဲ့. . . ကိုယ်က လူကြီးမဟုတ်လို့တလေးလား"

"ဟင်!"

"မဝင်ဘူးလား၊ လူကိုမယုံသလိုနဲ့ ဘယ်လိုလဲ"

ကဲ! ရောက်မှာတော့ မထူးပါဘူး။ အလည်သက်သက်ဆို့သဘောထားရုံပေါ့လေ။ တိုက်ခန်းထဲဝင်လိုက်မှ နွေးသွားသလိုပါ။ သူကတော့ အအေးကြိုက်ပုံဖြင့် Aircon နံပါတ်အနိမ့်ဆုံးကိုဖွင့်ထားလေ၏။ ယောကျ်ားလေးနေတာဖြစ်ပေမယ့် သပ်သပ်ရပ်ရပ်သန့်သန့်ရှင်းရှင်းဖြစ်နေပြီး ဖုန်တောင် တစ်စက်လေးမှ

မတွေ့ရပါလေ။

"ဘောင်းဘီက Quater မို့ မစိုလောက်ပါဘူးနော်။ အကျီကိုတော့ လျှော်ရမှာပဲ။ Bathroom ထဲမှာ Cleaning လုပ်ပြီး ဒါလဲဝတ်ထားပါလား ကျော်"

"နေပါစေ၊ ရပါတယ်"

"နေမကောင်းဖြစ်မှာစိုးလို့ စေတနာနဲ့ ကူညီတာပါ။ Washing maching နဲ့လျှော်လိုက်ရင် တအောင့်လေးနဲ့ ခြောက်ပါတယ်။ သွားလဲလိုက်နော်"

ဆွယ်တာအပျော့သားလေး ကမ်းပေးနေတာမို့ အားနာစွာ လှမ်းယူလိုက်မိ၏။ ရေချိုးခန်းထဲဝင်ကာ မျက်နှာသစ် ခြေလက်ဆေးပြီး အပေါ်အကျီကိုချွတ်ကာ ဆွယ်တာမီးခိုးရောင်ကို ခေါင်းမှစွပ်ချလိုက်ပါသည်။ ယောကျ်ားလေးဝတ်မို့ ကျော်နှင့် မှနေပြီး လက်လည်းရှည်နေတာမို့ ခွဲတင်လိုက်ရပါ၏။ ကျော်ထွက်လာတော့ သူက ထမင်းစားခန်းနှင့်မီးဖိုခန်းတွဲလျက်သားနေရာမှာ ကော်ဖီကျိတ်စက်ဖြင့် အလုပ်ရှုပ်နေလေသည်။

"Ready-made အထုပ် မသောက်ဘူးလား"

"ကော်ဖီစစ်စစ်ကို အရသာသိချင်ရင် ဒီလိုမျိုး ကျိတ်သောက်မှရတာ ကျော်ရဲ့"





'ကျော်က လက်ဖက်ရည်ပဲကြိုက်တာ'ဟု မပြောတော့ပါလေ။ ညှိသည်ဆိုတာ အလိုက်သိတတ်ရမှာကိုး။ ကော်ဖီကျိတ်ပြီးစဉ် ရေနွေးအိုးခလုတ်တက်သွားပြီမို့ သကြားနည်းနည်းနှင့် သူ ကော်ဖီဖျော်ပေးလေ၏။ နို့ဆီဘူးကိုမြှောက်ပြစဉ် ကျော်ခေါင်းခါပြလိုက်သဖြင့် သူပြုံးလေသည်။

"အချိုမကြိုက်တာတော့ ကိုယ်နဲ့တူတယ်၊ ရော့၊ သုံးဆောင်ပါ။ Cake စားဦးမလား"

"No! ..."

"Ok! သောက်နှင့်နော်၊ ကိုယ် ကျော့အကျီလျှော်လိုက်ဦးမယ်"

သူက အဝတ်လျှော်စက်ဆီ ထွက်သွားလေ၏။ ကြွေခွက်လှလှလေးဖြင့် ဖျော်ထားသည့်ကော်ဖီကို အနံ့ရှူရင်း တစ်ငုံမျှသောက်လိုက်မိသည်။ ခါးသက်သက်လေးနဲ့ ချိုရုံလေးမို့ သူပြောသလို တကယ့်ကော်ဖီစစ်စစ်အရသာပါပဲ။

ချက်ပြုတ်သည့်နေရာကလည်း ရှင်းလင်းသန့်ပြန့်နေကာ အမှိုက်တစ်စပင်မရှိ။ အလုပ်သမားများ ခေါ်သုံးလေသလား။ ဖြစ်နိုင်တာပဲ။ သူက သူဌေးပဲကိုး။ ဒယ်ပြားလေးတွေ စီချိတ်ထားတာ၊ ဂေါ်နှင့်ဓားပါးပါးလေးများ၊ ပန်းကန်စင်လေးမှာလည်း ပန်း

ကန့်တို့က စီစီရီရီ။ သေသပ်လိုက်တာနော်။

"ထမင်းစားသွားမလား။ dinner လေ"

"မစားပါဘူး"

"ဘာဖြစ်လို့လဲ ကျော်ရဲ့၊ ရောက်တုန်းရောက်ခိုက်ပဲကို"

"မေမေဆူလိမ့်မယ်"

"မေမေဆူရင် ကိုယ့်ဆီပြေးခဲ့လေ"

သူစလိုက်တာမို့ ရယ်လိုက်မိ၏။ ကျော့်အင်္ကျီကို ချိတ်ဖြင့်ချိတ်ကာ ပန်ကာဖွင့်ပြီး အခြောက်ခံပေးထားလေသည်။ သူက ပေါင်းအိုးသေးသေးလေးထဲ ဆန်ထည့်ဆေးကာ အိုးကိုရေခြောက်အောင် သုတ်ပြီးမှ ပေါင်းအိုးတည် ခလုတ်ဖွင့်လိုက်လေ၏။ ပြီးနောက် ရေခဲသေတ္တာထဲမှ Plastic ဖြင့် Packing ထုပ်ထားသည့်ဟင်းသီးဟင်းရွက်တို့ကိုယူကာ စားပွဲရှည်ထက် တင်လိုက်ပါသည်။

"ဘာလုပ်ဖို့လဲ"

"ညစာချက်မယ်လေ"

"ကိုယ်တိုင်"

"ဒါပေါ့"

"ဟင်! ဟုတ်မှလည်းလုပ်ပါ"





"ရော်! . . . မချက်တတ်ဘဲနဲ့ လက်အပေခံပြီး လုပ်ပါ့မလား ကျော်ရဲ့"

"ဒါဖြင့် အိမ်ကို Cleaning လုပ်ထားတာကရော"

"ကိုယ်ပဲလေ၊ ကိုယ်မှမလုပ်လို့ ဘယ်သူလာလုပ်ပေးမှာလဲ"

'ငါသာမိန်းမဆိုရင် မင်းကိုပဲယူမှာ' ဟု ကိုဘုန်းတောင်သူ့ကိုနောက်ပြောင်ခဲ့သေးတာမဟုတ်လား။ လူကိုမယုံသလို တအံ့တသြဖြင့် အငေးသားကြည့်နေသည့်မိန်းကလေးကြောင့် သူပြုံးလိုက်မိတော့သည်။ စိတ်ဝင်စားနေပြီလား ကျော်။

"အံ့ရောပဲ"

"ဘာကိုလဲ"

"ထင်မှမထင်ထားတာကိုး။ မိန်းကလေးလည်းမဟုတ်ဘဲနဲ့ ဒါတွေဘယ်လိုလုပ်တတ်ရတာလဲ"

"သိချင်လို့လား"

ခေါင်းညိတ်ပြလိုက်မိ၏။ သိပ်အကြိုက်ကြီးမဟုတ်သည့်ကော်ဖီကို တစ်ငုံပြီးတစ်ငုံသောက်နေမိတာမို့ ခဏလေးနှင့် ကုန်သွားလေတော့သည်။ သူက ကျော့်ရှေ့မှာပင် မုန်လာဥနီ၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ပဲတောင့်ရှည်တို့ကို တတောက်တောက်နှင့် လှီးချုပ်

ဖြတ်တောက်သွားတာများ Hotel မှာလုပ်တဲ့ တကယ့် Professional Cook နှယ် ကျွမ်းကျင်နေတာလေ။ အရင်ဆုံး ကြက် အူချောင်းကို ဒယ်ပြားလေးဖြင့်ကြော်ကာ စဥ့်တီတုံးထက် ပါးပါး လှီးထားလိုက်လေ၏။ ပြီးနောက် ကြက်သွန်နီကို အနေတော် အစိတ်လေးတွေဖြစ်အောင်လှီးကာ ဆီသပ်လေသည်။

ဆီအိုးကျက်တော့ ခုနလှီးပြီး ရေဆေးကာ ဇကာဖြင့် စစ်ထားသည့်အသီးအရွက်တို့ကို ထည့်ကြော်လိုက်လေ၏။ လုံ အပ်သည့်အချိန်ကို မှန်းဆထည့်ကာ အဖုံးအုပ်ထားစဥ့် ထမင်း ပေါင်းအိုးခလုတ်တက်သံ ထွက်လာလေသည်။

ရေခဲသေတ္တာထဲ ထည့်ထားသည့်ကြွေအုပ်ဇလုံလေးကို ထုတ်ယူစဥ့် ကြက်သားပြုတ်ထားတာဖြစ်နေလေ၏။ ကြက်သား ကို ပါးပါးလေးတွေလှီးထားကာ မုန့်ညင်းထုပ်တစ်စည်းကို ဆေ ဆေးလှီးသင်လေသည်။ ဒယ်အိုးအဖုံးဖွင့်ကာမွှေရင်း ပေါင်းအိုး အဖုံးကို ရေခါလျက် ခလုတ်ထပ်နှိပ်လေ၏။

အစိမ်းကြော်ကျက်တော့ ကြက်သွန်နီပါးပါးလှီးတာကို ဆီသပ်ကာ ကြက်သားပြားလေးတွေ ထည့်ကြော်လေသည်။ မွှေ လိုက်ပါဘိ။ ဟင်းချက်တာပြီးတော့ အိုးလေးထဲ ရေထည့်တည် ကာ ကြက်ရိုးတွေထည့်ပြုတ်လေသည်။ ရေဆူစဥ့် ကြက်သား





နှံ့နှင့်ဆားခတ်ကာ ကြက်သွန်မြိတ်နှင့်ချင်း ထုထည့်လိုက်လေ၏။ နောက်ဆုံးမှ လှီးထားသည့်မုန့်ညင်းကို ခပ်လိုက်လေသည်။

ဟင်းချိုအိုးရသည်နှင့် ထမင်းပေါင်းအိုးမှ နောက်တစ် ကြိမ်ခလုတ်တက်သံက ပြိုင်တူနှယ်ပါလေ။

"စားချင်လာပြီလား"

"မဟုတ်ပါဘူးနော်"

"အများကြီးချက်ထားတာပါ ကျော်ရဲ့၊ သုံးယောက်စား လို့ ကောင်းကောင်းဝပါတယ်"

"သုံးယောက်စာ. . . ဟုတ်လား"

"ဟုတ်တယ်လေ"

"မမနှိုးနှိုးကို ဖိတ်ထားသေးလား"

"ကျွစ်! တဆိတ်ရှိ ဘယ့်နှယ် မြတ်နိုးကိုချည်း 'တ'နေ ရတာလဲ ကျော်ရယ်။ မြတ်နိုးမဟုတ်ပါဘူး၊ ကိုယ်နဲ့အတူနေတဲ့ အစ်ကိုဝမ်းကွဲပါ"

"ဩော်"

အသက်ရှူနည်းနည်းချောင်သွားရပါ၏။ သုံးယောက်စာ ဆို၍ အာရုံက မမနှိုးနှိုးထံ ဖျတ်ခနဲရောက်သွားရတာပါလေ။ တော်ပါသေးရဲ့။

"သန်းခေါင်ထက် ညဉ့်မနက်တော့ပါဘူး ကျော်ရယ်၊ စားသွားလိုက်ပါ"

"မှောင်တော့မယ် ဦးရဲရင့်မာန်ရဲ့"

"Please! ကိုယ်တို့အခေါ်အဝေါ်ပြောင်းသင့်ပြီလို့ ပု ဆတာပဲ"

"ဘာကိုလဲ"

'ကျော့်ကို ကိုယ်က ရင်းနှီးသမှုနဲ့ ကျော်လို့ပဲခေါ်တယ် လေ"

"အင်းလေ"

"ကိုယ့်ကိုကျ ဘာလို့ နာမည်အပြည့်ခေါ်ရတာလဲ ကျော် ရယ်"

ကော်ဖီကြွေခွက်ရဲ့နှုတ်ခမ်းကို လက်ညှိုးဖြင့် ခပ်ဖွဖွလေး ပွတ်နေမိပါ၏။ အခေါ်အဝေါ်ပြောင်းပါတဲ့။ မမနိုးနိုးကို 'မြွတ်နိုး' ဆိုပြီး ခေါ်ခဲ့တာက ကျော့်ရဲ့မျက်စိရှေ့မှောက်ပါပဲ။ မမနိုးနိုးနဲ့ စေ့စပ်ဖို့ကိစ္စအတွက် သွားတွေ့ခဲ့တာမို့ ကျော့်ကြောင့် အနှောင့် အယှက်ဖြစ်ခဲ့ရတာပါလေ။ အခုလည်း ကျော့်ကိုနာမည်အရှည် မခေါ်ဖို့အတွက် တိုင်ပင်နေတာဖြစ်နိုင်ပါ့မလား။ မမနိုးနိုးသာ သိ သွားရင် မကောင်းတော့ဘူးလေ။





"အဲဒါဆို ဘယ်လိုခေါ်ရမှာလဲ"

"တစ်ခုခုပေါ့"

"အင်း. . . ကျော့်ထက် (၇)နှစ်ကျော်ကြီးတာဆိုတော့ ဦးမာန်လို့ခေါ်ရင် စိတ်ဆိုးမှာလား"

"မဆိုးပါဘူး ကျော်ရယ်"

ထမင်းစားပွဲပြင်နေရင်း သူပြုံးလိုက်ပါ၏။ 'ဦးမာန်'တဲ့။ အဘယ်မျှနားထောင်လို့ကောင်းလိုက်ပါသလဲ။ ဒီအခေါ်အဝေါ်ထဲ မှာ သူ့ကိုနှစ်လိုအားကိုးတဲ့ ပျော်ဝင်ခြင်းတွေ ပါနေတာ အသိသာ ကြီးပဲမဟုတ်လား။ တဖြည်းဖြည်းနဲ့ မင်းနဲ့ကိုယ် နီးကပ်လာသလို မခံစားရဘူးလား ကျော်။

သူ စီချလိုက်သည့်ကြွေပန်းကန်တို့က ကြွေသားအဖြူ ဖွေးဖွေးလေးပါပဲ။ ထမင်းပန်းကန်အပြန့်ဖြစ်ပြီး အစိမ်းကြော်ကို လေးထောင့်ပန်းကန်ပြားထဲ ထည့်လိုက်လေ၏။ ကြက်သားပြား ကြော်ကိုထည့်တာက ဘဲဥပုံပန်းကန်ထဲမှာပင်။ မနက်က ချက် ထားသည့်ငါးကြော်နှပ်ကို နှုတ်ခမ်းအတွန့်ကလေးတွေပါသည့် ဖောက်ခပ်ပါးပါးပန်းကန်ထဲ ပြင်ထည့်လိုက်လေသည်။

အရည်သောက် မုန်ညင်းဟင်းချိုကို ပန်းကန်လုံးနှစ်ခု ထဲထည့်ပြီး အောက်မှပန်းကန်ပြားခပ်လတ်လတ်ပေါ် တင်ပြီးမှ

ကျော်ထိုင်နေသည့်ရှေ့နားမှာ တင်ပေးလိုက်လေ၏။ ကြွေထမင်း အုပ်ထဲမှထမင်းကို ပန်းကန်ပြားထဲသို့ထည့်ပေးကာ ဖွန်းခက်ရင်း ချပေးလေသည်။

"သုံးဆောင်လို့ရပါပြီဗျာ"

"အင်း. . . ယောကျ်ားလေးတစ်ယောက် ချက်ပြုတ်ပြီး ပြင်ကျွေးတာကို စားဖူးတာ ဒါပထမဦးဆုံးအကြိမ်ပဲ"

'ကျော်စားချင်ရင် တစ်သက်လုံး ချက်ကျွေးမှာပေါ့'ဟု စိတ်ထဲမှသာ ပြောဖြစ်လေ၏။ မျက်နှာသစ်ထားပေမယ့် အငိုရှိ က မြင်နေရတုန်းပါပဲ။ အဲဒီခပ်မို့မို့မျက်နှာထက်မှာ ခပ်ယှဲ့ယှဲ့အပြုံး လေး ထင်နေတာမို့ သူကျေနပ်မိတာအမှန်ပါလေ။

ပြန်ခါနီး ကျော့်အင်္ကျီကို မီးပူကျကျနနတိုက်ပေးသည့်သူ့ ကို ကျေးဇူးတင်မဆုံးတော့ပါ။ Bathroom ထဲမှာပဲ အင်္ကျီပြန် လဲပြီး ထွက်လာတော့ သူက ကျော့်ကိုအိမ်ပြန်ပို့ပေးရန် Ready ဖြစ်နေလေပြီ။

"ကျေးဇူးပါ ဦးမာန်"

သူ့လက်ထဲသို့ ဆွယ်တာကိုပြန်ပေးရင်း ပြောလိုက်စဉ် တိုက်ခန်းတံခါးက ချပ်ခနဲပွင့်သွားလေ၏။ အပြင်မှဝင်လာသည့် လူက သူနှင့်ကျော့်ကိုမြင်သွားစဉ် အံ့သြပြီး ပါးစပ်အဟောင်းသား





ဖြစ်သွားပါသည်။

"ကိုယ့်အစ်ကိုလေ၊ ဘုန်းမြင့်မိုရ်တဲ့"

ခေါင်းသာညိတ်ပြခဲ့ပြီး သူနှင့်အတူထွက်လာခဲ့ပါ၏။

ကျော်မျက်ရည်ကျရသည့်အကြောင်းရင်းကို ဖွင့်ဟမမေး တဲ့အတွက် ကျေးဇူးပါ ဦးမာန်ရယ်။



## အခန်း (၁၀)

''အဲဒါ မမနိုးနိုးတို့အိမ်ပေါ့''

''ဟုတ်လား''

''ဟင်! တစ်ခါမှမရောက်ဖူးဘူးလား''

''အင်း''

ဘယ်လိုကြီးလဲ။ မိဘတွေသဘောတူထားတယ်ဆိုပြီး ဒီလိုအေးစက်စက် ဆက်ဆံရေးကြီးလား။ ကျော့်ကိုကျ တကယ့်မိတ်ဆွေရင်းလို ရင်းရင်းနှီးနှီးဆက်ဆံပြီး မမနိုးနိုးကို ဘာကြောင့်ဤသို့အေးစက်ရပါသလဲ။ ကျော် နားမလည်နိုင်ပါလေ။

''ရောက်ပြီ၊ ရပ်ပေးပါ''

လမ်းထဲမှခြံတစ်ခုရှေ့မှာ သူကားကိုရပ်လိုက်ပါ၏။ သူ

ဖွင့်ပေးတာကိုမစောင့်ဘဲ ကျော်က ကားပေါ်မှဆင်းနှင့်လေပြီ။ ည(၇)နာရီကျော်ဖို့ တော်တော်မှောင်နေပြီပဲ။ ကျော်က သူ့ကို ခေါင်းငုံ့ပြလိုက်ကာ နှုတ်ဆက်လေ၏။

"လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးပါ ဦးမာန်"

"Phone ဆက်လို့ရမလား"

"ဘယ်သူ့. . . ကျော့်ဆီကိုလား"

"ဟုတ်တယ်လေ"

"ကျော်က အိမ်မှာအမြဲရှိတဲ့သူမဟုတ်ဘူး ဦးမာန်ရဲ့"

"Hand Phone ကိုဆက်ရင်ကော"

"ကျော်မှ Hand Phone မကိုင်တာ"

ပညာသားက ပါပါပေ့။ အိမ် Phone ကိုဆက်ပေမယ့် အိမ်မှာမရှိဘူးတဲ့။ Hand Phone ကျပြန်တော့လည်း မကိုင်ဘူး တဲ့လေ။ ရှောင်ရှားတဲ့နေရာမှာတော့ ကိုယ့်ထက် ဗိုတော်နေပါ ရောလား ကျော်။

"Good night ... ကျော်"

"Good night ... ပါ ဦးမာန်"

ကားကို လမ်းထဲ ခက်ခက်ခဲခဲကွေ့ကာ ပြန်မောင်းထွက် သွားတော့ ခြံဝမှာ ခုချိန်ထိရပ်စောင့်ကာ လက်ပြနေသည့်ကျော်





ကို Back မှန်ထဲမှမြင်နေရပါ၏။ Main လမ်းမကြီးထက် ကား ကိုကွေ့ကာ သူကျေနပ်စွာ ပြုံးလိုက်မိလေသည်။ ဒီနေ့အတွက် အထူးအထူးကို ကျေးဇူးတင်ရှိပါတယ် မိုးနတ်မင်းကြီးရယ်။

"ကြွပါ. . . ကြွပါ၊ Interview စရာတွေ အများကြီး နေပါတယ် ကိုရဲရင့်မာန်"

တံခါးကိုဖွင့်ရုံရှိသေး၊ ကိုဘုန်းအသံက သူ့ကိုဆီးကြိုနေ လေပြီ။ အပြင်သွားဖိနပ်ကို စင်မှာတင်လိုက်ပြီး အိမ်နေရင်းစီး သည့်ကွင်းထိုးဖိနပ်အပါးလေးကို စီးပြီးဝင်လာခဲ့ပါ၏။ ထမင်းစား ခုံမှာ ထိုင်စားနေရင်း ပလုပ်ပလောင်းဖြင့်စားနေသည့်ကိုဘုန်းက သူ့ကိုထိုင်ရန် လက်ပြလိုက်လေသည်။

"ဘာလဲဗျာ"

"အဲဒီတစ်ယောက်လား၊ မင်းပြောတာ"

"ဟုတ်တယ်"

"အင်း. . . မင်းချစ်မယ်ဆိုလည်း ချစ်ချင်စရာလေးပဲ ကိုး။ ဘယ်လိုလဲ၊ အတော်မှခရီးပေါက်ရဲ့လား"

"ဘာကိုလဲ ကိုဘုန်းရ"

"ဟ! မင်းနေတဲ့တိုက်ခန်းအထိ လိုက်လည်ရဲတာ နည်း တဲ့အဆင့်လား"

"အာ. . . ဟော့လူ၊ တော်တော့၊ ဆက်မပြောနဲ့။ ကျွန်ုပ်ကိုအထင်မသေးပါနဲ့ဗျ။ အကြောင်းကိစ္စတိုက်ဆိုင်သွားလို့ ကျွန်တော်နဲ့ပါလာတာပါ။ ခင်ဗျားထင်သလိုမျိုးမဟုတ်ဘူး"

"ကာကွယ်နေလိုက်တာ ပြုံးပြုံးနေတာပဲ။ ငါကလည်း အရမ်းမစွပ်စွဲပါဘူး ရဲရင့်ရာ၊ သိချင်လို့ ဒီလိုပဲမေးလိုက်တာပါကွ"

သူက Refrigerator ကိုဖွင့်၍ ရေပုလင်းထဲမှရေကို ဖန်ခွက်ထဲထည့်ကာ မော့သောက်လိုက်ပါ၏။ ရင်တွင်းထိတိုင် အေးမြသွားရပါသည်။ ကိုယ်တော့ ဒီညအိပ်လို့ပျော်မယ်မထင်ဘူး ကျော်ရေ့။ ဘယ်လိုလုပ်ရမလဲ၊ ပြောပါဦး။

"ဟာ! မေးနေတာ မကြားဘူးလား၊ ဘာတွေစဉ်းစားပြီး ပြုံးနေတာလဲ။ သွားပြီ. . . ဒီကောင်တော့ စိတ်ကူးယဉ်ဆေးရုံကို ပို့ရတော့မယ်ထင်ပါရဲ့"

"ဘာလဲ၊ ဘာပြောလိုက်တာလဲ"

"ဘယ်လိုပါလာတာလဲလို့"

"သြော်. . . ဒါလား"

ပြဿနာပါပဲ။ သူတော့ ကိုဘုန်းပြောသလို စိတ်ကူးတွေ ယဉ်တတ်တဲ့သူ ဖြစ်နေပြီလား။ ဘာမဆိုအလေးအနက်ထားပြီး ဆုံးဖြတ်ချက်ချတတ်သူပါ ကျော်။ မင်းနဲ့ပတ်သက်မှ မင်းနဲ့ရင်





နီးလာတော့မှ ကိုယ့်မှာ ဒီလိုတွေးတောမိတတ်တဲ့အကျင့် ရှိလာရတာပါလေ။

"ပြောရင်တော့ ရှည်မှာ"

"ပြောချင်နေတာပဲမဟုတ်လား"

ရေခဲသေတ္တာကို ပြန်ပိတ်လိုက်ပြီး လှည့်လိုက်စဉ် ခုံနောက်ကျောမှာ အသာလွှားခဲ့သည့်(ကျော်ဝတ်သွားခဲ့သည့်) ဆွယ်တာကို ကိုဘုန်းက လှုံးပြီးယူလိုက်တာမို့ မျက်လုံးကျယ်သွားရပါ၏။ ဒီအင်္ကျီမှာ ကျော့်ကိုယ့်နံ့လေး စွဲကျန်နေမှာမို့ မလျှော်ဖို့ သူဆုံးဖြတ်ထားတာပါလေ။

"ဟာ! အဲဒါဘာလုပ်မလို့လဲ။ ပေးပေး. . ."

"လျှော်တောင်းထဲ ထည့်ပေးမလို့လေ"

"မထည့်ပါနဲ့ဗျ"

"ဝတ်ထားတာမဟုတ်ဘူးလား"

"ဟာဗျာ၊ ဒီလူကတော့ ပေးပါဆိုနေမှပဲ"

ဆွယ်တာကို အနံ့ခံရန် ရွယ်လိုက်သည့်ကိုဘုန်းလက်ထဲမှ သူလုယူလိုက်ရလေ၏။ အလိုလေး! သူရင်ခုန်မြန်ဖို့ လက်ဆောင်ကို အစ်ကိုဖြစ်သူက ဦးဦးဖျားဖျား လိုချင်ရတယ်လို့။

"ဘယ်လိုဖြစ်ရတာလဲ၊ လျှော်ဖို့မဟုတ်ဘူးလားကွ"

''မလျှော်ပါဘူး။ ဒါ ကျော် ခဏဝတ်သွားတဲ့ဆွယ်တာ ဗျ''

''အေးလေ၊ ဝတ်ပြီးသားဆို လျှော်ရမှာမဟုတ်ဘူးလား ဘာလဲ. . . အဲဒါကို မင်းခေါင်းအုံးဘေးမှာ ထားအိပ်ဖို့ရည်ရွယ်ထားတာလား''

သူဘာမှပြန်မပြောဘဲ အင်္ကျီကို တယုတယခေါက်လိုက်ပါ၏။ အနံ့လေးပျက်ပြယ်သွားမှာကိုတောင် စိုးလှပါတယ်ကျော်။ တကယ်ပါ။

''ဟာ! အဟုတ်ကို ဒီကောင်ရူးသွားပြီပဲ။ အနံ့တီငယ်သာသိရင် ရင်ဘတ်စည်တီးဖြစ်ပါပြီ''

''ကိုဘုန်း မသိပါဘူးဗျာ. . . အဲဒါချစ်တာဗျ။ အချစ် အချစ်''

''ဘာအချစ်လဲ၊ အုန်းခြစ်လား. . . အရူး''

ဘာမှမပြောရသေးခင် ကိုဘုန်းက သူ့ကိုပျစ်ပျစ်နှစ်နှစ်ပြောနေလေပြီ။ ကိုယ်တော့ အလှောင်ခံနေရပြီကျော်ရေ့။ ဘာဖြစ်လဲ၊ အချစ်နဲ့ပတ်သက်လာရင် လူတိုင်းရူးသွပ်တတ်ကြတာ သဘာဝမဟုတ်လား။ ဒါကြောင့်လည်း စာရေးဆရာတွေ တေးရေးဆရာတွေရဲ့ ကလောင်သွားတွေ ထက်မြပြီး ပြင်းရှလှပလက်





ရာမြောက်တဲ့စကားလုံးတွေ သံစဉ်တွေ ဖြစ်လာရတာလေ။

ဒါကို ရည်းစားမထားဖူးသေးတဲ့ ဒီလူပျိုသိုးကြီးက သိမှာတဲ့လား။ ဝေးလေစွ။ တစ်နေ့တစ်နေ့ အရောင်းစာရေးမတွေကို စာရင်းမမှားရအောင်၊ ဈေးမှားပြီးမရောင်းမိအောင် အော်တစ်ခါ ဟောက်တစ်လှည့်နဲ့ လျှာကြမ်းအာကြမ်းအုပ်ချုပ်နေတာကို သူ့အသိဆုံးမဟုတ်ပါလား။ ပြောတော့ဖြင့် သူ့ကိုယ်သူ အုပ်ချုပ်နိုင်စွမ်းရှိတယ်ဆိုပြီး ဘဝင်မြင့်နေပေမယ့် နောက်ကွယ်မှာ မန်နေဂျာချဉ်ဖတ်ကြီးဆိုပြီး နာမည်ရနေတာကို ကိုယ်တိုင်မှမသိတာလေ။

''ခင်ဗျားမှမခံစားဖူးတာကိုး၊ ဘယ်ကိုယ်ချင်းစာတတ်ပါ့မလဲ''

''ကြီးကြီးကျယ်ကျယ်ပြောနေပြန်ပါပြီ. . . မင်းအမေသဘောတူမတူဆိုတာကို ထည့်စဉ်းစားဦး။ နောက်မှ ပုလဲခမြေနဲ့ ငါမသနားဘူး''

''မေမေက၊ ကျွန်တော်အိမ်ထောင်ပြုဖြစ်ဖို့သာ အဓိကပြောနေတာပါဗျာ။ ဘယ်သူဘယ်ဝါမှဆိုပြီး ခေါင်းစဉ်တပ်မပေးပါဘူး။ အေးဆေးပါ''

''မင်းကောင်မလေးက အသက်ရောပြည့်လို့လား။ ကြည့်

ရတာ (၁၇)လောက်ပဲရှိဦးမယ်။ တော်ကြာ အသက်မပြည့်သေးဘဲ ဖမ်းမိပြီးမှ ကွဲခန်ဲဖြစ်နေဦးမယ်''

သူရယ်လိုက်မိ၏။ (၁၇)နှစ်တဲ့ကျော်။ ဘိုမရုပ်လှလှလေးလို ငယ်နုနေတဲ့မျက်နှာလေးမို့ ထင်လည်းထင်ချင်စရာပါ။ ဒီလိုပုံစံလေးနဲ့ မိန်းကလေးအနားမှာ သူ့လိုပုရိသတွေ ဘယ်နှယောက်များ ဝိုင်းဝိုင်းလည်နေမှာပါလိမ့်။ အတွေးက သူ့ရင်ကို လှပ်ခန်ဲဖြစ်ကာ ခံစားရစေပါ၏။ စိုးရိမ်မိတယ် ကျော်။

''ကျွန်တော့်ထက် (၇)နှစ်ငယ်တယ်လို့ပြောပါတယ်ဗျာ။ ဘွဲ့ရပြီးသားပါ''

''တော်သေးတာပေါ့၊ စီးပွားရေးအခြေအနေကရော ဘယ့်နှယ်လဲ''

သူ မျက်ခုံးတွန့်ပြလိုက်ပါ၏။ ညမှောင်မှောင်မှာ မီးမှိန်မှိန်လေး ထွန်းထားပါသည့် တစ်ထပ်တိုက်ပုပုပြတ်ပြတ်လေး။ သူမကားဝင်လာမည်ထင်ပြီး ခြံတံခါးကို ဟင်းလင်းဖွင့်ထားတာမို့ လှမ်းကြည့်ရင်း မြင်ခဲ့ရတာပါ။

စီးပွားရေးတဲ့လား။ ဘာများလိုအပ်လို့လဲ။ အချစ်မှာ အချစ်သာ သီးသန့်လိုအပ်တာပါလေ။ အဲဒီလိုချစ်ဖို့အတွက် ရင်ထဲမှနှလုံးသားက သာမန်မဟုတ်တဲ့ထူးဆန်းမှုမျိုးနဲ့ ခုန်လာဖို့ လို





အပ်တယ်လေ။ မျက်စိရှေ့က အပျော်မခံနိုင်အောင် စွဲလန်းမှုမျိုးရှိရမှာမဟုတ်လား။

နေ့ဘက်မှာတွေးတဲ့အတွေးတိုင်းက ပြည့်လျှံနေပြီး ညဘက်မက်တဲ့အိပ်မက်တွေတိုင်းမှာ နေရာပေးရမှာပါ။ လူချင်းတွေ့ခွင့်မရရင်တောင်မှ Phone ထဲကဖြစ်ဖြစ်၊ အသံလေးကြားရပြီး ရင်ခုန်သံချင်းညှိတတ်ဖို့ သင်ယူတတ်မြောက်မှသာ ချစ်ခြင်းရဲ့ အနှစ်သာရကို အပြည့်အဝခံစားတတ်မှာ အသေအချာပါလေ။

''မလိုပါဘူးဗျာ''

''မလိုဘဲနေမလားကွ၊ မင်းအရွယ်က မျက်လုံးချင်းဆုံပြီး ရင်ခုန်ခံစားနေရတဲ့ စိတ်ကူးယဉ်တတ်တဲ့အရွယ်မဟုတ်ဘူးနော် ရဲရင့်''

''ကျွန်တော်သိပါတယ်ဗျာ''

''ချစ်နေရုံလေးနဲ့ မလုံလောက်ဘူး''

''ဘာများထပ်လိုသေးလို့လဲ''

''ဟ! သူ့မိဘ ကိုယ့်မိဘ သူ့ဆွေမျိုး ကိုယ့်ဆွေမျိုးတွေနဲ့ အကုန်ညှိနှိုင်းရဦးမှာလေ''

''အဝေးကြီးလိုပါသေးတယ် ကိုဘုန်းရာ။ အခုမှ သူနဲ့ရင်းနှီးဖို့ တာစူနေရတုန်းကို။ သိပ်အဝေးကြီးမတွေးချင်သေးဘူး''

''မင်းပဲပြောတတ်တာလေ၊ မျက်တောင်တစ်ဆုံးမမြင်နဲ့၊ မျက်စိတစ်ဆုံးမြင်တတ်အောင် ကြည့်ရမယ်ဆို''

အနာဂတ်ကိုကြိုမြင်တတ်ဖို့ ပြောသည့်သူ့စကားကို ယူပြောနေပါရောလား။ ကိုယ်လည်း မြင်ကြည့်ချင်ပါတယ် ကျော်။ ဟိုးမိုးကုတ်စက်ဝိုင်းအထိရောက်အောင် မင်းလက်နုနုလေးကို မလွတ်တမ်းဆုပ်ကိုင်ပြီး လျှောက်လိုက်ချင်တာ။ ခပ်သွယ်သွယ်ခန္ဓာကိုယ်လေးကို ဘယ်သူမှဆွဲထုတ်ခေါ်သွားလို့မရအောင် ကျစ်ကျစ်လေး ထွေးဖက်ထားချင်လိုက်တာ။ လှပဆန်းကြယ်လွန်းတဲ့ အိပ်မက်ရှည်ထဲမှာ ပျော်ဝင်စေဖို့ ကိုယ့်လက်မောင်းထက်မှာ မင်းကိုမှေးစက်စေချင်တာ။ အဲဒီဆန္ဒတွေက ရင်ထဲမှာ အပြည့်အသိပ်ပါပဲ။ မင်းသိနိုင်ပါ့မလား။

''ကျွန်တော့်အတွက်ကတော့ ကျွန်တော့်ကို သူစစ်မှန်တဲ့ချစ်ခြင်းနဲ့ပြန်ချစ်ဖို့ပဲ အဓိကကျပါတယ်။ ကျန်တာတွေ ဘာမှ မလိုပါဘူး''

''ဟော! ''

''ရိုးရိုးလေးပါ ကိုတုန်းရာ၊ အချစ်မှာ အချစ်ပဲလိုပါတယ်။ ကျန်တာတွေအားလုံးက ပါးပါးလေးပါဗျာ''

''ရဲရင့်မာန်''





''ဘာလဲဗျ''

''မင်း ရဲရင့်မာန်အစစ်ပါနော်''

''ဘာလဲ၊ အတုထင်နေလို့လား''

''နှုတ်ကနေ ဘယ်လောက်ရင်းရင် ဘယ်နှလဆို ဘယ်လောက်၊ ဘယ်နှနှစ်ဆိုရင် ဘယ်လောက်မြတ်မယ်ဆိုပြီး ရွတ်ခဲ့တဲ့ကိန်းဂဏန်းတွေ ဘယ်ကိုလွင့်ကုန်ပြီလဲ''

သူ ခပ်မှဲ့မှဲ့ပြုံးမိလေ၏။ ဟုတ်ပါတယ်။ ရဲရင့်မာန်ရဲ့ဘဝမှာ ပထမဦးစားပေးကလည်း စီးပွားရေးပါပဲ။ ဒုတိယဦးစားပေးတာကလည်း ငွေ၊ တတိယအလေးထားတာကလည်း လက်ရှိပိုင်ဆိုင်ထားသည့်အရာမှန်သမျှ မပျောက်မပျက် ကြီးပွားလာဖို့ပဲမဟုတ်ပါလား။ ဒီလိုလူတစ်ယောက်ဆီကနေ အင်မတန်မှ နူးညံ့လွန်းတဲ့ အဲဒီ'အချစ်'ဆိုတဲ့အရာကို တဖွဲ့တနွဲ့ပြောနေမှတော့ အံ့ဩစရာတွေဖြစ်ကုန်တာပါလေ။

''ကျွန်တော် ကျော့်ကိုသိပ်ချစ်တယ်''

''အဲဒါ သူ့ကိုပြောရမှာလေ၊ ငါ့ကိုပြောစရာလား''

''ပြောမှာပါ၊ သိပ်မကြာခင်ပေါ့''

''အေးပါ၊ ဘာကိုပဲလုပ်လုပ် မင်းအချိန်မဆွဲတတ်တာ ငါအသိဆုံးပဲဟာ''

မီးဖိုချောင်ကိစ္စကို အလိုက်တသိဖြင့် ကိုဘုန်းရှင်းပေးနေပြီမို့ အိပ်ခန်းတွင်းသို့ သူဝင်ခဲ့ပါ၏။ ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ကြည့်မိစဉ် လရောင်က ခပ်မှိန်မှိန်သာနေလေသည်။ ပြတင်းဝမှာရပ်၍ ညမြင်ကွင်းကိုငေးကြည့်နေမိ၏။ ကျော်ရော သူ့လိုပဲ တွေးတောငေးမောနေလေမလား။

သို့တည်းမဟုတ် မောမောနဲ့အိပ်ပျော်နေပြီလား။ စတွေ့စဉ်ကလို စာအုပ်တစ်အုပ်ကို တစိုက်မတ်မတ်နဲ့ဖတ်နေလေမလား။ တစ်ခုခုကိုတော့ လုပ်နေမည်မှန်း သူသိနေပါ၏။ ကျော်လည်း သူ့လို အချိန်ကို အလဟဿဖြုန်းတီးတတ်သူမှမဟုတ်တာကိုး။

အိပ်ရာထက် လှဲချလိုက်ပြီး ဆွယ်တာကို ရင်ဘတ်ပေါ်တင်ထားလိုက်ပါ၏။ စိတ်ထဲမှာ သူ့ရင်ဘတ်ထက် ကျော် ခေါင်းလာအုံးသလို ထင်လိုက်တာမို့ ကြည်ကြည်နူးနူးလေး ရယ်လိုက်မိလေသည်။

ကိုယ်တော့ မင်းကြောင့် ရူးပြီထင်ပါရဲ့ ကျော်။

ဆွယ်တာလေးမှာ ယခုတိုင် ကျော့်ကိုယ်သင်းရနံ့လေး စွဲကျန်နေတုန်းပါပဲ။ ဒီရနံ့လေး ပျောက်သွားမှာကို စိုးထိတ်လှပါတယ်လေ။ တစ်သက်လုံး ဒီရနံ့လေးရှူရှိုက်ခွင့်မျိုး ကိုယ့်ကိုပေးလှည့်ပါတော့လား။






အာရုံထဲမှာ မြင်လိုက်သည်က မျက်ရည်တို့စိုစွဲနေသည့် ခပ်ဖျော့ဖျော့မျက်ဝန်းအစုံ။ ဘာကိုများ ခံစားပြီး ဝမ်းပန်းတနည်းငိုကြွေးနေရပါသလဲ။ အလိုက်မသိရောက်လာတဲ့ကိုယ့်ကို ဣန္ဒြေဆည်ပြီး အားတင်းစကားပြန်ပြောရမှန်း ကိုယ်သိပါတယ်ကျော်။

စိတ်ညစ်စရာတွေရှိရင်လည်း ကိုယ့်ကိုရင်ဖွင့်ပြီး မျှဝေပါ။ ဝမ်းနည်းမှုတို့ကို ကိုယ်စားယူပေးချင်ပါတယ်။ ကိုယ်မြတ်နိုးတဲ့မိန်းကလေးရဲ့မျက်နှာထက်မှာ ဒီလိုမျက်ရည်တို့ နိုတွဲနေတာကို မမြင်ရက်လို့ပါလေ။ ရင်ထဲက ချစ်ခြင်းများစွာနဲ့ ကိုယ့်ချစ်သူလေးကို အစဉ်ပြုံးပျော်နေတာကိုပဲ တွေ့ပါရစေလား ကျော်။

ဩော်. . . ကျော်ရယ် . . .

●●●



## အခန်း (၁၁)

''ကားက ဘာဖြစ်တာတဲ့လဲ''

''မသိတော့ပါဘူး မေမေရယ်၊ Workshop က လာဆွဲသွားရတာပဲ။ ရရင် Phone ဆက်မယ်ပြောတယ်။ ကျော့ကို အသိပေးဦးနော်''

''ဒါကြောင့်ပြောတာပေါ့။ သမီးကို Hand Phone လုပ်ပါဆို။ အရေးအကြောင်းဆို တယ်လိုက်ခေါ်ရမယ်မသိဘူး''

''အေးလေ၊ မမသမီးက ကပ်စေးကို နည်းတယ်''

''အပိုကုန်စရာ အန်တီလေးရဲ့၊ သိလည်းမသိဘဲနဲ့''

''အလိုတော်! ဒီလောက် လစာကောင်းနေတဲ့လူကများ ညည်းရတယ်ရှိသေး''

"ကျော်က အန်တီလေးလို ဆိုင်ပိုင်တဲ့သူမှမဟုတ် လခစားရှင့် . . . လခစား။ Phone ဝယ်ပြီးရင် ငွေကာတ်က လေး ကုန်ဦးမယ်။ ပြီးရင် ဟိုကခေါ် ဒီကခေါ်နဲ့ Phone တတီတီမြည်ပြီး အလုပ်ကိုဖြောင့်ဖြောင့်လုပ်နိုင်မှာမဟုတ် OFF ရက်လေး ဖိမ်နဲ့စာအုပ်ဖတ်ပြီးနှပ်တုန်း လှမ်းခေါ်ရင် ပွဲ ပါလေရော"

"အမယ်လေးတော်! ပြောနေလိုက်တာ သူ့ကိုယ် အသက်လေးဆယ်ကျော်အပျိုကြီးလိုပဲ။ ငါပြောဖို့လည်း ထ ဦး"

အန်တီလေးက မနက်စာကို ခပ်မြန်မြန်စားကာ ဈေး ဆိုင်ထွက်ဖို့ပြင်လေပြီ။ ကျော်ကသာ မေမေကြော်ပေးသည့် ပြုတ်နှင့်ထမင်းကြော်ကို ပူပူလေးစားနေမိတာပါ။

Phone တဲ့။ ဟိုနေ့ကပဲ ဦးမာန်ကတောင် မေးသေး လေ။ မျက်စိရှေ့မှာ ထောင့်စေ့အောင်ကို သေသေသပ်သပ် သွားလိုက်တာများ Specialist ပါပဲ။ အမှတ်တွေ တစ်သိ ပေးထားတာ ထပ်တိုးပေးရဦးမယ်ထင်ပါရဲ့။

တော်လိုက်ဝ နေ့်။ ကျော့်လိုမိန်းကလေးကို ငဲ့ည တတ်တာလည်း တော်တာပဲ။ ကိုသက်နဲ့များ ကွာပါ့။ က





အားမအား ကြိုက်မကြိုက် မစဉ်းစားဘဲ ခေါ်ချင်ရင်လာခေါ်၊ မခေါ်ရင်လည်း လူကိုရှိတယ်တောင်မထင်ဘဲ ဥပေက္ခာပြုထား တတ်တာမဟုတ်လား။

ငွေရှာတာလည်း တော်၊ အရည်အချင်းကလည်း ရှိ၊ သဘောမနောကလည်း ကောင်း။ တစ်ဖက်သားကိုလည်း ငဲ့ညှာ လိုက်လျောတတ်သေး။ ဒီတော့ ဘာလိုအပ်ချက်များရှိတော့မှာ လဲ။ လိုက်ဖက်ပါတယ် ဦးမာန်၊ တကယ်ပါ။ မမနိုးနိုးလို ရွှေဘုံစံ မင်းသမီးလေးမျိုးကမှ ဦးမာန်နဲ့ တကယ့်ကို နှတ်ဖက်တဲ့စုံတွဲလို ဖြစ်စေတာပါလေ။

"Phone မြည်နေတယ်လေ၊ အလုပ်က ဘယ်တော့ သွားရမှာလဲ"

"ညနေမှ မေမေရဲ့၊ ပုံပုံကို သင်တန်းသွားပို့ပေးရမှာ။ ဘယ်က Phone လဲ"

အန်တီလေးက ဈေးကိုသွားပြီမို့ ညှိခန်းမှာ မြည်နေ သည့် Phone ကို ကိုင်မည့်သူမရှိပါလေ။ မေမေက မီးဖိုချောင် မှာ ချက်ပြုတ်နေသဖြင့် အားနေသည့်ကျော်ကပဲ တာဝန်ယူလိုက် ရပါ၏။ Phone စင်ဘေးမှခုံကို ဆွဲယူထိုင်လိုက်ပြီး Phone ကိုင်လိုက်ပါသည်။

''ဟဲလို''

''တော်သေးတာပေါ့၊ အလုပ်မသွားခင် မိလို့''

''ဟာ! ဦးမာန်လား''

''အင်း''

ပါးစပ်ကို အမြန် break အုပ်လိုက်ရပါ၏။ ကျော်တို့အိမ်က သေးသေးလေးမို့ အိမ်ရှေ့ကပြောရင်လည်း အိမ်နောက်က ကြားနိုင်တာပါလေ။ အလိုလေး! ကျော့်ဆီ သူစိမ်းယောကျ်ားလေး(သူငယ်ချင်းတွေမဟုတ်ဘဲ) ဆက်တာကို မေမေသိတော့မှာပဲ။ ဒီလူကြီးကလည်း ဘာစိတ်ကူးပေါက်ပြီး Phone ဆက်ရတာပါလိမ့်။

''ဘာလို့ဆက်တာလဲ၊ ဘာကိစ္စရှိလို့လဲ''

'သတိရလို့'ဟူသည့်စကားကို ပြောမိမှာစိုး၍ မျိုချလိုက်ပါ၏။ အသံလေးတော့ ကြားလိုက်ရမှဖြစ်မှာမို့လို့ပါ ကျော်ရယ်၊ ကိုယ့်နေ့ရက်အချိန်တွေတိုင်းမှာ ဘာကို အဓိကလိုအပ်သလဲဆိုတာကို သိပြီးတဲ့နောက် မင်းက ခွန်အားတစ်ရပ်အဖြစ် ရှိနေပြီလို့ ဘယ်လိုပြောရပါ့။

''ဦးမာန်''

''အင်း. . . ဟိုလေ၊ ကားအဆင်ပြေရဲ့လား။ ပြန်ယူပြီးပြီလားလို့ မေးချင်လို့ပါ''





''ကားက မရသေးဘူး ဦးမာန်ရဲ့၊ ကျော် Phone ဆက်မေးတုန်းက အင်ဂျင်ချရတယ်တဲ့''

''ပြောသားပဲ၊ ကျော့်ကို ကားလဲပါဆိုတာကို''

''ဩော်. . . ဒါက ဖေဖေမောင်းခဲ့တဲ့ကားမို့ သံယောဇဉ်ဖြတ်လို့မရဘူး ဦးမာန်ရဲ့''

''အဲဒီလောက်တောင်ပဲလား''

''ဟုတ်တယ်''

သူတီးတိုးရယ်လေ၏။ အကြောင်းပြချက်ရှိနေတာမို့ ဒီလိုပဲ သတိရပြီး ဆက်တာပဲဖြစ်နိုင်ပါတယ်လေ။ စိတ်ထဲမှာ တစ်မျိုးဖြစ်ပြီး ရင်ထိတ်သွားမိတာမို့ ဦးမာန်ကို အားနာမိသွားတာ အမှန်ပါ။ ညံ့လိုက်တာ ကျော်။

''ဘာပဲဖြစ်ဖြစ် အဲဒီကားကိုပြင်သုံးတယ်လို့ သဘောထားပြီး လဲလိုက်ပါကျော်ရယ်။ ကိုယ်က ကျော့်အတွက် အန္တရာယ်ရှိလို့ပြောနေတာပါ''

''ကျော်နားလည်ပါတယ်''

''တကယ်လို့ ငွေလိုရင်လည်း ကိုယ်ကူညီပေးမှာပေါ့။ အဲဒီအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စရာမလိုပါဘူး။ ကျော်သိပါတယ်

လေ။ ကိုယ်က အင်း. . . ဘယ်လိုပြောရမလဲ၊ ကျော့်ကိုခင်တဲ့ မိတ်ဆွေမျိုးပဲဆိုပါတော့''

စကားများသွားမှာစိုးပြီး ထိန်းပြောလိုက်ရပါသည်။ ဟန်မဆောင်တတ်ဘဲ ဖုံးကွယ်ထားရတာ ခက်ခဲလှချည်လား။ တွေ့တာမှ နှစ်ကြိမ်နှစ်ခါလေးပဲ ရှိသေးတာကို 'မင်းကိုကိုယ်ချစ်တယ်' ဆိုပြီးပြောချလိုက်မိရင် ကျော် အကြီးအကျယ်စိတ်ဆိုးမှာ အသေအချာပါပဲ။ ရင်မောရပါလား ကျော်ရယ်။

''ဦးမာန်၊ ကျော့်အပေါ် စေတနာထားတာကိုသိပါတယ်၊ ဒါပေမဲ့''

'သူစိမ်းတွေလေ'ဟုပြောလိုက်ရမှာကို ကျော် အားနာသွားရပါ၏။ ကိုသက်ဆီကဆိုရင် 'ငါ့ကိုငွေငါးသောင်းလောက်ခဏပေးထားဦး'ဆိုပြီးပြောလည်းကိစ္စမရှိ။ မျက်နှာမပူရပါ။ ငယ်သူငယ်ချင်းမို့ ယုံကြည်စိတ်ဖြင့် ရှောရှောရှူရှူထုတ်ပေးတတ်တာ မဟုတ်ပါလား။

အခုတော့ ဦးမာန်က ကျော့်အတွက် သူစိမ်းသက်သက်ပါလေ။

''ဒါပေမဲ့ ဘာဖြစ်လဲ''

''ယူလို့မဖြစ်ပါဘူးလို့ ပြောမလို့ပါ''





''အားနာလို့လား''

''အဲဒါလည်း ပါတာပေါ့''

''ကျော်က စိမ်းကားလိုက်တာကွာ၊ ကိုယ့်ဘက်က ထားလိုမျိုး ကိုယ့်ကိုရင်းနှီးစိတ်မထားနိုင်တာ စိတ်မကောင်းစရာ

''အဲဒီလိုလည်းမဟုတ်ပါဘူး။ ကျော်ပြောတာကလေ''

ပြုံးသနားပဲ။ ဒီလောက်စကားမများအောင် သတိထားနေ ချက် လွှတ်ခနဲထွက်သွားမိတာလေ။ ကျော်က အဲဒီလိုပါပဲ။ ထဲရှိတာကို မမျိုသိပ်ထားတတ်ဘဲ အကုန်ဖွင့်ပြောလိုက်မှ နေထိုင်သာရှိတတ်တဲ့သူလေ။

''ကိုယ့်ကိုပြောပြနိုင်မှာလား''

''ဟင်! ဘာကိုလဲ''

''ကျော်. . . ဝမ်းနည်းပက်လက် မျက်ရည်ကျခဲ့ရတဲ့ကြောင်း''

''အဲဒါက''

အို! ဒါကို မှတ်မှတ်ရရ သတိရနေတာပဲလား။ ကျော့်ကြောင့် မနည်းကြီးဖြေသာအောင် နေခဲ့ရတာပါလေ။ အသည်းကွဲတာလိုလို၊ တစ်ခုခုကိုစွန့်လွှတ်လိုက်ရသလိုမျိုး ကြေကြေကွဲ

ကွဲနဲ့ ဝမ်းနည်းခဲ့မိတာ ကျော်ကိုယ်တိုင်ပဲ သိခဲ့ရတာမဟုတ်လား

"ခုမပြောချင်လည်း နောက်တော့ပြောပြလေ"

"အင်း"

"အလုပ်သွားရမယ်မဟုတ်လား။ ကိုယ် Phone ပိ
လိုက်တော့မယ်"

"ဟုတ်ကဲ့"

"ကျော်"

"ရှင်"

"Phone ဆက်ခွင့်ပြုတဲ့အတွက် Thanks ပါ"

အသံတိတ်သွားချေပြီ။ ဘယ်လိုလဲ။ ကျော့်ကို တင်
ခုတွေးမိအောင်များ သူပြုလိုက်လေသလား။ အိမ်ကိုဆက်ရ
ကျော်မရှိဘူးလို့ အလိမ္မာနည်းသုံးပြီး ပြောခဲ့ပေမယ့် အခုလို
ဆက်တုန်း တန်းတိုးတတ်တာကို မသိဘူးတဲ့လား။ ကျေးဇူးပါတဲ့
ဘယ်တော့မဆို ပြောကျင့်လေးရှိတာမို့ သဘောကျမိသလိုလို
ပဲ ဦးရဲရင့်မာန်။

"ဟဲ့! ဩော်. . . Phone ကြီးကိုင်ပြီး ဘာငိုင်နေတ
လဲ"

"ဘာ. . . ဘာလဲ မေမေ"





"အမှိုက်ကား လာနေပြီ၊ သွားပစ်ပေးဦးလို့"

"ဟုတ်! ဟင်. . . အမှိုက်ကားက ညနေဘက်မှ လာတာ မဟုတ်လား"

"ညနေဘက်က အမှိုက်ကန်က အမှိုက်တွေပဲ သိမ်းတာတဲ့။ မနက်ပိုင်းက ရပ်ကွက်ထဲက အိမ်ရှေ့တိုင်း လိုက်သယ်ပေးတာ။ ပြန်ထွက်သွားဦးမယ်၊ မြန်မြန်"

မေမေ လော်လိုက်တာမို့ နောက်ဖေးပေါက်နားမှာ စည်းထားသည့် အမှိုက်အိတ်နှစ်ထုပ်ကို မနိုင့်တနိုင်ဖြင့် ဆွဲသယ်ခဲ့ပါ၏။ အိမ်မှာက အလုပ်သမားမထားတာမို့ ဘာပဲလုပ်လုပ် ကိုယ်ထူကိုယ်ထ လုပ်ရတာပါလေ။

"ခဏ. . . ခဏလေး"

အိမ်ရှေ့မှမောင်းထွက်ရန် စက်နှိုးလိုက်သည့်အမှိုက်ကားကို လှမ်းအော်လိုက်ရပါ၏။ ကျော်လာနေတာကိုမြင်တာမို့ အလုပ်သမားလေးက ကားပေါ်မှခုန်ဆင်းလာပြီး ကူသယ်ပေးလေသည်။ သူတို့ကျ လုပ်နေကျမို့လားမသိ၊ ကျွမ်းကျင်လိုက်ပါဘိ။

"ကျေးဇူးပဲနော်"

နှုတ်က အကျင့်ပါစွာဆိုမိ၏။ လိုအပ်ပါသလား။ သူများတွေ ပြောမပြောကို ကျော်မသိပေမယ့် တလေးတစားဆက်ဆံ

ပြီး ပြောလိုက်ခြင်းဖြစ်လေသည်။ ကျော့်လိုဘာမဟုတ်တဲ့ကောင်မလေးကိုတောင် ဦးမာန်က ကျေးဇူးတင်တတ်တာကိုး။

"တီ! . . ."

"အမေ့! လန့်လိုက်တာ"

"အမှိုက်ပစ်ပြီး လက်မဆေးဘဲ ရပ်ပြီး ဘာစိတ်ကူးယဉ်နေလဲ"

ကုမ္ပဏီသွားရန် ကားမောင်းထွက်လာရင်း ပြောလိုက်သည့်သူ့ကို တွေ့လိုက်ရပါ၏။ မရတွေ့တာကြာလို့များလားမသိ၊ ရှိုးအရမ်းများလာသလို တစ်ကိုယ်လုံး မွှေးကြိုင်နေတာမို့ နှာခေါင်းရှုံ့ပြလိုက်မိလေသည်။

"ဘာလဲဟ"

"ရေမချိုးဘဲ ရေမွှေးဆွတ်လာတာမဟုတ်လား၊ မွှန်ထူနေတာပဲ"

"အံမယ်! နင့်လိုညစ်ပတ်များ ထင်နေလား၊ ရေချိုးမချိုး မယုံရင် လာမွှေးကြည့်လေ"

ဟိုကောင်မလေးသာကြားရင် မျက်ဖြူစိုက်သွားမှာလေ။ သူကတော့ ပြောနေကျမို့ ဒီတိုင်းပြောလိုက်တာပါပဲ။ နေပါဦး၊ ဒီနေ့ Sunday မဟုတ်လား။ ပိတ်ရက်တောင်မှ စောစောစီးစီး





ကောင် ဘယ်လိမ့်မလို့ပါလိမ့်။

"ဒါက ဘယ်လဲ"

"သိချင်လို့လား"

"မသိချင်ပါဘူး။ တွေ့လို့မေးရတာ"

သူက ကားပေါ်မှဆင်းရပ်လိုက်လေ၏။ တစ်ကိုယ်လုံး အဖြူဆွတ်ဆွတ်ဝတ်ထားတာမို့ ဖြူဝင်းသည့်သူ့အသားနှင့် လိုက်ဖက်ကာ ပိုချောနေသလိုပါပဲ။ မနာလိုလိုက်တာနော်။ ကျော်တို့ ဘော်ဒါတွေနဲ့တွေ့ရင် Jeans လောက်သာဝတ်ပြီး ပေါ့ပေါ့ပါးပါးလေးမဟုတ်လား။ အခုတော့ သီးသန့်တွေ့ရမယ့်သူဆိုတော့ ပျံ့နေအောင်ပြင်ဆင်ပြီး သွားတွေ့တော့မှာလေ။

"ဘာလဲ၊ မနာလိုဖြစ်နေပြီလား"

"သွားစမ်းပါ. . . အနေသာကြီး"

လက်ကိုဘေးဆန့်ကာ ဟန်ရေးပြပြန်လေ၏။ ဟိုကောင်လေးကတော့ ဒီပုံစံမြင်တာနဲ့ ကြွေပြတော့မှာပဲ၊ အရင်က ဘယ်သွားသွား 'လိုက်ခဲ့'ဆိုပြီးခေါ်တဲ့လေသံက အခုဆို တစ်ခါမှမကြားတော့ပါလေ။ အင်းပေါ့၊ ရည်းစားက ရည်းစား၊ သူငယ်ချင်းက သူငယ်ချင်း၊ တူမှမတူတာကိုး။

"နင့်ဟာလေး ခိုက်ဖို့ပဲလိုပါတယ် ကိုသက်ရှာ။ အတာ

လာပြမနေနဲ့''

''ဟုတ်ပါတယ်၊ ဒါကြောင့် နင်မနာလိုဘူးလို့ပြောနေတာ အသိသာကြီး''

ကြည့်! မခံချင်အောင်ပြောပြန်ပြီ။ မနေ့တစ်နေ့ကမှ ရည်းစားလေး ရပါတယ်။ ဘော်ဒါတွေကြားမှာ ကြွားစရာထင်ပြီး ဂုဏ်ယူနေရတယ်လို့။

''နင့်မှာ ဒီလိုပြစရာအတွဲမရှိဘူးမဟုတ်လား''

''ဘာ!''

''နင့်ကိုလည်း ဘယ်သူမှကြိုက်မှာမဟုတ်ပါဘူး။ အန်တီတင်တင့်လိုပဲ တစ်ကိုယ်တည်းအပျိုကြီးဖြစ်ဦးမှာ မြင်ယောင်သေးတယ်သိလား''

''ကိုသက်! . . .''

ဒေါသဖြင့် ဆောင့်အော်လိုက်စဉ် သူက ကားပေါ်တက်ကာ စက်မောင်းထွက်သွားတော့၏။ ပြောတာတော့ ထားပါလေ။ ကျော့်ကို ဘယ်သူမှကြိုက်မှာမဟုတ်ဘူးလို့ပြောစရာလား။ ပြောသင့်မပြောသင့် ချင့်ချိန်သင့်တာပေ့ါ။

ကိုသက်ရယ် . . .

ငါတို့ကြားက သံယောဇဉ်ကို အသိအမှတ်မပြုရင် နေပါ၊





ငါ့ကိုတော့ . . . ငါ့ကိုတော့

ဒီလိုနှိမ်ချပြီး အထင်တသေးနဲ့ပြောတာကိုတော့ မလုပ်ပါနဲ့လားဟယ်။



# အခန်း (၁၂)

မြို့ထဲရှိ Beauty Spa ရှေ့နားမှာ ကားကိုရပ်လိုက်ပါသည်။ ဒီနေ့ အန်တီဒေဝီတို့သားအမိတွေ ခေါင်းအစ ခြေအဆုံး အလှပြင်ကြမှာကိုး။

''ကျော်''

''ရှင်. . . အန်တီ''

''(၃)နာရီတောင် ကြာမှာဆိုတော့ သမီးသွားစရာရှိရင် သွားလို့ရတယ်နော်။ ဒီတိုင်းထိုင်စောင့်နေရင် အချိန်ကုန်မှာစိုးလို့ပါ''

''ရပါတယ် အန်တီ''

''(၂)နာရီ ဒီပြန်ရောက်ရင်ဖြစ်တယ်၊ ကျော် သွားချင်ရင်

သွားပါ။ အားမနာနဲ့''

''ကားယူချင်ရင် ယူသွားနော် သမီး''

မှာစရာရှိတာသေချာမှာပြီးမှ ဆိုင်ထဲဝင်သွားကြလေ၏။ ဒီဆိုင်က နာမည်ကြီးမို့ နှစ်ရက်ကြိုပြီး Booking လုပ်ထားရတာပါလေ။ ကြာမှာတဲ့၊ ဒီအချိန်လောက်ဆို စာအုပ်တန်းကိုကောင်းကောင်းမွှေလို့ရတာမဟုတ်လား။ ကားယူသွားရင် ရပ်စရာအခက်အခဲရှိတာမို့ မှန်တွေတံခါးတွေ Lock ချကာ ထွက်ခဲ့ပါ၏။

Platform ထက်မှာ ဥဒဟိုသွားလာနေသည့်လူတွေ ကြားထဲ ရောနှောလျှောက်လာခဲ့သည်။ ဆိုင်ကြီးတွေဝင်တာထက် စာအုပ်ဟောင်းတွေ ပုံရောင်းတတ်သည့်ပန်းဆိုးတန်းဘက်မှာ ဝယ်လို့ကောင်းလေသည်။ လိုချင်သည့်စာအုပ်တွေလည်း စိတ်ကြိုက်ရှာလို့ရနိုင်ပြီး ဈေးလည်းဆစ်လို့ရတာကိုး။ ကျော်စွာသာ အတူပါရင် ပျော်စရာကောင်းလိုက်မယ့်ဖြစ်ခြင်း။ ကျော်စွာနဲ့ကျော် က ဝါသနာတူလေ။

''ဟော!''

တာလဘတ်နှစ်ကန့်စာ ခင်းထားသည့်စာအုပ်ပုံကိုမြင်ရပြီး ကောင်လေးနှစ်ယောက် ရောင်းနေလေ၏။ အမျိုးအစားလည်း စုံတာမှ ဒီမှာအချိန်ကုန်တော့မယ်မှန်း သိလိုက်ပါသည်





ရွေးနေသည့်လူလည်း နည်းတာမို့ လုဝယ်စရာလည်း မလိုပါရှေ့။

တချို့စာအုပ်တွေက ကောင်းပေမယ့် ဟောင်းနွမ်းနေသည်က ပိုများနေလေ၏။ စက္ကူစုတ်နေပေမယ့် စာရေးသူ၏ရင်တွင်းစေတနာကဖြင့် တန်ဖိုးကြီးပြီး သစ်လွင်နေတာပါလေ။ 'ဟိုဟာပြပါဦး' 'ဒါလေးပေးပါ' 'လျှော့ပေးနော်'ဆိုပြီး ရွေးလိုက်တော့ ကျော့်လက်ထဲမှာ လေးငါးဆယ်အုပ်ခန့် ရောက်နေလေပြီ။ တစ်လစာ မုန့်ဖိုးကုန်ပြီထင်ပါရဲ့။

''တစ်သောင်းရှစ်ထောင့်ခြောက်ရာပါ အစ်မ''

''ဟယ်! များလိုက်တာ၊ လျှော့ပါဦး''

''မရလို့ပါ အစ်မရဲ့၊ အစ်မရွေးထားတာ စာအုပ်ကောင်းတွေချည်းပဲ''

''စာအုပ်ကောင်းမဟုတ်ပါဘူးဟယ်၊ စာကောင်းတွေလို့ပြောပါ။ နည်းနည်းတော့ ထပ်လျှော့ပေးဟယ်၊ မကြာမကြာလာလာဝယ်နေတာကို''

''အဲဒါဆိုလည်း တစ်ရာလျှော့ပေးမယ်''

''တစ်ရာက ဘာရှိမှာတုန်း။ ခြောက်ရာဝလုံးလျှော့ပေး''

''ဟာ! ခြောက်ရာဆို နှစ်အုပ်စာတန်ဖိုးရှိနေပြီဗျ''

''ငါ အများကြီးဝယ်ထားတာပဲဟာ၊ ဒီလောက်တော့

လျှော့ပေးမှပေါ့။ အမှန်ဆို တစ်သောင်းခွဲလောက်ပဲ ထားသင့်တာ၊ ငါက အားနာလို့"

"အမယ်လေးဗျာ! အဲဒီလောက်နဲ့သာ ပေးလိုက်ရရင် ကျွန်တော်တို့အရင်းပြုတ်ပြီး မွဲရချည်ရဲ့ဗျ"

ရော်! ခက်ရချည်ရဲ့၊ ကျော်ကလည်း စာအုပ်ဝယ်တိုင်း ဈေးဆစ်ရမှာကို အားနာတတ်တာလေ။ ရောင်းတဲ့လူထက် ဒီစာကိုဖန်တီးရေးသားသည့်စာရေးသူတို့ကို လေးစားသည့်စိတ်ကြောင့်ပါပဲ။ ကျော်ဝယ်ထားသည့်စာအုပ်တွေကို အဖုံးသေသေသပ်သပ် ပြန်ချုပ်ပြီး ဗီရိုထဲမှာ ပရုတ်လုံးနှင့် သပ်သပ်ရပ်ရပ်ထည့်သိမ်းထားတာပါ။

ပြန်ရောင်းဖို့စိတ်ကူးမရှိ။ ကိုယ်လိုချင်လို့ မရမကရှာဝယ်ထားရတာမဟုတ်လား။ ဖတ်ချင်သည့်အခါ ထုတ်ဖတ်ပြီး ပြန်သိမ်းထား။ ကျော်ရွာလာတဲ့အခါ ကျော့်စာအုပ်ဗီရိုကို စိတ်ကြိုက်မွှေပြီမှတ်။ ပြီးရင် သူဖတ်ချင်တာယူသွား(ငှားသွား) တတ်ပြီး သူဝယ်ထားသည့်စာအုပ်အသစ်တွေကို ကျော့်အတွက် ယူလာပေးတတ်သည်။

ပြီးတော့ ကျော်ရွာတို့ရပ်ကွက်မှာ ကလေးတွေဖတ်လို့ရအောင် စာကြည့်တိုက်လေး ဖွင့်ထားပါ၏။ အပတ်စဉ်ထုတ်





ယ်အစ ဝယ်တင်ပေးတာမို့ သူတို့ရပ်ကွက်မှာ ကျော်ရွာတစ် ာက် စာကြည့်တိုက်မှူးမဖြစ်တဖြစ် ဖြစ်နေလေသည်။ သူငယ် တွေနှင့်စပ်တူဖွင့်ထားသည့် Internet ဆိုင်မှာထက် ထိုစာ ည့်တိုက်မှာ ထိုင်ရတာကို ကျော်ရွာပိုနှစ်သက်တာအမှန်လေ။

"ရသမျှလခတော့ ကုန်ပါပြီ"

"ဟင်!"

နောက်ဘက်မှအသံကြားလိုက်ရတာမို့ အလန့်တကြား လှည့်ကြည့်လိုက်မိ၏။ အလို! ဒီနေရာကို ဘယ်လိုဖြစ်ပြီး ာက်လာရတာပါလိမ့်။ ချမ်းသာတဲ့လူက ဒီလိုနေရာကိုရောက် အကြောင်းမရှိတာလေ။

"ဦးမာန်"

"ဘယ်လောက်ကျသလဲ"

"တစ်သောင်းရှစ်ထောင့်ငါးရာပါ"

"သြော်. . . ခြောက်ရာလျှော့ပါဆိုနေမှ"

စာအုပ်ရောင်းသည့်ကောင်လေးနှစ်ယောက်ကို လှည့် နေစဉ် သူက ငွေထုတ်ရှင်းလိုက်လေ၏။ ပြုံးသနားပဲ၊ သူများ ယ်တာကိုလည်း ဒီလူကြီးနှောင့်ယှက်ချင်တာပဲလား။

"ဘာလုပ်တာလဲ ဦးမာန်ရဲ့"

"စာအုပ်ဖိုးရှင်းပေးတာလေ ကျော်ရဲ့၊ ဘာဖြစ်လို့ ကပ်စေးနဲ့နေတာမဟုတ်လား"

"မဟုတ်ပါဘူး"

"ဒီမှာပါခင်ဗျာ၊ နောက်လည်းလာဝယ်ပါဦးနော် အ..."

"မလာပါဘူး၊ ဈေးဖြင့်မလျှော့ပေးဘဲနဲ့များ"

"ရော်! ဘယ်လိုဖြစ်ပြီး စိတ်က တိုလာပြန်တာလဲ ... လာ. . ."

သူက ကောင်လေးတွေလှမ်းပေးနေသည့် စာအုပ်... ကို လှမ်းယူလိုက်ကာ ကျော့်ကိုဆွဲခေါ်ခဲ့လေ၏။ အခုမှပဲ ... ကလေးကို ကျောင်းပို့ဖို့ဆွဲခေါ်နေသလိုဖြစ်နေပြီလေ။ နေ... ကျော့်ကို သူဒီလိုမျိုး တရင်းတနှီးကြီးလုပ်နေပြန်ပါရောလ...

"ဦးမာန်"

"ဘာလဲကွာ"

"ဘယ်လာတာလဲ"

"ဆိုင်ကို"

"ဆိုင်"

"အင်းလေ"

"ဆိုင်က ဘယ်မှာလဲ"





ဟိုဒီငေးကြည့်လိုက်သည့်ဟန်လေးကြောင့် သူရယ်လိုက်... လေ၏။ သူ့ဆိုင်ကဖြင့် ဟိုးအပေါ်ထပ်မှာလေ။ ကိုဘုန်းဆီ... ...က်နှာလာပြပြီး စာရင်းဇယားတွေ ဟိုဒီလှန်လှောကြည့်ကာ မှန်... ...များမှတစ်ဆင့် အောက်ကိုကြည့်မိစဉ် ခေါင်းတလည်လည် ...် တစ်စုံတစ်ခုကိုရှာသလို လျှောက်နေသည့်ကျော့်ကို မြင်လိုက်... ...တာလေ။

တွေ့ချင်နေပါတယ်ဆိုမှ တည့်တည့်ကြီးတိုးသလိုဖြစ်... ...တာကိုး။ ကိုဘုန်းမေးတာကိုပင် ကောင်းကောင်းမဖြေဖြစ်ဘဲ ...ာက်ထပ်ကို ခပ်သွက်သွက်ဆင်းလာခဲ့တာပါ။ အများထဲမှာ ...နေ့အပြာလေးဝတ်လာတာမို့ ကျော့်ကို ထင်းခနဲမြင်သာသလို ...်နေပြီး သူ့ Favourite Colour မို့ စိတ်ချမ်းသာလိုက်တာ ...ပြောပါနှင့်။

သိပ်မရှာလိုက်ရဘဲ စာအုပ်ပုံရှေ့မှာ စိန့်ပြေနပြေ ထိုင်ရွေး... ...သည့်သူ၏ကျော့်ကို တွေ့လိုက်ရတာပင်။ လိုချင်တာတွေ တစ်... ...ကြီးရသွားထင်ပါရဲ့၊ ပြုံးနေသည့်မျက်နှာလေးကို ဖျတ်ခနဲသာ ...်လိုက်ရပြီး ဈေးဆစ်မရသည်နှင့် မှုန်မှုန်လေးဖြစ်သွားတော့ ...တာပါပဲ။

"ဟင်! ဘယ်မှာလဲလို့"

"လိုက်လည်ချင်လို့လား"

"မလိုက်ပါဘူး"

"အဲဒါဆို ဘာလို့မေးသေးလဲ"

"သိဘူးလေ၊ ဦးမာန်ပဲ ဆိုင်လာတယ်ဆိုလို့"

"ဟုတ်တယ်လေ၊ ဆိုင်ကနေလှမ်းကြည့်တုန်း ကျော[...] ကိုမြင်လိုက်လို့ ဆင်းလာခဲ့တာ"

မယုံသလိုအကြည့်ဖြင့်ကြည့်နေသည့်ကျော့်ကို သူ[...] ရင်း ပြုံးလိုက်မိပါ၏။ ဥဒဟိုသွားလာနေသည့်လူအုပ်ထဲ တိုး[...] စဉ် ရုတ်တရက် သူ့လက်မောင်းကို ကျော့်ဆွဲလိုက်လေသ[...] အဲဒီလိုသာ တစ်သက်လုံးတွဲပြီး ခေါ်ပါရစေလား ကျော့်ရယ်[...]

"ဦးမာန်. . . ဦးမာန်"

"ပြောလေ"

"ဘယ်သွားနေတာလဲ"

"မိုးတွေလာနေမှတော့ ကော်ဖီဆိုင်ဖြစ်ဖြစ် ဝင်နိုင်[...] မှာပေါ့ ကျော့်ရဲ့"

"မိုး. . ."

ကောင်းကင်ကို မော့ကြည့်မိလိုက်စဉ် တကယ့်[...] တဖျောက်ဖျောက်ကျလာသည့်မိုးစက်တွေကြောင့် သူဦးဆော[...]





ဝင်လိုက်သည့်ကော်ဖီဆိုင်ထဲ ဝင်လိုက်ရပါ၏။ ဆိုင်ထဲမှာ ထိုင်လိုက်သည်နှင့် အပြင်မှာ မိုးက ဝေါခနဲရွာချလေတော့သည်။ ကပ်သီလေး မိုးစိုလွတ်သွားတာပါလား။

"ဘာသောက်မလဲ"

"Tea!"

"မိန်းကလေးဖြစ်ပြီး ဘယ့်နှယ် Tea လဲ ကျော့်ရယ်"

"ဦးမာန်ဘာသာ ကော်ဖီသောက်ချင်သောက်ပေါ့။ ကျော့်ကတော့ Tea ပဲသောက်မှာ"

"ဟုတ်ပါပြီ စိတ်တော့ မကောက်လိုက်ပါနဲ့။ ဘာကြိုက်လဲဆိုတာကို ကြိုပြောမှ ကိုယ်က ညည့်ခံလို့ရမှာပေါ့။ အိမ်ကို လိုက်လည်တုန်းက ဘာလို့မပြောလဲ"

"ဟင်! ဦးမာန်ကရော မေးလို့လား"

သူက ကျော့်ကိုလက်ကာပြကာ Waiteress လေး ရောက်လာတာမို့ ကော်ဖီနှင့်လက်ဖက်ရည်မှာကာ မုန့်ပါ မှာပေးလေ၏။ စားပွဲထက်တင်ထားသည့်စာအုပ်ထုပ်ကို ဖြည်ကြည့်စဉ် သူက ကျော့်ရှေ့မှဆွဲယူကာ ထိုင်ခုံပေါ်ချလိုက်လေသည်။

"စာအုပ်ကိုင်လိုက်ရင် ကိုယ်နဲ့စကားပြောတော့မှာမဟုတ်မှန်းသိလို့"

"ကျော် အလုပ်နဲ့လာတာနော်"

"ဘယ်သူနဲ့လဲ"

"အန်တီဒေဝီတို့သားအမိနဲ့ မမနိုးနိုးရော ပွဲ့ပါ ပါတယ်"

"ဘယ်မှာလဲ"

"အဲဒီနားက Beauty Spa မှာ"

"အဲဒီတော့"

"ကျော်နဲ့အကြာကြီး စကားပြောဖို့အချိန်မရှိဘူးလို့ ကြို ပြောထားတာလေ။ ကြိုပြောမှကြိုက်တာဆို"

"ရွဲ့တာလည်း ချက်ချင်းကြီးပဲ"

"မရွဲ့ပါဘူး၊ အမှန်အတိုင်းပြောတာကို"

မှာထားတာတွေ ရောက်လာတာမို့ နွေးအောင်မှုတ်နေ မိ၏။ ကဲ! အစောကြီးကတည်းက ပိတ်ထားပြီမို့ သူ ဘာစကား ဆက်ပြောမလဲဆိုတာကို စောင့်ကြည့်ရုံပါလေ။

"ကျော်"

"ဟင်"

"ကိုယ်နဲ့မြတ်နိုးကို ဘယ်လိုမြင်ထားလို့လဲ"

"ဒီလိုပဲပေါ့"

"ဘာဒီလိုပဲလဲ"





"လူကြီးတွေ သဘောတူထားကြတာဆို"

"ဟုတ်တယ်လေ၊ အဲဒါ လူကြီးတွေဆန္ဒပဲဟာ။ ကိုယ် တို့လူငယ်တွေဆန္ဒမှမပါတာ"

"အဲဒါ. . ."

စကားဆက်ဖို့ပြင်လိုက်ပြီး ရပ်လိုက်ရပါ၏။ ဟုတ်သား ပဲ မမနိုးနိုးလည်း သူ့အပေါ်စိတ်မဝင်စားဘူးဆိုတဲ့သဘောမျိုးနဲ့ ကျော့်ကိုရင်ဖွင့်ခဲ့သေးတာလေ။ ဘယ်လိုလဲ၊ ဒါဖြင့်နှစ်ယောက် စလုံး လက်မတွဲဘူးဆိုတဲ့သဘောလား။

"မြတ်နိုးကရော ကိုယ့်ကိုလက်ခံချင်တယ်လို့များ ကျော် ကိုပြောသလား"

"မပြောပါဘူး၊ အဲ. . . အဲဒါ ကျော်နဲ့ဘာဆိုင်လို့လဲ။ အဲဒီလိုအတွင်းရေးတွေအထိ ကျော့်ကိုမဆွေးနွေးပါဘူး။ ကျော် က driver ပဲဟာ"

"ကိုယ်က ဆွေးနွေးချင်တယ်ဆိုရင်ကော"

"အဟွတ်! . . . အဟွတ်! . . ."

လက်ဖက်ရည်သီးချေပြီ။ ဘယ်လိုကြီးပြောလိုက်တာပါ သဲ။ သူ့ကိုကြည့်လိုက်စဉ် ကျော့်ကို Tissue ထုပ်ဖွင့်ကာ ပေး နေလေ၏။ ဘာလဲ၊ ဘာသဘောမှမပါဘဲ ဒီလိုခပ်ရိုးရိုးပဲပြော

လိုက်တာများလား။

''သုတ်လိုက်လေ''

နှုတ်ခမ်းနှင့်လက်မှာ စင်သွားသည့်နေရာတို့ကို သုတ်
လိုက်ရပါ၏။ ကျော်နားမလည်အောင် ပဟေဠိတွေတော့ လာမ
ပါနဲ့လား ဦးရဲရင့်မာန်။ ကျော်က လျှို့ဝှက်သိုသိပ်တတ်တဲ့သ
မဟုတ်သလို ရှင်းရှင်းဘွင်းဘွင်းပြောချတတ်တဲ့သူမို့ပါလေ။

''ဒါလေးပြောတာနဲ့ လန့်ရလား''

''မဟုတ်ပါဘူး''

''ပြောပြမှာလား''

''ဘာကိုလဲ''

''ဟော! မေ့ထားလိုက်ပြန်ပြီ၊ ကျော့်မျက်ဝန်းကိုကြည့
ရုံနဲ့ ရင်ထဲမှာဘာတွေဖြစ်နေတယ်၊ ဘယ်လိုခံစားနေရတယ်
တာကို ကိုယ်မြင်နေရတယ် ကျော်။ ပြုံးနေပေမယ့် အပြုံး
အသက်မဝင်ဘူး၊ ကျော် တကယ်ပြုံးလိုက်ရင် မျက်ဝန်းညိုလေး
တွေကအစ အရည်ကလေးတွေလဲ့ပြီး တကယ်အသက်ဝင်တာ

ဘုရားရေ! ဘာအဓိပ္ပာယ်လဲ။ ပြောနေသည့်လူရဲ့မျက်
ဝန်းအစုံကပင် အရည်တို့ စိုလဲ့နေတာပါလေ။ ကျော့်မျက်လုံး
ကြည့်ရုံနဲ့ ရင်ထဲထိတိုင် မြင်ရသတဲ့လား။ ငယ်သူငယ်ချင်းဖြ





တဲ့လူကဖြင့် ဒီလိုပြောဖို့နေနေသာသာ၊ ကျော့်ကိုလှောင်ပြောင်
လှောင်ခဲ့သေးတာလေ။ ခုတော့ ကိုယ်နဲ့မသက်ဆိုင်တဲ့သူစိမ်းတစ်
ယောက်က ကျော့်မျက်နှာကိုကြည့်ပြီး ဖတ်တတ်နေပါရောလား။

''နာကျင်နေရင်လည်း ဝေဒနာကို ကျိတ်မြိုတာထက်
တစ်ယောက်ယောက်ကို ရင်ဖွင့်ပြောပြလိုက်မှ ခံစားရတာ သက်
သာမှာပေါ့ ကျော်ရယ်။ ဒီလိုမှမဟုတ်ဘဲ မျိုသိပ်ထားရင် ခံရခက်
ပြီး ပိုနာကျင်ရလိမ့်မယ်။ ကျော့်ကို အဲဒီလိုဝေဒနာမျိုး မခံစားရ
စေဘဲ အမြဲပျော်ရွှင်ပြုံးပျော်နေတာကိုပဲ ကိုယ်မြင်ချင်တာပါ''

ကြည့်ပါဦး၊ ကျော်ခံစားနေရတာကို တကယ်သိနေသလို
ပါပဲလား။ ကျော်ကဖြင့် သူ့ကို သူစိမ်းတစ်ယောက်လို့ပဲ ခပ်စိမ်း
စိမ်းကြည့်ခဲ့မိတာလေ။ ကျော့်ကို. . . ကျော့်ကို ဘာဖြစ်စေချင်
လို့ပါလဲ ဦးမာန်ရယ်။



## အခန်း (၁၃)

မမနိုးနိုးက ကုန္တြေရရ ပြုံးနေသော်ငြား ပုံပုံက ကလေး ပီပီ တဟားဟားရယ်နေလေပြီ။ အမှန်က ဒီနေ့ ကားမောင်းစရာ ကိစ္စမရှိပါ။ တမင်စကားပြောချင်လို့ ဒီအိမ်ကိုထွက်လာခြင်းပါပဲ။

''အဲဒီတော့ ကျော်က ဘာပြန်ပြောခဲ့လဲ''

''ဘာပြောရမယ်မှန်းမှမသိတာ မမရဲ့။ သူ့ကိုမြင်ရင် မမနိုးနိုးရဲ့မျက်နှာကိုယှဉ်တွဲပြီး အမြဲမြင်နေပါတယ်ဆိုနေမှ''

''ဟင်းဟင်း. . . သူနဲ့မမက ဆိုင်မှမဆိုင်တာ ကျော် ရယ်''

''ပုံပုံပြောသွားပဲ၊ ဒီလူကြီး မမကျော်အပေါ် မရိုးသား ပါဘူးလို့ဆို''

"ကွယ်! ပုံပုံကလည်း။ လူကြီးတွေပြောနေတာ မနှောင့်ယှက်ပါနဲ့"

"မမကျော်က ပုံပုံတို့ညီအစ်မနဲ့တိုင်ပင်စရာရှိတယ်ဆိုလို့ လိုက်ဆင်းလာတာလေ မမရဲ့"

ပုံပုံက လက်ထဲမှဆီးထုပ်ကို စားလိုက်ရင်း ခြေကိုဆန့်ထောက်ကာ လွှဲလိုက်တာမို့ ဒန်းကလွှဲသွားပြီး မမနိုးနိုးက လန့်အော်လိုက်လေသည်။ ညီအစ်နှစ်ယောက်က ဒန်းပေါ်ထိုင်နေပြီး ကျော်က ပန်းပင်ကိုရံထားသည့်အုတ်ဘောင်ပေါ်မှာ ထိုင်နေတာပါလေ။

"အဲဒီကောင်မလေးဟာလေ၊ အငြိမ်ကိုမနေဘူး"

"ပျင်းလို့ပါဆိုနေမှ"

"သူများစကားကောင်းနေတာ ပုံပုံရယ်"

"ဒါဆို ပုံပုံသဘောကျနေတဲ့ ဟိုအစ်ကိုကြီးက ရည်းစားရှိနေပြီပေါ့လေ"

"ကြည့်!"

မမနိုးနိုးက ပုံပုံလက်မောင်းကို ဖျတ်ခနဲရိုက်လိုက်လေ၏။ သဘောကျတာတဲ့။ သဘောကျတာနဲ့ကြိုက်တာက အတူတူပဲပေါ့နော်။ ဒါဆို ကျော့်ခံစားချက်က ဘာများလဲ။ အဲဒီနေ့အပြန်





မှာ ကန်ပေါင်ကနေဆင်းလာသည့်စုံတွဲလေးကို မြင်ခဲ့ရသေးတာလေ။

လမ်းဘေးမှာရပ်ထားသည့်ကားလေးကိုမြင်လို့ ဖေဖေ့ဝါနဲ့ကားမောင်းရင်းကြည့်တုန်း တွေ့လိုက်ရတာပါပဲ။ ပိတ်ရက်ကို Date ရက်လို့ပဲ သူသတ်မှတ်ထားတာထင်ပါရဲ့။ နှစ်ယောက်သားဖူးကပ်ကပ် ရယ်ရယ်မောမော။ ကျော့်ရင်ထဲမှာတော့ မွန်းမွန်းကျုပ်ကျုပ်၊ စိတ်က မောမော။

ကားထဲမှာအတူပါလာတဲ့ပုံပုံတို့က မတွေ့လိုက်ပေမယ့် ကျော်ကတော့ မျက်စိလျှင်သူမို့ မြင်ခဲ့ရတာပါလေ။ ချစ်သူတွေတဲ့။ သူ့ကို အဲဒီကောင်မလေးနဲ့ယှဉ်တွေ့လိုက်ရတိုင်း ရင်ထဲမှာကျဉ်ခနဲဖြစ်သွားသလို နှလုံးသားကိုဆုပ်ချေ ညှစ်လိုက်သည့်နှယ် ခံရခက်စေတာကို ဘယ်သူများသိမှာတဲ့လဲ။

"သူ့ကောင်မလေးက ချောလားဟင် မကျော်"

"အင်း"

ခေါင်းညိတ်ခြင်းမပြည့်သည့် ညည်းသံသာ ထွက်သွားလေ၏။ မမနိုးနိုးက ကျော့်ဘေးမှာ လာထိုင်ကာ ပခုံးကိုအသာတိုက်လိုက်ပါသည်။ ကျော်ခံစားနေရတာကို မြင်ပုံပါပဲ။ ဘာပဲဖြစ်ဖြစ် မမနိုးနိုးကမှ အချစ်ကိုတစ်ကြိမ်ခံစားခဲ့ဖူးသေးတာမို့ အတွေ့

အကြံရှိသေးတာပါလေ။

"ပူလောင်တယ်မဟုတ်လား ဒီထဲမှာ"

ရင်ဘတ်ကိုတစ်ချက်ပုတ်ပြလိုက်တာမို့ မျက်ရည်ဝဲခဲ ဖြစ်သွားရပါ၏။ ဟုတ်ပါတယ်၊ ရင်ထဲကို ချော်ရည်ပူတွေ စီးမျော နေသလို ပူလောင်ခြင်းတွေသာ ဖြစ်နေစေတာပါ။ အိပ်မောကျ တဲ့ညတွေဆိုတာ ကျော့်မှာမရှိတာ အတော်ကြာနေပြီလေ။

"အဲဒါအချစ်လို့ခေါ်တယ် ကျော်၊ ကိုယ်ကပဲ ချစ်ချစ် သူကပဲချစ်ချစ် အချစ်ဆိုတာ မီးပဲ"

ဘုရား! 'မီး'တဲ့။ အဲဒီမီးကိုမှ ကျော်တို့လိုလူတွေ ဘ ကြောင့် ဆော့ချင်ရတာပါလိမ့်။ ရင်ထဲလောင်မယ်ဆိုတာကို သိကြီးနဲ့ လက်သင့်ခံကြတာ အံ့သြစရာပါပဲ။ အဲဒီအချစ်ဆို မီးကို ငြိမ်းအေးအောင် ဘယ်အရာကများ စွမ်းဆောင်နိုင်မှာ လိမ့်။

"ပြီးတော့ မျှော်လင့်ရတာ မောတယ် ကျော်"

"ဘယ်လို"

"ပြောကြတာတော့ မျှော်လင့်ချက်နဲ့ အသက်ရှင်လို့ နိုင်တယ်တဲ့။ မှန်မှမမှန်တာပဲ။ အဲဒီလိုများများမျှော်လင့်မိလေ စောင့်စားမိလေ၊ ပိုပြီးအသက်မဲ့လာသလိုပဲဖြစ်လာတယ်။





ကြောင့် နေမြင့်လေ အရှုးရင့်လေလို့ ဆိုကြတာပေါ့။ မမကတော့ အဲဒီလိုမျိုး ကျော့်ကိုမရူးစေချင်ဘူး"

မမနိုးနိုးကို ငဲ့ကြည့်လိုက်မိ၏။ မျှော်လင့်ရတာ ပိုမော စေသတဲ့။ ကျော်က ဘယ်သူ့ကိုများ မျှော်လင့်နေမိလို့လဲ။ မဖြစ် နိုင်မှန်းသိသိကြီးနဲ့ သူ့ဆီက သံယောဇဉ်ကို တိတ်တခိုးမျှော်လင့် နေမိသလိုများ ဖြစ်နေပါသလား။ မဟုတ်ပါဘူး။ သူ့မှာချစ်သူရှိ နေပြီဆိုကတည်းက သူ့အပေါ် ဘာကိုမှမမျှော်လင့်ဘဲ ခပ်ရှောင် ရှောင်နေလာခဲ့တာဖြင့် အတော်ကြာနေပြီပဲ။

"တစ်ခါတလေမှာ အချစ်ထက်ပိုပြီး အလေးထားရမှာ တွေ ရှိတတ်တယ် ကျော်။ ဥပမာ ကိုရဲရင့်ဆိုပါတော့"

ဦးမာန်တဲ့။ ဦးမာန်ကိစ္စပြောရာကနေ အဆက်ပြတ်ပြီး ကိုသက်အကြောင်း ရောက်သွားရတာကို။ ဦးမာန်ကိုထည့်ပြော နေပြီမို့ အာရုံကိုစူးစိုက်လိုက်ရပါ၏။

"ကျော်နဲ့အနီးဆုံးကို ကိုယ်ရောက်ချင်တယ်"

ဘုရား! ဘေးနားမှာ လာပြောလိုက်သည့်နှယ် ဦးမာန် အသံကို ပြန်ကြားလိုက်မိတာမို့ လန့်သွားရပါ၏။ အရွယ်ကြောင့် များ 'ချစ်တယ်'ဆိုတဲ့စကားလုံးကို လွယ်လွယ်ပြောမထွက်တာ များလား။ အချစ်ဆိုတာ ဖွင့်ပြောစရာမလိုဘဲ အလိုလိုသိမြင်နိုင်

ဟဲ့ ဘာသာဗေဒတစ်ရပ်ဖြစ်လိမ့်မယ်ထင်ပါရဲ့။

"မမကတော့ ကိုရဲရင့်ကိုပဲ ကျော့်ကိုရွေးစေချင်တယ် ကျော်"

"ရှင်!"

"တကယ်ပြောတာ၊ မိန်းကလေးဆိုတာ အရွယ်ရှိတုန်း ကိုယ့်ကိုလက်ကမ်းပေးပြီး ကြိုလင့်နေတဲ့သူကိုပဲ ရွေးသင့်တယ် ကျော်။ ကိုယ့်ကိုမလိုလားလို့ ဥပေက္ခာပြုထားတဲ့သူကို ဘာ ခေါင်းထဲထည့်မှာလဲ၊ မဟုတ်ဘူးလား"

ခေါင်းထဲတဲ့လား။ ရွေးချယ်ခြင်းကို ဆုံးဖြတ်ပေး တရားသူကြီးက ဦးနှောက်ဆိုရင် ဒီရင်ဘတ်ထဲက နှလုံးသား ဘယ်ချောင်မှာ သွားပစ်ထားရမှာတဲ့လဲ။ လူသားအဖြစ် ရှင်သ စေတဲ့ အဓိကစေတမန်ကိုဖြင့် သက်မဲ့အရာလိုဖြစ်နေစေပြီ

"ကျော်က. . . ကျော်က"

"ဘာလဲ၊ ကိုရဲရင့်ကိုမချစ်နိုင်လို့လား"

". . ."

"ပြောပြီးပါပကော၊ သူ့မိဘတွေနဲ့ပါ မာမီပြောပြီးပါ ကျော်ရယ်။ မမကလည်း ကိုယ့်ကိုစိတ်မဝင်စားနိုင်တဲ့လူကို ဘာ လုပ်ရမှာလဲ"





"လူက အဓိကလား။ နှလုံးသားက အဓိကလား",

"ပုံပုံလည်း ထောက်ခံတယ်"

"ဟင်! ဘာကိုလဲ"

"ဟိုလူကြီးကိုရွေးဖို့လေ မမကျော်ရဲ့။ ကျိတ်လိုက်စမ်းပါ၊ ထက်ထက်မိုးဦးပြောသလို ရတနာစိန်ကျောက် ဖယ်တောက် ကစားနိုင်မယ်လေကွာ"

"အပြောက လွယ်ပါ့"

"အလုပ်လည်းလွယ်ပါတယ် ကျော်ရယ်၊ ဒီခေါင်းလေး တစ်ချက်ညိတ်ရုံပဲကို။ ဘာများပင်ပန်းလို့လဲ"

ပေါ့ပေါ့လေးပြောလိုက်တာပါလား။ ရင်ထဲမှာရှိနေတာ တစ်ယောက်၊ အပြင်မှာရှိနေတာကဖြင့် တခြားတစ်ယောက်ပါ လေ။ ကျော်က ညာတတ်တဲ့သူမှမဟုတ်ဘဲ။ မချစ်ရင်မချစ်ဘူး လို့ ရှင်းရှင်းပြောချင်တာကို ဦးမာန်နားလည်နိုင်ပါလေစ။

"ပြောတော့ဖြင့် မမတို့မိန်းမတွေက ရွေးရတာတဲ့။ အမှန် က မမတို့ကို ယောက်ျားတွေကပဲ ရွေးရတာပါကျော်။ မိန်းမဆို တာ တကယ့်အရွေးခံပစ္စည်းပဲ"

အရွေးခံပစ္စည်းတဲ့။ မှန်လိုက်တာနော်။ ဒါကြောင့်လည်း သူရွေးချယ်တဲ့နေရာမှာ ရပ်ခွင့်မရဘဲ အပယ်ခံခဲ့ရတာ။ ရင်ထဲမှာ

တကယ့်ကို နာနာကျင်ကျင်ခံစားရတဲ့ဝေဒနာကို ဘယ်သူက ကုညီနိုင်လို့လဲ။ သူတို့ချစ်သူစုံတွဲ ပြုံးပျော်နေတာကိုမြင်မိရင် မနာလို မရှုစိမ့်နဲ့ စိတ်ကဖြစ်ရမှာ မှန်ပေမယ့် တကယ်တမ်းမှာတော့ ငိုချင်တဲ့စိတ်သာ ကြီးစိုးဖြစ်ခဲ့တာမဟုတ်ပါလား။

"အန်တီမြင့် ဘာပြောသေးလဲ"

"မေမေမသိဘူး။ ကျော်မှမပြောတာ"

"အန်တီကတော့ သဘောတူမှာအမှန်ပဲ၊ ဦးရဲရင့်က ချမ်းသာတယ်လေ"

ချမ်းသာတယ်ဆိုတာ ဘာလဲ၊ တကယ်စင်စစ် ချမ်းသာရမှာက 'စိတ်'တစ်ခုတည်းသာရှိတာပါလေ။ ငွေကြေးတွေ ဘယ်လောက်တစ်ပုံကြီးရှိရှိ စိတ်က နည်းနည်းလေးမှမချမ်းသာရင် လူ့ဘဝဆိုတာ ဘာအဓိပ္ပာယ်များရှိတော့မှာလဲ။

"ဘာပဲဖြစ်ဖြစ် တစ်ယောက်ယောက်ကိုရွေးတော့မယ်ဆိုရင် ကျော့မေမေနဲ့တော့ တိုင်ပင်သင့်တာအမှန်ပဲ"

"ကျော်မှမဆုံးဖြတ်ရသေးဘွာ"

"မဆုံးဖြတ်လို့တော့မရဘူး ကျော်၊ ကျော်စဉ်းစားဖို့ လိုနေပြီလေ။ ကိုရဲရင့်က ရှေ့ကိုဆက်တိုးလာတော့မှာ အသေအချာပဲ"





"သူ့အကြောင်းကို ကျော်မှ ဂဃနဏမသိရသေးတာ"

"ဒါကတော့ သူ့ကိုလက်ခံမှပဲ အကြောင်းစုံ ပွင့်ပွင့်လင်းလင်းပြောပြမှာပေါ့ ကျော်ရဲ့"

"မမကျော်ကို စိတ်ချမ်းသာအောင် သူထားမှာတော့ သေချာတယ်"

"အံမယ်! ပုံ့ပုံ့က ဘယ်လိုသိရတာလဲ"

"သိရတာပေါ့၊ မမနဲ့မမကျော်ကို ယှဉ်ကြည့်လေ"

"ပုံ့ပုံ့"

မမနိုးနိုးက ပုံ့ပုံ့ကိုလှမ်းဟန့်လိုက်လေ၏။ ကလေးပြောတဲ့စကားက ဟန်ဆောင်ခြင်းကင်းတာမို့ ပိုမှန်ကန်နိုင်တာပါလေ။ အာရုံထဲမှာ မြင်လိုက်ရသည်က မျက်စိရှေ့မှာ ဦးမာန်က ချက်ပြုတ်ပြီး ကျော့ကိုဖိတ်ခေါ်ကျွေးခဲ့သည့်ပုံရိပ်တွေကိုပါပဲ။

စိတ်ချမ်းသာအောင် ထားမှာတဲ့။ သူ့ထက်ငယ်တဲ့သူမို့ အလိုလိုက်မှာတော့ သေချာသလောက်ပါလေ။ ဟုတ်ပါရဲ့၊ ကျော်နဲ့မမနိုးနိုးကို ယှဉ်ကြည့်ရင် မမနိုးနိုးက ကျော့ထက်ပိုသာတဲ့မိန်းကလေးပါ။ အလှပဲကြည့်ကြည့် အနောက် နောက်ခံ Background ကိုပဲစစ်စစ် ဘယ်လိုမှယှဉ်လို့မရတာကို ကျော်သိနေတာပဲမဟုတ်လား။

"ကျွန်ုပ်အတွက် အချစ်ဆိုတာ အရေးပါပါ့မလားလို့ စဉ်းစားနေတုန်းပဲ"

မေမြတ်နိုးခင် ရယ်လေ၏။ ကလေးကလားဆန်သွားလို့များလား။ အိုလေ! ဒီနေ့လာဆွေးနွေးတဲ့ကိစ္စက ကျွန်ုပ်အတွင်းရေးဖြစ်နေတာလေ။ ဒီလောက်တော့ ပြောသင့်တယ်ထင်ပါရဲ့။

"တော်ကြာ ကျော်ခေါင်းညိတ်လိုက်မိပြီးမှ သူ့မိဘတွေက ကျွန်ုပ်ကို မတူမတန်ဘူးဆိုပြီးလုပ်ရင် ကျော်ရင်ကွဲရမှာ"

"ဘာရယ်"

"အသည်းကွဲမယ့်ဒဏ်ကိုတော့ ကျော်ခံနိုင်ရည်မရှိဘူး မမရယ်"

မမနိုးနိုးက ကျွန်ုပ်ကျောပြင်ကို အသာပွတ်သပ်ပေးရင်း ပြုံးလေ၏။ ဘာပဲဖြစ်ဖြစ် တစ်ခါချစ်ဖူးတဲ့လူမို့ အချစ်အကြောင်းကို ကောင်းကောင်းကြီးသိနေနိုင်မှာလေ။

"ချစ်ပဲချစ်ကြည့်လိုက်ပါဦး ကျော်ရယ်"

"အာ. . . မမကလည်း"

"အသည်း ကွဲခဲ့ဖူးကြလို့သာ သီချင်းရေးဆရာတွေ ကဗျာဆရာတွေ၊ စာရေးဆရာတွေဖြစ်လာကြတာပါ။ ဒါကြောင့်မို့လို့လည်း သူတို့ရေးသားတဲ့စကားလုံးလေးတွေက လှပပြောင်





မြောက်ပြီး အသက်ဝင်နေတာလေ"

ဒါတော့ဟုတ်ပါတယ်၊ လူအနည်းနဲ့အများတော့ ချစ်ဖူး ကြိုက်ဖူး ခံစားဖူးကြမှာအမှန်ပါလေ။ ကျော်ကရော မီးမှန်းသိလျက်နဲ့ အရဲကိုးပြီး ကိုင်မိလိုက်ရင် ရှူးတယ်လို့များ ပြောကြလေမလား။

"အချိန်တန်ရင် အိမ်ထောင်ပြုဖို့စိတ်ကူးရှိတယ်မဟုတ်လား"

"ဟုတ်"

"ဒါဖြင့် ဘာမှတွေဝေမနေနဲ့ ရဲရဲသာခေါင်းညိတ်လိုက်။ မျက်စိမှိတ်ပြီး ချစ်ကြည့်လိုက်ပါ ကျော်"

ကဲ! မြောက်တဲ့လူကတော့ မြောက်ပေးနေပြီ ဦးမာန်ရေ။ သိပ်တော့အခက်ကြီးမဟုတ်ပါဘူး။ ရှေ့ကိုတစ်လှမ်းလေးတိုးလိုက်ရုံနဲ့ ဦးမာန်ရဲ့အနီးဆုံးကို ကျော်ရောက်သွားရမှာပါ။ ချစ်ကြည့်လိုက်ရုံပဲမဟုတ်လား။

လက်ထပ်တာတွေ၊ ရှေ့ရေးတွေကို လောလောဆယ်မေ့ထားလိုက်ပါစို့။ ဦးမာန်ကို ဦးမာန်လို့ပဲ ရိုးရိုးတွေးပြီးမြင်မိရင် ကျော်စိတ်သက်သာရတာပါလေ။ မိုးနဲ့မြေလို အဆင့်အတန်းကွာနေမှန်းလည်း သိပါလျက်နဲ့ ကျော် ခေါင်းညိတ်လိုက်တာကို ရှူး

မိုက်တယ်လို့မြင်ရင်တော့ ခက်ရချည်ရဲ့။

"ကျော် ပြန်ဦးမယ်"

"Fighting!... မမကျော်"

ပုံ့ပုံ့က လက်သီးထောင်ပြပြီး အားပေးလေ၏။ 'ကြိုးစားပါ၊ အားတင်းပါ' တဲ့လား။ အိမ်အပြန်လမ်းက ခပ်မှောင်မှောင်၊ နေစောင်းတာနဲ့ မှောင်ရိပ်က သန်းချေပြီ။ အရမ်းကြီးမမှောင်သေးတာမို့ လမ်းမီးတို့မဖွင့်ကြသေး။

နဘေးမှဖြတ်သွားသည့်ကားက ကတ္တရာလမ်းပေါ်တင်နေသည့်ရေအိုင်ကို ဖြန်းခနဲနင်းသွားလေ၏။ စင်လိုက်သည့်ရေက ကျော့်ဘောင်းဘီရှည်ဒူးလောက်အထိပါလား။ ဘယ်ကကားများလဲဟု လှမ်းကြည့်လိုက်မိစဉ် သူတို့ခြံထဲဝင်သွားတာကို မြင်လိုက်ရလေသည်။

ငါ့ကိုတောင် ဘယ်သူဘယ်ဝါမှန်း မသိနိုင်တော့ပါလား။ သူငယ်ချင်းဆိုတဲ့အဆင့်လေးမှာတောင် မထားချင်တော့ဘူးလား 'နှစ်သက်ပိုင်'။

❦❦❦



## အခန်း (၁၄)

သူ့မျက်နှာကို ရဲရဲဝံ့ဝံ့မကြည့်ရဲပါဘဲ လက်ဖက်ရည်ခွက်ကိုသာ စူးစိုက်ကြည့်နေမိ၏။ မျက်နှာပူလိုက်တာနော်။ ပြောတော့မြင့် ခေါင်းညိတ်လိုက်ရုံဆိုပြီး လက်တွေ့မှာတော့ အခက်ခဲဆုံးဖြစ်နေပါရောလား။

"ကျော်"

"ဟင်"

"ပြောစရာရှိတယ်ဆို၊ ပြောလေ"

"အင်း"

မဗီမသရေရွတ်သံက ခပ်တိုးတိုးရယ်ပါလေ။ ဘယ်လိုပြောရမှာလဲ၊ 'စဉ်းစားပါ' ဆိုတဲ့အချိန်ကာလက သိပ်မှမကြာသေး

တာလေ။ ‘လွယ်လိုက်တာ’လို့များ ပြောလေမလား။ ချမ်းသာတဲ့ လူမို့ ခပ်မြန်မြန်ခေါင်းညိတ်လိုက်တာဆိုပြီး ကျော့်ကို အထင် တသေးဖြစ်သွားရင်တော့ ဘိုင်းခနဲလဲသေရုံသာ ရှိတော့တာပါ လေ။

"ကျော်"

"ရှင်. . . ဟင်! ဘာလဲ"

"ဘာတွေဒီလောက်တောင်မှ စဉ်းစားနေတာလဲ။ ဘာ အခက်အခဲများ ရှိနေလို့လဲ ကျော်"

"မဟုတ်ပါဘူး၊ မရှိပါဘူး ဦးမာန်ရဲ့"

"မဟုတ်ဘူးသာဆိုတယ်၊ ကျော့်မျက်နှာမှာ စိတ်ရှုပ်နေ တဲ့အရိပ်အရောင်တွေ မြင်နေရတာ အသိသာကြီးပဲ။ ပွင့်ပွင့်လင်း လင်းပြောပါလား ကျော်။ ငွေကြေးကြောင့်လား ဒါမှမဟုတ် လူ မှုရေးအခက်အခဲကြောင့်ပဲလား. . . ပြောပါ"

‘ပြော’တဲ့။ လမ်းဖွင့်ပေးနေတဲ့သူက ဖွင့်ပေးနေတာက် တောင် ရဲရဲမလှမ်းဝံ့တဲ့ဘဝပါပဲလားနော်။ ‘ဦးမာန်ကိုချစ်တယ်’ အာ! မဖြစ်သေးပါဘူး။ ‘ဦးမာန်ပြောထားတာကို လက်ခံတယ်’ No! No! မဖြစ်ပါဘူး။ ဘယ့်နှယ်ပြောရမှာပါလိမ့်။

ဖွင့်ပြောခဲ့ပြီး တကျိကျိနဲ့သာ အဖြေတောင်းတာမျိုးမဟုတ်





တာမို့ ခက်ပါရဲ့။ ဘာကိုအစပြန်ဖော်ပြီး ပြောရမလဲဆိုတာကို ခေါင်းစဉ်က ရှာလို့မှမရတာလေ။ ခက်ပြီကော နိုင်ကျော်အောင်။

"ဟောဗျာ! ဒီအတိုင်းကြီးပဲ ငုတ်တုပ်ထိုင်နေတော့မှာ လား ကျော်ရဲ့။ ကိုယ်ပြောနေတယ်လေ၊ ပွင့်ပွင့်လင်းလင်းပြော ပါလို့။ ကိုယ်တို့ ဒီမှာထိုင်နေတာ နာရီဝက်ကျော်နေပြီ"

ပြဿနာပဲ။ သူပြောမှပဲ ထွက်ချင်တဲ့စကားလုံးတွေက တစ်ခုမှမထွက်တော့ပါလေ။ အချစ်တဲ့လား၊ ကျော် သေချာကဃ နဏာမသိပါဘဲ လိုချင်နေတဲ့လူတစ်ယောက်ရဲ့ဆန္ဒကို ဖြည့်ဆည်း ချင်တာမဟုတ်ပါလား။ ‘သူတစ်ပါးကို စိတ်ချမ်းသာအောင် ထား ရင် ကိုယ်ကိုယ်တိုင်လည်း စိတ်ချမ်းသာလိမ့်မယ်’တဲ့၊ ကျော်ဖတ် ဖူးတဲ့စာအုပ်ထဲကစာသားတွေကိုသာ အထပ်ထပ်မြင်ယောင်နေ မိလေ၏။

အားတင်းထားပါ ကျော်၊ နင့်ကို အထင်တသေးနဲ့ကြည့် တတ်တဲ့ ‘သူ’၊ အထင်မကြီးဘဲ နှိမ်ချပြောတတ်တဲ့ ‘သူ’၊ သူငယ် ချင်းအဆင့်တောင်မှမထားဘဲ ဥပေက္ခာပြုရက်တဲ့ ‘သူ’ဆိုတဲ့ ကို သက်ကိုအနိုင်ရဖို့က ဒီတစ်နည်းပဲရှိတာမဟုတ်လား။

သူ့ရှေ့မှာ လက်မထောင်ပြီး ရင်ကော့ပြနိုင်ဖို့ အနိုင်ရ သူ့ရဲ့အပြုံးမျိုးနဲ့ မဲ့ပြုံးလေးပြုံးပြချင်ရင် ဦးမာန်ရဲ့လက်မောင်းကို

ခပ်တင်းတင်းလေးချိတ်ပြီး 'ဒါ ငါချစ်တဲ့သူလေ'ဆိုပြီး ခပ်မာမာ လေး ပြောနိုင်မှသာဖြစ်မှာလေ။

ကိုသက် . . . ဟန်မဆောင်တတ်တဲ့ငါဆိုတဲ့ကျော်ကို ဒီ လိုဟန်ဆောင်လာတတ်စေဖို့ သင်ပေးခဲ့တဲ့လူက နှင်ပါပဲ။ နှင့် ကြောင့်သာ ငါ ဒီလူတစ်ယောက်ကို ရွေးချယ်တော့မှာပါ။ နှင့် ကောင်မလေးက (၁၈)နှစ် (၁၉)နှစ်လောက်ဆိုတော့ ဘာများထူး ဆန်းမှာလဲ။ ငါတွဲမယ့်လူကမှ နှင်တို့ထက်ပိုပြီးချမ်းသာကြွယ်ဝ သလို ပြီးပြည့်စုံတဲ့လူဆိုတာကို နှင့်ရှေ့မှာ ငါသက်သေပြမှာပါ လေ။

"ကျော်"

"ပြောမှာပါ"

"အင်း . . . ဘာထပ်ယူဦးမလဲ"

"ဟင့်အင်း"

သူက ကျော် မသောက်ဖြစ်ဘဲ အေးစက်နေသည့်လက် ဖက်ရည်ခွက်ကို လှမ်းကြည့်ရင်း မေးလိုက်တာပါလေ။ ပဟေဠိ ဆန်လိုက်တာ ကျော်ရယ်။ တစ်ခါမှမဆက်ဖူး ကိုယ့် Hand Phone ကို ဆက်လိုက်ကတည်းက ရင်ထဲမှာ ဖော်ပြမတတ် အောင် စိတ်ချမ်းသာသွားတာအမှန်ပါပဲ။





'ပြောစရာရှိလို့'တဲ့။ အကြောင်းပြချက်က ခိုင်လုံနေတော့ မို့ တစ်ခါလာဖူးတဲ့ဆိုင်ကိုပဲ ညွှန်းလိုက်မိတာပါ။ ဟိုတစ်လော လေးက ရင်ဖွင့်ပြောမယ်ဆိုပြီး ပြောခဲ့တဲ့အကြောင်းအရာက ဘာ တစ်ခုမှအဆက်အစပ်မရှိ ကပေါက်တိကပေါက်ချာ ဖြစ်နေတာ မဟုတ်လား။

လူတစ်ယောက်အပေါ်မှာ သံယောဇဉ်ရှိနေပေမယ့် အဲဒီ လူရဲ့ လျစ်လျူရှု ဥပေက္ခာပြုမှုတွေကို ရင်နာနာနဲ့ သည်းခံနေရ သတဲ့။ ဒီလောက်သာ သူနားလည်မိတာပါလေ။ အဲဒီလိုရင်ထဲ မှာ ရှိနေတဲ့လူက နေရာအပြည့်ယူထားတာမို့ ကျော့်ကို သူချစ်တဲ့ ချစ်ခြင်းတွေက လက်သင့်ခံပေးဖို့နေရာမရှိတော့သလိုပါပဲ။

ကျော်ရယ် . . . ကိုယ့်အရွယ်ဆိုတာ အချစ်တွေ အသက် တွေ အသည်းနှလုံးတွေဆိုပြီး နုနုရွရွစကားလုံးတွေကိုရေရွတ် ရင် ရှက်စရာကောင်းမှာမဟုတ်လား။ ဒါကြောင့် အနီးဆုံးမှာရှိ ချင်ပါတယ်ဆိုတဲ့ အရိပ်အမြွက်လောက်နဲ့ ကိုယ့်ရင်ထဲက ချစ်ခြင်း အနှစ်သာရအစုံကို နားလည်သင့်လောက်ပါရဲ့။

"ဦးမာန်"

"ပြောလေ ကျော်"

"ကျော့်မှာ၊ အင်း . . . ကျော့်ရင်ထဲမှာ လူတစ်ယောက်

ရှိတယ်ဆိုတာ မှန်ပေမယ့်''

မျှော်လင့်တကြီးစောင့်ဆိုင်းနေသည့် သူ့မျက်ဝန်းတို့နှင့် အကြည့်ချင်းဆုံသွားစဉ် သူမစကားရပ်သွားပါ၏။ ဘာဆက်ပြောမှာပါလဲ။ စောင့်ရတဲ့လူက ပိုမောရတယ်ဆိုတာကို ကျော်လည်း နားလည်မှာပါလေ။ ဘာပဲဖြစ်ဖြစ် ပိုင်ဆိုင်ချင်သူက အနစ်နာခံ စောင့်ဆိုင်းရသလို စိတ်ရှည်ရှည်ထားရမယ်မှန်း သူသိထားပါ၏။

ဖန်ခွက်ကိုကိုင်ထားသည့်လက်တို့ မသိမသာတုန်ယင်နေမှန်း မြင်နေရလေ၏။ ဘာကြောင့်ပါလဲ၊ တစ်ခုခုကို လူကြီးတွေမသိအောင် ခိုးလုပ်တော့မယ့်ကလေးလေးလို အပြစ်ကင်းလွန်းနေတာပါလေ။ ကျော်ရယ် . . . မင်းအပေါ်ချစ်မိတဲ့ချစ်ခြင်းတွေကို တိုးပွားလာအောင်များ ပြုစားနေလေသလား။

''ကိုယ်နားထောင်နေပါတယ် ကျော်''

မျက်ရည်တို့ ရစ်ဝဲလာပုံက သနားစဖွယ်။ ဟန်ဆောင်ဖုံးကွယ်ထားတာများ ရှိနေသလား။ မဟုတ်သေးပါဘူး၊ ကျော့်လောက် ရိုးသားပွင့်လင်းတဲ့မိန်းကလေးမျိုးကို တစ်ယောက်လေးတောင်မှ သူမတွေ့ဖူးသေးတာလေ။ ဒါဖြင့် ဘာကိုများ ကျော့်ဝမ်းနည်းတာသဖြစ်ရပါသလဲ။

ဖွင့်ပြောပါဦးလား ကျော်၊ ဟိုတလောလေးတုန်းကင်





မျိုး ရင်ထဲရှိသမျှ အကုန်ဖွင့်ပြောပြီး ငိုချလိုက်ရင် ကျော့်ရင်ဖွဲမှာ ပြည့်သိပ်နေတဲ့ဝေဒနာအလုံးစုံ ပြေလျော့သက်သာမယ်ဆိုတာကို ကျော်အသိဆုံးမဟုတ်လား။ မိတ်ဆွေသူငယ်ချင်းနည်းပြီး စာအုပ်တွေနဲ့ပဲ ပျော်မွေ့နေတဲ့ကျော့်အတွက် ရင်ဖွင့်ဖော်ဆိုတာ ကိုယ်တစ်ဦးတည်းသာရှိချင်တာမို့ အတ္တကြီးသည်ဟုဆိုလေမလား။ ဪ . . . ကျော်ရယ်။

''မေမေနဲ့စကားများလာလို့လား''

''ဟင့်အင်း''

''ဒါဖြင့် အန်တီလေး ဆူလိုက်လို့များလား''

''မဟုတ်ပါဘူး''

ရော်! ခက်ပါဘိ။ မည်သို့အစဖော်ပြီး ပြောရမည်ဆိုတာကို အခက်တွေ့နေကာမှ မေမေနဲ့အန်တီလေးကို မေးနေတာမို့ ဘာဆက်ပြောရမည်မှန်းပင်မသိတော့။ ကျော်ရင်မောနေတာကို သူသိများသိနေလေသလား။ ဟန်မဆောင်ဖူးတဲ့ကျော့်အတွက် မျက်နှာပေါ်မှာ အကုန်မြင်နေရလို့များလား ဦးမာန်ရယ်။

''ဘယ်သူနဲ့ပြဿနာဖြစ်လာလို့လဲ ကျော်ရဲ့၊ အန်တီဒေဝီတို့နဲ့များလား။ မြတ်နိုးနဲ့ကိုယ် အရှင်းကြီးနော်''

စိတ်ရှုပ်သည့်ကြားမှ ပြုံးလိုက်မိပါ၏။ စိုးရိမ်တကြီးဖြင့်

ပြောနေသမျှ အကုန်တလွဲကြီးဖြစ်နေတာကိုး။ ကျော့်အပေါ်မှာ သူတော်တော်အာရုံစိုက်ထားမှန်း သိသာစေတာလေ။ ကျေးဇူးပါ ဦးမာန်။

"ကျော့်ကို ဘယ်သူမှပြဿနာမရှာပါဘူး"

"ဟူး. . . တော်သေးတာပေါ့၊ ဒါဆို ဟိုတစ်ယောက်ကြောင့်ပဲ ဖြစ်နေရလို့လား"

ဟိုတစ်ယောက်တဲ့။ ဘယ်သူ့ကိုရည်ညွှန်းမှန်း ကျော် သိပါ၏။ သူမဟုတ်တဲ့လူတစ်ယောက်အပေါ်မှာ ကျော် သံယောဇဉ်ရှိနေတာကို သိပေမယ့် ဝန်တိုမစ္ဆရိယစိတ် နည်းနည်းလေးတောင်မှမရှိပါလား။ စိတ်ထားမြင့်မြတ်လိုက်တာနော်။

"ကိုသက်က ကျော့်ကိုလှည့်တောင်မကြည့်ပါဘူး ဦးမာန်ရယ်"

မျက်နှာအနည်းငယ်ရဲသွားလေ၏။ ကျော့်နှုတ်ကနေ ဒီနာမည်ကိုရွတ်လိုက်မိလို့များလား။ သူချစ်နေတဲ့မိန်းကလေးကို နာကျင်စေတဲ့ကောင်လေးဆိုပြီး အပြစ်များ ဖို့ချင်နေမလား။ ဘာပဲဖြစ်ဖြစ် ကိုသက်က ဦးမာန်နဲ့ဘာမှမသက်ဆိုင်တဲ့လူပါလေ။

"နေ့တိုင်းတော့ မြင်ခွင့်ရတယ်မဟုတ်လား"

ဟော! ခုနကဖြင့် လူကြီးလိုတည်ငြိမ်နေပါတယ်ဆိုမှ





နာလိုစိတ်လေးက မဆိုစလောက်ကလေး ဖြစ်လာပါရောလား။ ကိုသက်နဲ့ယှဉ်ရအောင် ဦးမာန်က အပုံကြီးသာနေတာကို သိပါလျက်နဲ့ကွယ်။

"အဲဒီကောင်လေးက. . . အတော့်ကို ကံကောင်းလွန်းတယ်"

"ဘာလို့လဲ"

"ဘာမှမဟုတ်ပါဘူး"

"ကျော်နဲ့ အိမ်နီးချင်းဖြစ်ခဲ့ရလို့လား"

"မဟုတ်ပါဘူးဆို"

"သူငယ်ချင်းလို့ပြောထားတယ်လေ"

"နှုတ်ကပဲပြောတာလေ၊ ရင်ထဲမှာက"

သူ့စကား တိခနဲရပ်သွားရပါ၏။ ကြည်လင်နေသည့် မျက်နှာလေးက ချက်ချင်းညှိုးကျသွားရတာကိုး။ ဘာလဲ၊ နည်းနည်းလေးတောင်မှ အထိမခံနိုင်ဖြစ်နေလား ကျော်။ သူငယ်ချင်းဆို သူငယ်ချင်းလိုပဲ တစ်သက်လုံး ဆက်ရှိပါတော့လားကွယ်။

"Sorry!... ကိုယ်လွန်သွားတဲ့အတွက် တောင်းပန်ပါတယ် ကျော်"

"ရပါတယ်"

အပြင်မှာ မိုးက ခပ်ဖွဲဖွဲကျလာလေ၏။ ညနေစောင်းက တဖြည်းဖြည်း မှောင်ရိပ်ပင် သန်းလာချေပြီ။ ပြောစရာရှိသည့်ကျော်ကဖြင့် အေးအေးလူလူ ဆက်ထိုင်နေတုန်းပါလေ။

"မျှော်လင့်ချက်မရှိဘဲ စောင့်နေရင် အဲဒီလူကို အရူးလို့ပဲ လူတွေက သတ်မှတ်ကြမှာနော်"

"ဘယ်လို"

"ကိုယ့်အတွက် ဘာအကျိုးအမြတ်မှမရှိဘဲ မျှော်လင့်တကြီးစောင့်တာမျိုးကို ဆိုလိုတာလေ ဦးမာန်ရဲ့"

သူအံ့ဩသွားရပါ၏။ ဘာကိုဆိုလိုပါသလဲ. . . သူဘယ်လိုမှနားမလည်ပါချေ။ ပွင့်လင်းလှချည်ရဲ့ဆိုတဲ့ မိန်းကလေးက ပဟေဋ္ဌိဆန်တဲ့စကားတွေချည်း ဆက်ပြောနေတာကို။

"ကျော်. . . ကျော်ဆိုလိုတာက"

"ရပ်လိုက်ပြီ"

"ဟင်! ဘာကိုလဲ"

"အရူးထနေတာကို ရပ်လိုက်ပြီလို့ပြောတာလေ"

"ဒါ. . . ဒါဖြင့်"

"သူနဲ့ပတ်သက်ပြီး ကျော့်ကိုဘာမှဆက်မပြောစေချင်ဘူး။ သူ့အတွက်နဲ့ ကျော်တို့စကားများတာမျိုး၊ စိတ်ရှုပ်ရတာမျ





ကို မလုပ်ပါဘူးလို့ ဦးမာန် ကတိပြုနိုင်မလား"

"ဘာရယ်"

ဘာမှကို နားမလည်နိုင်တာအမှန်ပါ။

ဘုရားရေ! ကတိတဲ့။ ဒီကိစ္စနဲ့ဆက်နွယ်ပြီး သူနဲ့ ကျော်အစ်ခါမှပြဿနာမဖြစ်ခဲ့ပါဘဲ ဘာကြောင့်ပြောရပါသလဲ။ ရင်ထဲ ဆောင့်ခုန်လာသံက တဒိန်းဒိန်းမြည်လာသလို အပြင်ကနေကြားတော့မလိုပါပဲလား။ ကျော်. . . ကိုယ်တော့ ရူးချင်လာပြီနော်။

"ကျော်"

"မေ့ဖို့ခက်ခဲတာမှန်ပေမယ့် အတတ်နိုင်ဆုံး ကျော် ကြိုးစားမှာပါ။ ဘာပဲဖြစ်ဖြစ် ကျော့်ဘက်ကနေ ဦးမာန်မနှစ်သက်တာနဲ့ လုပ်မိခဲ့တာရှိလာရင် သည်းခံခွင့်လွှတ်ပေးနိုင်ပါ့မလား"

"ကျော်. . . ကိုယ်. . . ကိုယ်"

မျက်လွှာကိုချလိုက်မိ၏။ သူအဘယ်မျှစိတ်လှုပ်ရှားနေသဲဆိုတာကို မျက်စိရှေ့မှာ မြင်နေရတာပါလေ။ ကျော့်ကို အလေးနက်ထားတဲ့သူ၊ တန်ဖိုးထားတဲ့လူ၊ ကြင်နာနွေးထွေးတဲ့လူ၊ ဦးစားပေးဆက်ဆံတတ်တဲ့လူ၊ အဲဒီလူကိုပဲ လက်တွဲဖော်အဖြစ် ကျော် ရွေးချယ်လိုက်ပါရစေတော့။

"ဦးမာန်ကို ကျော် လက်ခံပါတယ်"

"ဘာရယ်"

"ဒါပေမဲ့ နားလည်မှုတွေတော့ အများကြီးရှိထားရမယ် နော်။ ကျော့်ကို အဖိုးတန်ပစ္စည်းတွေ လက်ဆောင်ပေးတာမျိုး ငွေကြေးထောက်ပံ့တာမျိုးတွေ ဘာတစ်ခုမှမလုပ်ပါနဲ့လို့ မေ ရပ်ခံပါတယ်။ ဦးမာန်နောက်မှာရှိတဲ့ ဘာအဖိုးတန်တွေကိုမှ ကေ တစ်ခုမှမကြည့်ချင်ပါဘူး။ ဦးမာန်ကို ဦးမာန်ဖြစ်နေတဲ့အတွ တစ်ခုတည်းနဲ့ပဲ"

ကျော့်စကားမဆုံးခင် တစ်ကိုယ်လုံး နစ်မြုပ်သွားမတ တွေးဖက်ခြင်းကို ခံလိုက်ရလေ၏။ မိုထားသလိုဖြစ်သွားသ သူ့ရင်ခွင်ကျယ်ကြီးထဲ ခဏနေမိစဉ် တဒိန်းဒိန်းအခုန်မြန်နေသ ရင်ခုန်သံကို ကြားနေရလေသည်။ မှန်လားမှားလားဟူသည့် ဋ္ဌ မေးခွန်းကို အဖြေမထွက်သေးခင် နဖူးပြင်ထက် နွေးခနဲဖြစ်သ ရပါ၏။ ဆိုင်ထဲမှာ လူအနည်းငယ်ရှိနေတာကို သူမေ့နေပြီ ပါရဲ့။

🍎🍎🍎



## အခန်း (၁၅)

ဒီလောက်ပြောထားပါလျက် သူထည့်ပေးလိုက်သည့် Hand Phone က ကျော့်ခေါင်းအုံးဘေးမှာ ငြိမ်ငြိမ်သက်သက် လေး ရှိနေပါ၏။ အသစ်ဝယ်ပေးမယ်ပြောပေမယ့် ကျော်က ခေါင်း ခါတာမို့ မတတ်သာဘဲ သူကိုင်နေတဲ့ Phone ကို မရမကပေး လိုက်တာပင်။ ညတိုင်း တိတ်တိတ်လေး စကားပြောရအောင်တဲ့။ အဘယ်မျှ ရင်ထိတ်စရာကောင်းလိုက်ပါသလဲ။

"အမေ့!"

သံစုံမြည်အသံကြောင့် Phone ကို အမြန်ယူကာ အိပ် ပြင်ထွက်လိုက်ရပါ၏။ ဒီလိုပဲ မိုးလင်းတာနဲ့ Phone ခေါ်တော့ တာပဲလား။ သူ့ငွေးဖြစ်ပြီး နေမြင့်တဲ့အထိ အိပ်ရာထဲ ဖိမ်နဲ့နှပ်

မနေဘူးလားရှင်။

"ဟဲလို"

"Morning လို့ပြောပါလား ကျော်ရယ်"

"ဟုတ်သားပဲ၊ Sorry! Sorry! ..."

"Breakfast စားပြီးပြီလား"

"ဟင့်အင်း"

"ခုထိမစားရသေးတာ ဘာလုပ်နေလို့လဲ"

ကြည့်စမ်း! လူချင်းမတွေ့ရဘူးဆိုပြီး Phone နဲ့ လူကို စစ်လားဆေးလားလုပ်နေတာလေ။ ချစ်သူထားတာနဲ့ လူက ခြေချုပ်မိတယ်ဆိုတာ အမှန်ဖြစ်နေပါရောလား။ သူ့ကိုရန်စောင်လိုက်ချင်ပေမယ့် အပြစ်ကြီးကြီးမားမားမှမရှိတာလေ။

"ရေချိုးနေတာရှင့်"

"ဟုတ်လား၊ ဒါဖြင့် လှလှတွေပြင်ပြီးပြီပေါ့လေ"

ကျော် တဟားဟားရယ်ချလိုက်မိပါ၏။ လူကိုအချစ်နဲ့တွေ့ပြီဆိုပြီး လှချင်စိတ်များတယ်ထင်ရတယ်လို့။ ကျော်ရယ်တာကို သူပါ သဘောကျပြီး ရယ်လေ၏။ စိတ်ချမ်းသာလိုက်တာနော်။

"ကိုယ်ပြောတာ မဟုတ်လို့လား"





"အင်းလေ၊ ကျော်က သနပ်ခါးရေကျဲပဲ အမြဲလိမ်းတာကို၊ ဘာများထွေထွေထူးထူးပြင်စရာလိုလို့လဲ"

"ဟုတ်ပါပြီ၊ ကိုယ်သိပါတယ်"

"ဘာသိတာလဲ"

"ကျော် သနပ်ခါးလူးတာကိုလေ"

"အာ. . . ကိုကြီးနော်၊ ဘာမှန်းလဲမသိဘူး"

ကျော့်မျက်နှာ ဖျန်းခနဲပူသွားရပါ၏။ သူပြောတာက ရိုးရိုးဖြစ်ပေမယ့် ကျော့်အတွေးက အရှိန်လွန်ပြီး ဆန်းပြားသွားတာကို။ ကျော့်ကို သူမွှေးမွှေးပေးတိုင်း 'မွှေးလိုက်တာ၊ ရင်ထဲကိုအေးသွားတာပဲ'ဆိုပြီး မရှက်ရှက်အောင် စတတ်လို့ပါလေ။

"ဟော်များ! ဘာဖြစ်သွားတာလဲ၊ ကိုယ်က ရိုးရိုးပြောတာပါ။ ဒီလိုပဲ နေ့တိုင်း. . ."

"မပြောနဲ့လို့ဆို"

"ဟင်းဟင်း. . . ဘာလဲ၊ ရှက်လို့လား"

"အင်းပေါ့"

"ဩော. . . ချစ်သူတော့ ထားတတ်ပြီး ဒီလိုဘာဘာညာညာကိစ္စတွေရှိတတ်တာ အစောကြီးကတည်းက မတွေးထားဘူးလား"

"မသိလို့ပေါ့"

"အခုသိသွားပြီလား"

"ကြည့်! လိုက်မစနဲ့နော်"

သူတီးတိုးရယ်နေပြန်လေ၏။ အတော့်ကို ပျော်နေ
ပုံပါပဲ။ ဘေးနားမှအသံတွေ ကြားရသလို သူလှည့်ပြောသံကို
ကြားနေရလေသည်။ ကြည့်ရတာ ဦးဘုန်း လိုက်နှောင့်ယှက်
တာပဲ ထင်ပါရဲ့။

"မလုပ်နဲ့ဆိုမှကွာ. . . ကိုဘုန်း"

"ကျော်လား. . . ညီမလေး"

"ဟော့လူ. . ."

"အိမ်လာလည်ဦးနော်၊ သိလား"

"အံမာ! သူလာလည်တော့ မင်းက ဘာများ‌ကျွေး
လဲ။ အပိုတွေလျှောက်ပြောမနေနဲ့။ Feeling ပျက်လိုက်တာကွ

"Phone ပြောရတာလေးလောက်နဲ့ ဘာ Feeling
လို့လဲ"

"ဟာ! ဒီလူတော့ နာချင်ပြီ။ သွားပါတော့"

"မင်းလိုက်မယ်ဆို"

"သွားနှင့်ဗျာ၊ နောက်က လိုက်လာရင် ပြီးရော





တကယ့်အမိုက်ပဲ. . . ကျစ်!"

"အိမ်မလာရင်လည်း ဆိုင်ကိုလာခဲ့, သိလား ကျော်။
ငါ့ညီမကို စိန်တစ်ဆင်စာ လက်ဆောင်ပေးမယ်"

"အောင်မယ်! မင်းက အဲဒီလောက်ချမ်းသာနေလား"

"မင်းအိတ်ထဲကနှိုက်ပြီး ပေးမှာပဲဟာ"

"သေဦးမယ်၊ မွဲဦးမယ် သိလား။ မြန်မြန်ကြွပါတော့"

"အိမ်း! ဦးဇင်းကြွပြီ ဒကာကြီး"

Phone ထဲမှ အတိုင်းသားကြားနေရတာမို့ ကျော်ပါ
လိုက်ရယ်နေမိလေ၏။ သူ့တိုက်ခန်းကိုတော့ အချိန်ရရင် ကျော်
မြို့ထဲသွားတုန်းတိုက်ဆိုင်ရင် ဝင်လည်တတ်ပါသည်။ သူကိုယ်
တိုင်ခေါ်သွားမှသာ ကျော် လိုက်တာပါလေ။

"အလုပ်သွားရတော့မှာလား"

"အင်း"

"ဘယ်နှနာရီလောက် ပြီးမလဲ"

"ညနေလေးနာရီခွဲလောက်"

"မတွေ့ရတော့ဘူးလား"

"ကိုကြီးလည်း ဆိုင်သွားရမှာဆို။ ညပိုးချုပ်မယ်မဟုတ်
လား"

''မိုးမချုပ်ပါဘူး။ စောမှာပါ''

''မကြာမကြာတွေ့ဖြစ်တာပဲကို တစ်ရက်တလေ မတွေ့တာ ဘာဖြစ်လဲ''

''လွမ်းလို့''

ပြုံးလိုက်မိပါ၏။ တစ်ရက်မမြင်ရရင် လွမ်းတယ်တဲ့။ ဟုတ်လို့လား။ ခုဆို ကျော့်အားလပ်ချိန်အတော်များများ ပုပ်ကုန်ပြီ။ ဖတ်စရာစာအုပ်တွေလည်း တစ်ပုံကြီးဖြစ်နေချေပြီ။ စာအုပ်ကိုင်နေတုန်း Phone မြည်သံကြားရတာနဲ့ပဲ သူ့ကိုစကားအကြာကြီးပြောရလို့ စာမဖတ်ဖြစ်ဘဲ အိပ်ပျော်သွားရတဲ့ညက တော်တော်လေးများနေတာအမှန်ပါ။

အချစ်ဆိုတာ အချိန်ကို တိုက်စားတတ်တဲ့လက်နက်ပေပဲလား။

''လွမ်းစရာလား ကိုကြီးရဲ့၊ နေ့တိုင်းလည်း Phone ဖုန်းပြောနေတာကို''

''တစ်ရက်လေးမှ အဲဒီမျက်နှာလေးကိုမြင်ခွင့်မရရင် ကိုယ်အိပ်မပျော်ဖြစ်ပြီး ရူးလိမ့်မယ် ကျော်ရဲ့''

''အပိုတွေ''

''မယုံဘူးလား''





''ဒါဆိုလည်း ကျော့်ဓာတ်ပုံပေးထားမယ်လေ''

''ဓာတ်ပုံက ဘာလုပ်လို့ရမှာလဲ၊ မယူဘူး''

ကျော် ရယ်မိပြန်ချေပြီ။ မျက်နှာတွေ့ချင်လို့ဆိုပြီး ဓာတ်ပုံယူဆိုတော့ No! တဲ့။ ဘယ်လိုလူကြီးပါလိမ့်နော်။ ကျော့်ထက် အသက်ကြီးတဲ့လူကိုရွေးမိတာ ကျော်က ဆိုးလို့ရမလားလို့။ ခုတော့ သူကချည်း ကျော့်ကို ဗိုလ်ခပ်ကျကျဖြစ်နေတာကိုး။

''ကလေးလည်းမဟုတ်ဘဲနဲ့ တကယ်ပဲ''

''ဘာလဲ၊ လူကို အဘိုးကြီးလို့ပြောချင်တာလား''

''မဟုတ်ပါဘူး''

''ကျော်ပဲချစ်လို့ ရွေးထားတာလေ၊ ဆံပင်တောင်မဖြူသေးခင် လူကိုပစ်ချင်နေပြီလား။ ဟုတ်လား''

''ရော်! မဟုတ်ပါဘူးကိုကြီးရာ၊ ကဲကဲ. . . ညနေတွေ့မယ်ဆို ရပြီမဟုတ်လား''

''တကယ်လား''

''အင်းပေါ့''

''ဒါဆို ကိုယ် dinner ကျွေးမယ်''

''ဟင်! တိုက်ခန်းကိုခေါ်ဦးမလို့လား။ အချိန်ရမှာမဟုတ်ဘူးနော်''

"ဆိုင်မှာကျွေးမှာပေါ့ ကျော်ရဲ့၊ အလန့်တကြားဖြစ်ပြန်ပြီ။ ညနေ ကိုယ် Phone ထပ်ဆက်လိုက်မယ်လေ။ ဘယ်ဆိုင်လဲဆိုတာ"

"ဟုတ်! ဒါဆိုဒါပဲနော်"

"မဟုတ်ဘူး"

"ဘာကျန်သေးလို့လဲ"

"ခဏနေဦး"

ဘာများပြောမလို့ပါလိမ့်။ နာရီက မနက် (၈)နာရီကျော်နေတာတောင် ခုထိ ဗိုက်ထဲမှာ ဘာမှမထည့်ရသေးတာလေ။ သူက ဆက်မပြောဘဲရပ်နေတာမို့ Phone ကျသွားပြီထင်လိုက်ရလေ၏။

"ဟဲလို"

"ကိုယ့်ကိုချစ်ရဲ့လား"

"အာ. . ."

"အပြင်မှာ မေးဖြစ်မှာမဟုတ်လို့ပါ ကျော်။ ဖြေပါ"

"အင်း"

"ဘာအင်းလဲ"

"နောက်မှကွာ. . . ဒါပဲ ဒါပဲ"





Phone ကိုပိတ်လိုက်ပြီး အိမ်ထဲဝင်လိုက်စဉ် မေမေက အလယ်ခန်းမှထွက်လာရင်း တိုးလေ၏။ Phone ရှိတာကို အန်တီဒေဝီတို့ဝယ်ပေးသည်ဟု ထင်ထားတာပါ။ သို့သော် မနက်ရော ညပါ အချိန်တော်တော်ကြာအောင် စကားပြောနေသည့်ကျော့်ကို သံသယရှိမှာအမှန်ပဲမဟုတ်ပါလား။

"သမီး. . . ကျော်"

"ရှင်. . . မေမေ"

"အလုပ်က ဘယ်နှနာရီလဲ"

"(၉)နာရီအရောက်သွားရမှာ မေမေ၊ ဘာဖြစ်လို့လဲ"

"ခုတလော အိမ်ပြန်အမြဲနောက်ကျနေသလားလို့"

ကျော် ဇက်ပုသွားရပါ၏။ ဘာမှဟုတ်တိပတ်တိမဟုတ်ပါဘဲ ကော်ဖီဆိုင်ထိုင်လိုက်၊ စကားပြောလိုက်နှင့် ကျော့် အိမ်ပြန်ချိန်က ညနေဘက်မဟုတ်တော့ဘဲ ညရှစ်နာရီကျော်မှ ပြန်ရောက်တော့တာကိုး။ သူကတော့ ပြောခိုင်းထားပေမယ့် မေမေ့ကိုပြောဖို့ ကျော် နောက်တွန့်နေရတာပါလေ။

"ကျော်"

"ကျော်က နောက်မှ မေမေ့ကိုဖြည်းဖြည်းပြောမလားလို့ပါ"

"မေမေလည်း မမေးချင်ပါဘူး။ သမီးဘာသာ အလိုက်တသိပြောမယ့်အချိန်ကို စောင့်နေတာပဲ။ သမီးအန်တီလေးက စိုးရိမ်ပြီး မေးခိုင်းလို့သာ"

ဟုတ်တာပေါ့။ အိမ်မှာက လူကြီးနှစ်ယောက်ပဲ ရှိတာမဟုတ်လား။ ဒီတော့ မျက်လုံးနှစ်စုံအားနဲ့ကြည့်နေရင် ကျော့်ကို အတိုင်းသားမြင်နေရမှာလေ။ ကျော်ကဖြင့် တစ်နေ့တစ်နေ့ သွားလိုက်ပြန်လိုက်ဖြင့် အချိန်မအားဖြစ်နေမိတာကိုး။

"ကျော်. . . အင်း. . . မရှိသေးသလိုဖြစ်သွားရင် ခွင့်လွှတ်ပေးပါမေမေ"

"အင်းပါသမီးရယ်၊ ပြောမှာသာပြောပါ"

"ကျော် ချစ်သူထားနေပြီ"

"ဘယ်လို"

မေမေ့မျက်နှာမှာ အံ့သြပုံက အထင်းသားပါပဲ။ အံ့သြရှာပေမပေါ့။ ဟိုမကျဒီမကျ သမီးပေါက်ကျော်မကို ဒီလိုလွယ်လွယ်နဲ့ ရည်းစားထားလိမ့်မယ်လို့မှ ထင်မထားတာလေ။ ကျော်ကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာတစ်လုံးမှမဟာခဲ့တာမို့ ယုံရခက်ခက်ဖြစ်နေပုံပါပင်။

"ဘယ်သူနဲ့လဲ၊ ဘယ်က. . ."





"သူက လူကြီးလူကောင်းတစ်ယောက်ပါမေမေ"

"ဘယ်ကနေ တွေ့တာလဲ သမီးရယ်"

ပြောရခက်ပါဘိ။ မမနိုးနိုးနှင့်ဆက်နွယ်ပြီး သူနဲ့သိကျွမ်းခွင့်ရခဲ့တာကိုပြောရင် မေမေရင်ဖိတော့မှာအမှန်ပါပဲ။ ကျော်တော့ ရင်ဆိုင်နေရပြီ ကိုကြီးရယ်။

"မမ. . . မမနိုးနိုးနဲ့"

"ဘယ်လို! မေမြတ်နိုးခင်နဲ့ဆိုတော့ သူနဲ့စေ့စပ်မယ်ဆိုတဲ့တစ်ယောက်လား"

ခေါင်းကို မရဲတရဲညိတ်ချလိုက်မိ၏။ မေမေ့မှန်းဆချက်က ကွက်တိကို မှန်နေတာပါလေ။ ရင်ဆိုင်ပေတော့ ကျော်။ အနေးနဲ့အမြန်ကြုံရမယ့်ပြဿနာက သေးသေးမွှားမွှားမှမဟုတ်ဘာဘဲ။

"ကြည့်စမ်း! ဘယ်လိုအတွေးနဲ့များ ရွေးခဲ့တာလဲ ကျော်။ မမဒေဝီတို့ကို အမေဘယ်လိုမျက်နှာချင်းဆိုင်ရမလဲ။ ကြိုက်စရာများလို့ သူများနဲ့စေ့စပ်မယ့်ယောကျ်ားလေးကိုမှ လုရတယ်လို့။ နင်မရှက်ဘူးလား"

"မဟုတ်ဘူးမေမေ၊ မဟုတ်ပါဘူး။ သူနဲ့. . . သူနဲ့ မမနိုးနိုးက စေ့မှမစေ့စပ်ဖြစ်တာ"

"အဲဒါ နင့်ကြောင့်ပျက်သွားတာပဲဖြစ်မှာပေါ့ မိကျော်ရဲ့။ အဲဒီလို အဆင့်အတန်းကွာတဲ့လူနဲ့မှ သွားကြိုက်ရသလား။ ကိုယ်နဲ့တူတူတန်တန်ထဲက ရှာရွေးပါတော့လားဟယ်။ နင့်အစား ငါရင်လေးလိုက်တာ မိခိုင်ကျော်အောင်"

"မေမေ"

"မခေါ်နဲ့၊ နင့်လိုအဆင့်မျိုးကို အဲဒီလိုလူက အတည်ယူမယ်လို့များထင်နေလား။ အိပ်မက် မက်မနေနဲ့မိကျော်။ သူများအပျော်တွဲရုံနဲ့ နင့်နာမည်ပျက် အရှက်ရရုံပဲ ကျန်ခဲ့မှာ။ သေရုံပဲရှိတော့မယ် ကျော်ရဲ့"

မျက်ရည်က ပိုးပိုးပေါက်ပေါက်ကျလာပါ၏။ ထင်ထားတဲ့အတိုင်းပါပဲ။ စိုးရိမ်စိတ်နဲ့ဒေါသရောယှက်ကာ မေမေပြောဆိုနေမှုနှင့် သိသော်ငြား ဝမ်းနည်းလာသည့်အရှိန်က ထိုးတက်လာလို့ပါလေ။

"ဒါဖြင့် ဒီ Phone က သူပေးထားတာပေါ့လေ"

"ဟုတ်"

"ပြန်ပေးလိုက်၊ သူ့ငွေးကိုချူစားပြီး ယူထားတယ်လို့ အပြောခံချင်သလား။ ဘာတွေယူထားသေးလဲ၊ အကုန်ပြန်ပေးလိုက်စမ်း။ ပြီးတာနဲ့ တစ်ခါတည်းအပြတ်ဖြတ်ခဲ့"





"မေမေ"

"သူနဲ့မပြတ်မချင်း ငါ့ကိုစကားလာမပြောနဲ့။ ဒါပဲ"

သွားပါပြီ။ မနက်စောစော ပျော်နေတဲ့အပျော်တွေတော့ ကြက်ပျောက်ငှက်ပျောက်ပြေးကုန်တာလေ။ အပြတ်ဖြတ်ခဲ့တဲ့ ကိုကြီးရယ်။ ကျော် ဘာဆက်လုပ်ရပါ့မလဲ. . . ပြောပါဦး။



## အခန်း (၁၆)

သူ Phone ဆက်ပြောထားသည့်အတိုင်း ထို Restaurant ရှေ့သို့ Taxi ဖြင့်လာခဲ့ပါ၏။ ဖေဖေ့ကားကို အရေးတကြီးမလိုအပ်ဘဲ ကျော်ထုတ်မသုံးပါလေ။

''ကိုယ် ဒီမှာ ကျော်''

သူလက်လှမ်းပြလိုက်သည့်စားပွဲဆီ သွားလိုက်ပါ၏။ ပွဲကတော့ လှချေပြီ။ ရည်းစားထားတာမှ သုံးလလား လေးလလား ဒါပဲရှိသေးတာလေ။ အခုတော့ အဲဒီရည်းစားကိုဖြတ်တဲ့ ကိုကြီးရေ့။

''ဘာဖြစ်လာပြန်ပြီလဲ''

''ဟင့်အင်း''

"မျက်နှာမှာ အထင်းသားမြင်နေရတာကို ပြောမှပေ့ ကျော်ရဲ့"

ကဲ! မေးနေလေပြီ။ ကျော့်ကြောင့် ပျော်နေသည့်သူ့ အပျော်တွေကို မပျက်ဆီးစေချင်ပါလေ။ ကျော်က. . . ကျော်က မမနီးနီးဆီကနေ ကိုကြီးကိုလုခဲ့တာတဲ့။ အဲဒီစကားကြောင့် ခုချိန် ထိ ရင်ထဲမှာ အောင့်နေတုန်းပါပဲ။

"ကျော် ဘာမှမစားတော့ဘူးနော်"

"ဘာဖြစ်လို့လဲ ကျော်ရဲ့၊ ကိုယ်က ကြိုတောင်မှာထား ပြီးနေပြီ"

"မစားချင်လို့ပါ"

"ဒီအချိန် ကျော် ဗိုက်ဆာနေကျပါ။ ဘာလဲ၊ ကိုယ်ချ ကျွေးတာမဟုတ်လို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကြောင့်လဲ ကျော်ရယ်၊ ကိုယ် ရင်တော ထိတ်လာပြီ"

အိတ်ကပ်ထဲမှ Phone ကိုထုတ်ယူ၍ စားပွဲထက် ပေးလိုက်ပါ၏။ သူပေးတုန်းကလည်း ဒီတိုင်းပဲမို့ပါလေ။ Better အားသွင်းစက်က ကျော်ကိုယ်တိုင်ဝယ်ထားတာမို့ ပြန်ပေးဖို့မ





ပါ။ သူက ကျော့်မျက်နှာကိုတစ်လှည့် Phone ကိုတစ်လှည့် ကြည့်ရင်း အံ့သြနေလေသည်။

"ဒါက. . . ဒါက"

"မေမေသိသွားပြီ"

"ဘယ်လို! ကိုယ်တို့ကိစ္စကိုလား"

"ဟုတ်တယ်"

"အဲဒါဘာဖြစ်လဲ ကျော်ရဲ့၊ တစ်နေ့သိမှာပဲကို။ ဒါကြောင့် ပြောလိုက်ပါလို့ ကိုယ်ပြောထားသားပဲ။ အန်တီသိပြီးရင် ကိုယ် မကြာခင် ဝင်ထွက်ခွင့်ရမှာပေါ့ကျော်ရဲ့"

ခေါင်းခါပြလိုက်မိ၏။ မျှော်လင့်တကြီးဖြင့် ကြည့်နေသည့် သူ့ကို ရဲရဲမကြည့်ဝံ့ဘဲ စားပွဲခင်းဖြူဖြူကိုသာ စိုက်ကြည့်နေမိ သည်။ ကျော့်မျက်နှာလည်း ဒီလိုမျိုးသွေးမရှိသလို ဖြူဖျော့နေ ပြီလား။

"မေမေပြန်ပေးခိုင်းလိုက်လို့ လာပေးတာ"

"ဟုတ်ပြီလေ၊ ဒါဖြင့် ကိုယ်အသစ်ဝယ်ပေးပါ့မယ်"

"မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ ကျော်ရဲ့၊ အားနာလို့လား။ ကိုယ်နဲ့ကျော့် ကြားမှာ ဘာများအားနာစရာရှိလို့လဲ။ မှန်တယ်မဟုတ်လား"

ထင်ကြေးဖြင့် ပြောဆိုနေသည့်သူ့ကြောင့် ဖွင့်ပြောပုံ က ပိုခက်နေပြန်ပြီလေ။ ရင်ထဲမှာ ဆို့နင့်နေတာမို့ ပြောမထွက် တာကို သူမသိဘူးလား။ ကျော်တို့နှစ်ယောက် နီးစပ်ဖို့ကို မမနီး နီးကိုယ်တိုင် အားပေးတိုက်တွန်းခဲ့ပါလျက် ကျော်က ကိုကြီးကို ကြားထဲက ဖြတ်လုတယ်လို့ မေမေမို့ ပြောရက်တယ်လေ။

ရေစက်က ဒီလောက်ပဲထင်ပါရဲ့။ နဖူးစာ မင်ရည်ကဲ့ တယ်လို့ပဲဆိုဆို၊ ကျော်တို့နှစ်ဦးရဲ့ဇာတ်လမ်းကို ဒီမှာပဲဇာတ်သိမ်း ရတော့မှာပါပဲ။ အလွမ်းဆိုတာတွေ၊ မျက်ရည်ဆိုတာကိုရော အိပ် မက်တွေ စိတ်ကူးတွေမှန်သမျှ အကုန် ကျော်ပိုင်ဆိုင်ရတော့မှာ ပါလား။

ဘာမဆို လက်တွေ့ကျကျ ပြတ်ပြတ်သားသား ဆုံးဖြတ် တတ် လုပ်ကိုင်တတ်တဲ့ ကျော့်လိုလူအတွက် ဒီတစ်ကြိမ်က အပင် ပန်း အခက်ခဲဆုံးဖြစ်နေတာပါလေ။ ကျော့်ဘဝရဲ့တစ်ဆစ်ချိုး အပြောင်းအလဲ အချိုးအကွေ့က ဒုက္ခရာအနာတရဖြစ်စေမယ် ဆိုတာကို မျှော်လင့်မထားမိတာ အမှန်ပါလေ။

“ကျော်”

“မေမေက ပြောတယ်”

“အင်း”





သူ စကားထောက်လိုက်ပေမယ့် စကားကိုဆက်မပြော ဘဲ မျက်ရည်ရစ်ဝဲလာသည့်ကျော့်ကို အံ့သြစွာငေးကြည့်နေမိ၏။ ဘာလဲ၊ ဘာများဖြစ်လာလို့ ပူပင်သောကတွေကို ကျော့်မျက်ဝန်း မှာ အထင်းသားမြင်နေရတာပါလိမ့်။ ကျော်. . . ကိုယ်ရင်ထိတ် စရာတွေက ခပ်မြန်မြန်ဖြစ်လာပြီလား။

“ပြောလေ ကျော်၊ ဘာဖြစ်လဲ. . . ကိုယ်နားထောင်နေ ပါတယ်”

စားပွဲထက် တင်ထားသည့်လက်နုနုလေးကို လှမ်းကိုင် မိစဉ် အေးစက်နေလေ၏။ သေချာပါတယ်၊ ကျော်က ဒီလိုပုံစံ မျိုးမှမဟုတ်တာလေ။ ဘာမဆို ရဲရဲတင်းတင်းနဲ့ သတ္တိရှိရှိလုပ် တတ်တာမဟုတ်ပါလား။ အခုလို မတုန်မလှုပ်နဲ့ အာစေးမိနေ သလို နှုတ်ဆိတ်နေတာကမှ ဆန့်ကျင်ဘက်ဖြစ်နေတာပါလေ။

“ကျော်”

“မေမေက. . . မေမေက ကျော်နဲ့ကိုကြီးကို”

“တော်ပြီ၊ ဆက်မပြောနဲ့တော့ ကျော်”

“အပြတ်ရှင်းခဲ့တဲ့”

“ကိုယ်မကြားချင်ဘူး။ မကြားပါရစေနဲ့ ကျော်”

ပါးပြင်ထက် မျက်ရည်က စီးကျသွားရပါ၏။ ဒီလောက်

ထိန်းထားနေပါလျက် မျက်ရည်မလွယ်တဲ့မိန်းကလေးက လွ
လင့်တကူငိုမိသတဲ့လား။ မျက်ရည်ဆိုတာ အရှုံးဆို၊ အဲဒီအ
ဆိုတာမျိုးနဲ့ ကျော့တစ်သက် တစ်ကြိမ်တစ်ခါမှမတွေ့ခဲ့ပါ။
သက်နဲ့ပတ်သက်မှသာ တိတ်တဆိတ်နောက်ဆုတ်ခဲ့ရုံသာ လ
ခဲ့ဖူးတာလေ။ အခုမှ. . . အခုမှ ကိုကြီးနဲ့ဆက်နွယ်ပြီး။

"မေမေက သဘောမတူနိုင်ဘူးပြောလို့လား"

ခေါင်းကို အနိုင်နိုင်ညိတ်ပြလိုက်မိ၏။ ငါးဖယ်က ပြော
ပြန်လို့များပြောလေမလား။ တကယ်ဆို ကိုကြီးမိဘတွေက
ကျော့ကို အဆင့်အတန်းခွဲခြားပြီး ကန့်ကွက်ရမှာပါလေ။ သူ
အသိုင်းအဝိုင်းက မိုးမြင့်ပြီး ကျော့ကဖြင့် မြေကြီးလောက်
ရှိနေတာမဟုတ်ပါလား။

"ဘာအကြောင်းပြချက်နဲ့လဲ ကျော့"

ဒီတစ်ခါတော့ ခေါင်းခါပြလိုက်မိပါ၏။ အကြောင်း
ချက်တဲ့လား။ သူများတွေ စေ့စပ်ကြတော့မယ့်အချိန်မှာ က
က ကြားဖြတ်ခုတ်ခဲ့တဲ့လူတဲ့ ကိုကြီးရယ်။ ဘယ်သူမပြု မိမိ
လား။ ကျော့မဖန်တီးပါဘဲ ကံကြမ္မာက သူ့အလိုလိုဖန်တီး
ခဲ့တာလေ။

မျှော်ငေးနေမိတဲ့သူက တစ်ယောက်၊ အနီးဆုံးကို အ





လိုတိုးကပ်လာတဲ့သူက တစ်ယောက်ဖြစ်ခဲ့တာမဟုတ်လား။ ကျော့
လိုမိန်းကလေးတစ်ယောက်အတွက် အချစ်ဆိုတာ စိတ်ကူးယဉ်
ရုံသက်သက်ပဲဖြစ်သင့်တာပါလေ။ လက်တွေ့မှာ အဲဒီအချစ်ဆို
တာ အသုံးချလို့ရတဲ့အရာမှမဟုတ်တာဘဲ။

"ကိုယ်နဲ့သဘောမတူရအောင် ကိုယ့်မှာဘာပြစ်ချက်တွေ
ရှိနေလို့လဲ ကျော့။ ပြောပါဦး. . . ကိုယ်က ဘာမှမရှိ ဆင်းရဲ မွဲ
တေနေလို့လား"

"မဟုတ်ပါဘူး"

"ရုပ်ရည်က လူတောတိုးလို့မရအောင် စုတ်ပြတ် နုံချာ
နေလို့လား။ သူများလက်အောက်မှာ တောက်တိုမယ်ရ လက်တို
လက်တောင်း လိုက်လုပ်ပေးနေရတဲ့အဆင့်မျိုးဖြစ်နေလို့လား"

". . ."

"အိမ်ထောင်တစ်ခုကို လွယ်လွယ်ထူထောင် လွယ်လွယ်
နဲ့ဖျက်တတ်တဲ့ တစ်ခုလပ်လို မုဆိုးဖိုလို့များ ယူဆထားလို့လား"

တော်ပါတော့ ကိုကြီးရယ်။ စကားပြောတတ်လိုက်တာ။
ကိုယ့်ကိုယ်ကို နှိုင်းလိုက်တာများ ဒီ့ထက်ပိုနိမ့်ကျတဲ့နေရာတောင်
မရှိတော့သလိုပါလေ။ အဲဒီလောက်အထိ နှိပ်ချပြောစရာမှ လို
အပ်တာမဟုတ်ပါဘူး။ ကိုကြီးက. . . ကိုကြီးက အမြင့်တစ်နေရာ

မှာ ရှိမြဲရှိနေတာလေ။

''ပြောလေ ကျော်''

''ကျော်တို့. . . ကျော်တို့ ဒီမှာပဲ ရပ်လိုက်ကြရအောင်''

''အဓိပ္ပာယ်မရှိဘူး ကျော်၊ ကိုယ်သဘောမတူဘူး''

''ကျော့်ကိုနားလည်မပေးနိုင်ဘူးလားဟင်''

''ဟုတ်တယ်၊ အမှန်ပဲ''

ဘုရားရေ! ကျော်တို့နှစ်ဦးကြားမှာ အချစ်ဆိုတဲ့အရေ ထက် နားလည်မှုက ပိုအရေးပါနေပြီး တစ်ဦးကိုတစ်ဦး နားလည် ပေးနိုင်ခဲ့တာမဟုတ်ပါလား။ ဒါကိုသိနေပါလျက်နဲ့ ကျော့်ကို နား လည်မပေးနိုင်ဘူးတဲ့လေ။ ဒုက္ခပါပဲ။

''ကိုယ့်အပြင် နောက်တစ်ယောက်ရှိနေပြီလား ကျော်''

''အို! . . . မဟုတ်တာ''

''ကိုယ်လည်း သံသယမဖြစ်ချင်ပါဘူး။ ဒါဖြင့်ဘာကြော ကျော် မပြောနိုင်ရတာလဲ''

ပြောရမှာ ရှက်လို့ပါပဲ။ ကျော့်မှာပဲ အပြစ်ရှိခဲ့တာပ မမနီးနီးဘက်က အလိုလိုအလိုက်တသိနဲ့ နောက်ဆုတ်ခဲ့တာပြ ခဲ့ရင် ကျော်က ဦးနှောက်နဲ့ဆုံးဖြတ်တတ်ခဲ့ရမှာမဟုတ်လား။ သ တော်မတော်၊ ဖြစ်သင့်မသင့်၊ အဲဒီအချက်တွေနဲ့ သူ့ရင်ခွင်





တိုးဝင်ဖို့ကို ဘာလို့မဆုံးဖြတ်ခဲ့မိတာလဲ။

ရင်ထဲမှာ နာကျင်ခံစားရတဲ့ဝေဒနာကို သက်သာလိုသက် သာငြား ခပ်မြန်မြန်ခေါင်းညိတ်ခြင်းရဲ့ရလဒ်က နာကျင်မှုပဲ နောက် ထပ်တစ်ဖန် ပြန်ရခဲ့တာလား။ ဆေးလိုချင်တဲ့သူကို ဒဏ်ရာပဲ ထပ်ပေးရတယ်လို့ ကံကြမ္မာရယ်။ ရက်စက်လိုက်ပါဘိ။

ဒီလိုခံစားရအောင် ကျော့်မှာ ဘာအပြစ်ကြေးတွေများ ဝေ့ပါလာခဲ့လို့လဲ။ အတိတ်မှာ ဖြူစင်စွာနေထိုင်ခဲ့သလို အပျော် အပြည့်နဲ့ရှင်သန်ခွင့်ရခဲ့ပေမယ့် အသက်(၁၆)နှစ်အရွယ်မှာ ကျော့် မေမေကို ကျော်တို့ဘဝထဲက ခပ်စောစောဆွဲထုတ်ခေါ်ဆောင် သွားခဲ့ပြီးပါပြီ။ အဲဒါကိုတောင် မကျေနပ်သေးဘူးလား။

ကျော့်ကိုရော၊ သံယောဇဉ်တွေ စုပုံထားမိပေမယ့် ကျော ပေးထားခဲ့တဲ့ကိုသက်ရဲ့ မေတ္တာတရားကို လက်သင့်မခံရလေ အောင် ရက်စက်မှုထပ်ပေးခဲ့တာပါလေ။ နှလုံးသားမှာ အမာရွတ် ဆင်ကျန်ခဲ့တဲ့နေရာက နှစ်ကြိမ်နှစ်ခါရှိနေပြီမဟုတ်ပါလား။

ဒါကိုတောင် အခု. . . အခု နောက်ထပ် ခပ်ပါးပါးဒဏ် ရာအဖြစ် ကျော့်နှလုံးသားကို ရှရာပေးချင်ပြန်နေပြီလေ။ နောက် ထပ်ဘယ်လိုရက်စက်မှုမျိုးနဲ့ ကျော့်ကို အသေသတ်ဦးမှာပါလဲ။ လောကကြီးထဲကနေ အပြီးအပိုင်ထွက်သွားဖို့ကိုများ ရည်ရွယ်

ချင်လေသလား။

"ကျော်"

"မေမေက. . . မေမေက ကိုကြီးကို ကျော်မဖြတ်နိုင်သရွေ့ သူနဲ့စကားမပြောနဲ့လို့ အမိန့်ပေးလိုက်ပြီ"

"ဟာ! ရက်စက်လှချည်လား။ ဒါဆို အဲဒီ Reason က ဘာလဲဆိုတာ ကိုယ့်ကိုပွင့်ပွင့်လင်းလင်းပြောသင့်ပြီ ကျော်"

"ကျော်. . . ကျော်က ကိုကြီးနဲ့မမနိုးနိုးတို့စေ့စပ်မယ့်ကြားကနေ ဖြတ်ခုတ်ခဲ့တာတဲ့"

"ကျစ်! မဟုတ်တာ ကျော်ရယ်၊ ဒီကိစ္စကို ရှင်းရှင်းလင်းလင်းဖြစ်ပြီးမှ ကျော့်ကို ကိုယ်ဖွင့်ပြောခဲ့တာလေ။ မယုံရင် မြတ်နိုးကိုမေးကြည့်ပါလို့ မပြောဘူးလား"

ဘယ်ပြောဝံ့ပါ့မလဲ။ ကိုယ့်ကို သဘောမကျဘဲ ကိုယ်အဖော်ခေါ်လာတဲ့ကျော့်လိုမိန်းကလေးမျိုးကိုမှ သဘောကျသွားတာမို့ မကျေမနပ်ဖြစ်နိုင်တာပဲ။ ပြီးတော့ ကျော်မေ့နေမိတဲ့ မိန်းမမာနဆိုတာရော မဖြစ်နိုင်ဘူးလား။ ဒါကြောင့်မို့လည်း မသိသလိုဟန်ဆောင်ပြီး အသာလေးနောက်ဆုတ်သွားတာမျိုးလည်း ဖြစ်နိုင်တာလေ။

အလို! ဒါကို ကျော် ဘာကြောင့်မရိပ်မိခဲ့ရတာပါလဲ။





မနိုးနိုးလို ဣန္ဒြေအပြည့်နဲ့ မာနကြီးသည့်မိန်းကလေးမျိုးက ဘေးနားမှာ ဝိုင်းဝိုင်းလည်နေတဲ့ပုရိသတွေအများကြီးမို့ တစ်ယောက်လောက်ကိုဖြင့် အသာလေးခါထုတ်နိုင်တတ်တာပါလေ။

ဒါကို ကျော်က. . . ကျော်က အလွယ်တကူနဲ့ လက်သင့်ခံခဲ့မိတာ ရက်စရာကြီးပါပဲလား။ ကျော်ကဖြင့် ကျော့်ကိုမေတ္တာရှိတဲ့သူ အများကြီးမရှိလို့ ဒီတစ်ဦးကိုဖြင့် မိမိရရဖမ်းဆွဲလိုက်သလိုဖြစ်နေပြီလား။ ကွယ်ရာမှာ အတင်းပြောတတ်ကြရင်ဖြင့် ကျော့်အဖြစ်က ရေစုန်မျောတော့မှာပါလား။

"အဲဒီအခက်အခဲကြောင့်ဆိုရင် ကျော့်မေမေနဲ့ ကိုယ်သွားတွေ့ပြီး ရှင်းပြပေးမယ် ကျော်"

"မဖြစ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ"

"မေမေက. . . မေမေက ကိုကြီးကိုတွေ့ချင်မှာမဟုတ်ဘူးပါ"

"မတွေ့ချင်လို့ ဘယ်ရမှာလဲ ကျော်၊ ကိုယ်က ကျော့်ကို တွဲရရုံလေးအဆင့်မျိုးနဲ့ အပျော်တွဲခဲ့တာမှမဟုတ်တာ"

အလိုလေး! သူပေါက်ကွဲတော့မလိုပါပဲလား။ ဤသို့ဖြစ်သာအောင်ကို ကံတရားစီရင်တာက ခပ်မြန်မြန်ကြီးဖြစ်သွားရတာ

ပါလေ။ သူ့ကိုတအံ့တသြဖြင့် မော့ကြည့်မိစဉ် ကျော့်လက်အစုံကို ဆုပ်ကိုင်ထားပုံက နွေးထွေးကြင်နာလေစွ။

“ဒီတစ်ဘဝစာအတွက် ကျော့်ကိုရွေးချယ်ပြီး ချစ်ခဲ့တာ နောက်ဘဝဆိုတာတွေ နောက်ကမ္ဘာဆိုတာတွေနဲ့ မဖြစ်နိုင်ဘဲ စကားလုံးတွေမပြောပါဘူး ကျော့်။ ကိုယ့်ဘဝရဲ့နောက်ဆုံးထွက်သက်အထိ ကျော့်ကိုချစ်သွားမယ်ဆိုတဲ့ကတိကို ကိုယ်ပေးပါတယ် ယုံပါ”

“. . .”

“ဘယ်လိုအခက်အခဲမျိုးပဲရှိလာရှိလာ ကျော့်ရှေ့ကနေ မားမားရပ်ပြီး ကာကွယ်ဖြေရှင်းပေးမှာပါ ကျော့်”

ကျော့်လက်ဖမိုးနှစ်ဖက်စလုံးကိုယူ၍ သူနမ်းရှိုက်ကာ ဆုပ်ကိုင်ထားသည့်နောက် ဝန်းကျင်ကိုမေ့လျော့သွားရပါ၏။ ကြေကွဲဝမ်းနည်းနေသည့်မိန်းကလေးကို စိတ်သက်သာမှုရှိစေအောင် သူပြုလုပ်နိုင်စွမ်း အပြည့်ရှိနေတာပါလေ။

ဪ. . . ကိုကြီးရယ်. . .



## အခန်း (၁၇)

ကားကို အရှိန်လျော့လိုက်စဉ် ရိုပ်ခနဲမြင်လိုက်ရသည့် မြင်ကွင်းကြောင့် သူ break ကိုဆောင့်နင်းလိုက်ပါ၏။ ပြီးမှ နောက်ဘက်ကို အနည်းငယ်ပြန်ဆုတ်ကာ စားသောက်ဆိုင်မှန်ချပ်များဆီ ကြည့်လိုက်မိသည်။ သေချာပါတယ်၊ ဒါ သူ့သူငယ်ချင်း ကျော်ပါပဲ။

တစ်ဦးနှင့်တစ်ဦး လက်ဆုပ်ကိုင်ပြီး ကြည့်နေသည့်မျက်ဝန်းတို့က ဘေးဘီကိုသတိမထားတော့သလိုဖြစ်နေတာလေ။ ဒီလိုပဲလား။ မခွဲနိုင်မခွာရက်ပုံစံဆိုတာ ဒါမျိုးကိုခေါ်လေသလား။ ကြည့်ပါဦး! အပြုံးတွေအသီးသီးဖလှယ်နေတာများ ဒီကမ္ဘာကြီးမှာ သူတို့နှစ်ဦးတည်းရှိနေသလိုပါလေ။

ရင်ထဲမှာ အမျိုးအမည်မခွဲခြားတတ်သည့် ပူလောင် က ဖြစ်တည်လေ၏။ သူ့မှာဖြင့် ချစ်သူရှိချိန်မှာ ကျော့်ကိုဖွင့်ပြေ ခဲ့တာလေ။ အခုတော့ ဒင်းက ဒီလိုဆိုင်မျိုး ဒီလိုနေရာမျိုးမ ဘယ်သူမှမသိအောင် လာအကြည်ဆိုက်နေရတယ်လို့။ အန် သိလား. . . အန်တီလေး သိရဲ့လား မိကျော့်။

ကားပေါ်မှဆင်းကာ ဆိုင်ထဲသို့ဝင်ခဲ့မိ၏။ ဒင်းတို့န ယောက်အနေအထားက ခုထိမပြောင်းလဲသေးပါချေ။ ငါစိတ် လာပြီ မိကျော့်။

"မိကျော့်!"

"အမေ့!"

ရုတ်တရက်လန့်သွားပုံဖြင့် နှစ်ဦးသား လက်တွေဖြ ကာ ခါးမတ်သွားကြပါ၏။ သူ့ကို ကျော့်က အံ့သြစွာဖြင့် ‌ ကြည့်လိုက်ပေမယ့် ဟိုလူကဖြင့် အကဲခတ်ဟန်အကြည့်မျိုး ကြည့်နေလေသည်။ ဘာလဲ. . . လူကိုအနှောင့်အယှက်ပေး ကောင်လို့များ ထင်လိုက်လေသလား။

"ကိုသက်"

"ဒါက ဘာလုပ်နေတာလဲ"

"ကိုသက်. . . ငါ"





"နင်ဒီလိုလုပ်နေတာ အန်တီမြင့်သိလား"

"ဘာရယ် ?... "

"ဒီလိုဆိုင် ဒီလိုနေရာမျိုးမှာ ဒီလိုအချိန်ကြီး လာတွေ့ နေတာကို ပြောနေတာလေ ကျော့်ရဲ့"

"ကိုသက်"

"ကိုယ်တို့နှစ်ယောက်က သက်ဆိုင်တဲ့သူတွေပါ။ မင်း နဲ့ဘာမှမဆိုင်ရင် ဝင်မစွက်ဖက်ပါနဲ့လား"

အလို! မာကျောလှချည်လား။ လေသံထဲမှာကိုက ကျော့် ကိုပိုင်ဆိုင်ထားတဲ့ပုံစံမျိုး အပြည့်အလျှံဖြစ်နေတာပါလေ။ ဘာလဲ ကျော့်၊ ဒီလူက နင့်ကိုမပိုင်ရသေးခင် ငါလိုသူငယ်ချင်းကိုတောင် နင့်ဘေးမှာ မရှိစေချင်သလိုမျိုး လက်မထောင်ချင်နေပါရောလား။

"ကျော့်နဲ့ကျုပ်ကို မဆိုင်ဘူးလို့ ဘာကြောင့်ပြောရတာ လဲ"

"ကိုသက်"

"ဘာကြောင့်လို့ မင်းထင်နေလဲ"

"ဟား. . . စကားပြောကတည်းက အကျောကြီးနဲ့ပါ လား။ ဘယ်လိုလဲ ကျော့်၊ နင်တွဲနေတာ ဒီလိုထောင့်မကျိုးတဲ့ မာမာကျောကျောလူစားမျိုးလား"

"မင်း. . ."

"ကိုကြီး"

ဗုဒ္ဓေါ! 'ကိုကြီး' တဲ့။ ကျော့နှုတ်က တကယ်ပဲ ထွက်တ မျိုးလား။ သူ့ကိုဖြင့် နာမည်ရင်းကိုခေါ်သလို အဖျားဆွတ်ခေါ် ပြီး ဒီလူ့ကိုမှ 'ကိုကြီး' တဲ့လား။ ခေါ်သံတွေထဲမှာ ပျော်ဝင်နေ အားကိုး နှစ်လိုခြင်းတွေကို သိသာနေစေသလိုပါလေ။

"မလုပ်နဲ့နော် ဆိုင်ထဲမှာ"

"ထိုးရကျိုးတ်ရအောင် ငါက လမ်းသရဲမှမဟုတ်တ ကျော်ရဲ့၊ မစိုးရိမ်ပါနဲ့။ ထ! ပြန်စို့"

သူက ကျော့လက်မောင်းကို ဆုပ်ကိုင်ဆွဲထူလိုက်ပါ ထိုလူ့မျက်ဝန်းတို့က သူ့ထံ စူးခနဲကျရောက်လာလေသည်။ ကြ ရတာ ဆတ်ဆတ်ထိမခံနိုင်သလိုဖြစ်နေပါရောလား။ အခုလ ငါမခေါ်ရင် ညဉ့်နက်တော့မှာကို မသိလေရော့လား ကျော်ရ

"ဒါဘာလုပ်တာလဲ၊ မင်း အတော်ရဲတင်းလှချည်လာ

"အိမ်ပြန်ဖို့ခေါ်နေတာလေ၊ ဘာဖြစ်လဲ"

"သူ့ကို ဒီမှာကျွေးဖို့ဖိတ်ထားတာကွ"

"ဟုတ်လား။ ကျုပ်မြင်တာကတော့ ဗိုအား ၂၀ လောက်နဲ့ ကျော့ကိုမြှူဆွယ်ပြီး စိုက်ကြည့်နေတာကိုပဲ။ င





သောက်ပြီးရင် ညဆယ်နာရီထိုးတော့မှာ၊ အဲဒီအခါ ခင်ဗျား ဘာ ဆက်လုပ်မလဲဆိုတာ"

"မင်း. . . မင်း. . . မိုက်ရိုင်းဦး"

"အမယ်လေး!"

အမှန်က သူ့ကိုတွန်းရုံသာ တွန်းလိုက်တာပါ။ သူက စိတ်မြန်တဲ့လူမို့ ဟိုလူ့လက်ကို ဖျတ်ခနဲပုတ်ထုတ်လိုက်ပြီး မျက် နှာကို မိမိရရကြီးထိုးချလိုက်ပါ၏။ ကျော့ထံမှ အာမေဋိတ်သံ ထွက်သွားသလို Waiter တွေ အနီးသို့ရောက်လာပြီး ရုတ်ရုတ် သဲသဲဖြစ်သွားရလေသည်။

ကဲ! ဘယ်လိုလဲ၊ နှစ်သက်ပိုင်ရဲ့လက်စကို အမြည်းစား လိုက်ရတာ အရသာရှိပါရဲ့လား။

"ကိုကြီး"

ဟိုလူ့ဆီသွားရန် ပြင်လိုက်သည့်ကျော့ကို သူဆွဲထား လိုက်သဖြင့် မသွားနိုင်တော့ပါလေ။ နှုတ်ခမ်းထောင့် ကွဲသွား သလို သွေးစို့သွားတာကို ပွတ်သပ်လိုက်သည့် ဟိုလူ့မျက်ဝန်း တို့က မီးတောက်နှယ် စူးရှတောက်ပနေလေ၏။

"ဘာမှမဖြစ်ပါဘူး"

ဝန်းကျင်ကို ဟိုလူကိုယ်တိုင်ပြောလိုက်သဖြင့် ရှဲသွား

ကာ ဖယ်သွားကြလေသည်။ ကျော်က သူ့လက်ထဲမှရှန်းနေပေ မယ့် သူလွှတ်မပေးပါချေ။ ဒီအချိန်မှာ နှင့်ကိုမိမိရရဖမ်းမထား နိုင်ရင် အဲဒီလူနောက်ကို ကောက်ကောက်ပါအောင် လိုက်သွား တော့မှာပါ ကျော်။ အဲဒီလိုတော့ ငါအဖြစ်မခံနိုင်ဘူး။

"ကျော်"

"ကျော်တောင်းပန်ပါတယ်နော်၊ ကျော်. . . ကျော်"

"ဒီကိစ္စအတွက် ဆိုင်ရာကနေပဲ ပြောကြတာပေါ့"

"ကိုကြီး"

"ရပါတယ်၊ No! Problem. Any Time Any Where!"

"ကိုသက်"

"ကိုယ်ပြန်ဦးမယ် ကျော်၊ ဒီနေ့ဒီအဖြစ်အပျက်ကို မင်း မမေ့လိုက်နဲ့"

"ခင်ဗျား"

"တော်တော့ဆိုနေမှ"

ဟိုလူက သူ့ကိုလက်ညှိုးထိုးပြောလိုက်ပြီး ဆိုင်ထဲမှ ထွက်သွားလေ၏။ ရှန်းကန်ပြီး နောက်ကလိုက်ရန်ပြင်နေသည့် ကျော့်ကို သူအတင်းဆုပ်ကိုင်ထားသလို လက်မောင်းနှစ်ဖက်ကို





လှုပ်ခါလိုက်မိတော့သည်။

"မိကျော်! သတိရှိစမ်းပါ"

"နှင်. . . နှင်. . . ကဲ!"

"ဖြန်း! . . ."

ဒေါသဖြစ်ဖြစ်ဖြင့် သူ့ပါးကိုရိုက်ချလိုက်သံက ဆိုင်ထဲ မှာ ခပ်ကျယ်ကျယ်ထွက်သွားပါ၏။ ဒီလောက်တော့ ရှိပေမပေါ့။ သူတောင်မှ ဟိုလူကိုတစ်ချက်ထိုးလိုက်မိသေးတာလေ။ Action ရှိရင် Reaction ပြန်လာတတ်တာ သဘာဝပေကိုး။

"နှင့်ကိုမုန်းတယ်! . . . သိပ်မုန်းတာပဲ"

"ရတယ်၊ ကြိုက်သလောက်မုန်းလိုက်စမ်းပါ ကျော်ရဲ့။ ကိစ္စမရှိပါဘူး"

ဆိုင်ထဲမှ ဆောင့်ဆောင့်အောင့်အောင့် ထွက်သွားသည့် ကျော့်နောက် သူခပ်သွက်သွက်လိုက်လာခဲ့မိပါ၏။ စိတ်တွေလှုပ် ရှားပြီး ဘာတွေကိုများ ဆက်လုပ်နေမှာပါလိမ့်။ မိုးက ခပ်ဖွဲဖွဲ ရွာချလိုက်သဖြင့် ကျော့်ခြေလှမ်းတို့ ရုတ်တရက်ရပ်တန့်သွားလေ ၏။ ကားယူမလာတာမို့ Taxi တားပြီးစီးရန် သတိရသွားပုံပါပဲ။

"ငါနဲ့လိုက်ခဲ့"

"မလိုက်ဘူး။ လွှတ်စမ်းပါ ငါ့လက်ကို။ ပိုင်စိုးပိုင်နင်း

လုပ်ရအောင် နင်က ဘာမို့လို့လဲ။ ဖယ်! ''

ယောက်ျားအားနဲ့ ယှဉ်နိုင်ပါ့မလား။ လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်တာက မြဲမြဲနေတာပါလေ။ ရုန်းလိုက်ဆွဲလိုက်ဖြင့် သူ့ကားထဲသို့ ကျော်ရောက်သွားရပါ၏။

အယုတ်တမာကောင်၊ ဒင်းမို့ ကိုကြီးကိုထိုးလိုက်ရက်တယ်။ ဟိုက တရားစွဲရင် ဘယ်လိုလုပ်မလဲ။ အမှုဖြစ်ခဲ့ရင် ကျော်က မျက်မြင်သက်သေမို့ တရားရုံးကိုလိုက်ရတော့မှာလေ။

ဘယ်သူဘယ်ဝါကြောင့်ဖြစ်ရတာဆိုပြီး ကိစ္စကိုရှင်းရင် ကျော့နာမည်က ကြီးတော့မှာ။ ပြဿနာက သေးသေးလေးပေမယ့် မီးလောင်လွယ်တဲ့မီးစမဟုတ်ပါလား။ ကျော်တော့ အရှက်လုံးလုံးကြီးကွဲရတော့မှာလေ။ အဲဒါ ဒင်းကြောင့်၊ ဒင်းလုပ်လို့ ဖြစ်ရတာ။

''ဟာ! ဟာ. . . နာတယ်ဟာ၊ ကားမောင်းနေတဲ့လူကို ထုရလား''

''နင့်ကြောင့်ဖြစ်ရတာ''

''အေးပါ၊ ငါရင်ဆိုင်ရဲပါတယ်''

''ဘာရင်ဆိုရမှာလဲ၊ နင့်တုန်းက ငါဘာများဝင်နှောင့်ယှက်ခဲ့မိလို့လဲ။ ဘာရန်ငြိုးရှိနေလို့ ငါ့ချစ်သူကို ကိုယ်ထိလက်





ရောက် စော်ကားရတာလဲ နှစ်သက်ပိုင်ရဲ့. . . ဟင်''

''ကျွစ်! နားကလောလိုက်တာကွာ''

သူက အမြင်ကပ်စရာကောင်းလောက်အောင်ကိုပင် လက်ညှိုးဖြင့် နားထဲ ထိုးကလော်ဟန်ပြလိုက်လေသည်။ ကြည့်စမ်း! နောင်ဖြစ်လာမယ့်ပြဿနာကို ဘာမှတွေးမထားပုံပါလား။

''သွေးအေးပြမနေနဲ့၊ ဟိုက နင့်ကိုတရားစွဲရင် ဘယ့်နှယ်လုပ်မလဲ''

''ယောက်ျားပဲ ကျော်ရာ၊ Do or Die ပဲပေါ့။ ဂရုစိုက်လို့''

''နင်နော်. . . နင်၊ ဘာမဆို ပေါ့ပေါ့လုပ် ပေါ့ပေါ့ပဲတွေးတတ်တယ်၊ တကယ်ပဲ။ နင့်ကြောင့် ငါ ဘယ်လောက်မျက်နှာပျက်ရလဲ မြင်ကြည့်။ တရားဆိုင်ရင် ငါအရှက်လုံးလုံးကွဲရမှာဟဲ့''

''ဘာလို့ဖြစ်ရမှာလဲ၊ တရားဆိုင်လည်း နင်အသာဖယ်ပေးရုံပဲ''

''ဘာ! ''

''ဟုတ်တယ်လေ. . . မိန်းကလေးတစ်ယောက်ကြောင့် ယောက်ျားလေးနှစ်ယောက် ရန်ဖြစ်ကြတာ ဘာများထူးဆန်းလို့လဲ။ အားလုံးစဉ်းစားတွေးခေါ်ကြည့်ရုံပဲပေါ့''

''နင့်နဲ့ဘာဆိုင်လို့ ငါတို့ကြား ဝင်ရှုပ်ရတာလဲ''

''ဆိုင်ဆိုင် မဆိုင်ဆိုင် ပြီးသွားပြီ''

''နင်နေဦး၊ ပြီးစလွယ်မပြောနဲ့ဟဲ့။ ငါစိတ်ရှိလက်ရှိလုပ်ရင် သေတော့မှာပဲ''

''လုပ်လိုက်လေ၊ ငါက ကားမောင်းနေတဲ့လူပဲဟာ။ ငါ တစ်ခုခုဖြစ်သွားရင် နင်ပါ နှစ်ယောက်စလုံး သေရုံပေါ့''

တွေ့လား။ ဘယ်လောက်မြင်ပြင်းကပ်စရာကောင်းလိုက်ပါသလဲ။ ဒီလောက်ပြောနေတာကိုတောင် အသာလေးရှောင်ရှားပြေသွားတာလေ။ မီးပွိုင့်မှာ ကားခဏရပ်စဉ် တံခါးဖွင့်ရန်ရွယ်လိုက်သဖြင့် ကျော့လက်ကိုဆွဲကာ ကား Lock ကို သူချပိတ်လိုက်လေသည်။ နောက်ဆုံးပေါ်ကားမို့ သူမဖွင့်ပေးရင် ကျော်ဖွင့်လို့မရပါချေ။

''အား. . .''

လက်မောင်းကိုအတင်းဆွဲထားသည့် သူ့လက်ကောက်ဝတ်အထက်နေရာကို ပိတ်ကိုက်လိုက်တာမို့ အော်လိုက်မိပါ၏။ ကျော်တို့လုပ်ချလိုက်တာက ဒီလိုပဲတဲ့လား။ နိုင်ရာရအောင်ကို လုပ်လိုက်တာလေ။ Shirt လက်တိုဝတ်ထားတာမို့ လက်မှသွားရာအကွင်းလိုက်က အထင်းသားပါပဲ။





''နာလိုက်တာ ကျော်ရာ၊ ကျွတ်! ကျွတ်! ဘယ်လိုဖြစ်ပြီး ခွေးစိတ်ပေါက်လာရတာလဲ''

''နင့်လုပ်ပုံက အတော်ဟုတ်တာကိုး''

''ဘာဖြစ်လဲ၊ ကြိုက်စရာရှားလို့ ဒီအသက်ကြီးတဲ့အဘိုးကြီးကိုမှ ဖမ်းကြိုက်ရသလား။ ငါကတော့ နင်မဖြစ်သင့်တာမဖြစ်ရအောင် တားမှာပဲ''

ကြည့်စမ်း! အဘိုးကြီးဆိုတဲ့စကားက ထားပါတော့။ ကိုကြီးက ကျော့ထက် အသက် (၇)နှစ်ကျော်ကြီးတဲ့သူကိုး။ ဖမ်းကြိုက်တယ်ဆိုတဲ့စကားကဖြင့် ကျော့ရင်ကိုလာစိုက်တဲ့ ဆူးချွန်လို နာကျင်သွားရတာပါလေ။ ဘယ်လိုဖြစ်ပြီး ဒီအသုံးအနှုန်းကို မေမေနဲ့အတူ သူပါ သုံးကြရတာပါလိမ့်။

''ငါ့ဘာသာငါ့စိတ်နဲ့ငါကြိုက်တာ ဘာဖြစ်လဲ။ နင်နဲ့ဘာမှမဆိုင်ဘူး ကောင်စုတ်ရဲ့''

''မကြိုက်ရဘူး''

''ကြိုက်မှာပဲ''

''မိကျော်နေဦး''

''လာပြောမနေနဲ့၊ ဟိုက နင့်ထက် အများကြီး ပိုခန့်ပိုချောပြီး အပုံကြီးချမ်းသာတဲ့လူမို့ နင်မနာလိုဖြစ်နေတာမဟုတ်

လား။ အဲဒါ ငါသိတယ်''

''သွားစမ်းပါ၊ အရေးမပါတာတွေ လျှောက်ပြောမနေနဲ့။ နေစမ်းပါဦး။ တစ်သက်လုံး နင့်ပါးစပ်ကနေ ချမ်းသာချင်တဲ့စကား တစ်ခါမှမထွက်ဖူးခဲ့ပါဘူး။ အခုမှ''

''ဟုတ်တယ်၊ ငါချမ်းသာချင်တယ်။ ဒီ့ထက်ပိုမြင့်တဲ့နေရာမှာ နေချင်လို့။ စိန်မရှား ရွှေမရှားဘဝမျိုးနဲ့ နန်းတော်မျိုးမှာ စည်းစိမ်ခံစားချင်လို့ စိန်တိုက်ပိုင်ရှင်ကိုရှာပြီး ရွေးကြိုက်တာဟယ်. . . ရှင်းပြီလား''

သူက ကားကိုဆောင့်ထွက်လိုက်လေ၏။ လူကိုမခံချင်အောင်ပြောမှတော့ ဒီလောက်ပြန်ပြောသင့်တာမဟုတ်ပါလား။ နင့်လည်း သူဌေးသမီးရှာယူပြီး သူဌေးသမက်ဖြစ်ချင်တာပဲမဟုတ်လား။ ဒီတော့ ငါ့လမ်းငါရွေးပြီး လျှောက်နေတာကို ရှေ့ကနေလာပိတ်မရပ်နဲ့ပေါ့ နှစ်သက်ပိုင်။

''ရောက်ပြီ၊ ဆင်းတော့''

''နင်နင်စရာမလိုပါဘူး''

''နင်သိပ်လိုချင်တဲ့ အဲဒီစိန်တွေ ရွှေတွေနဲ့ နင့်ကို ငါဖို့သတ်ပြမယ်။ စောင့်သာနေ မိကျော်''

''ဘာ! ''





ကားကို ခြံထဲမောင်းဝင်သွားတာမို့ ဒေါသတို့ဖြင့် ကျော်ကျန်ခဲ့ရလေ၏။ ဘာအဓိပ္ပာယ်နဲ့လဲ။ အမြဲအနိုင်လိုချင်တဲ့သူမှန်းသိတာမို့ ကျော့်ဘက်က အမြဲအလျှော့ပေးဖြစ်ခဲ့တာပါလေ။

ဒီတစ်ခါတော့ မရတော့ဘူး ကိုသက်ရှေ့။ နင် 'ဒင်'မှတော့ ငါလည်း 'ဒေါင်'သံ ပြန်ပေးရတော့မှာပါပဲ။

● ● ●



## အခန်း (၁၈)

ကားကို ဆင်ဝင်အောက် ဆောင့်ကြီးအောင့်ကြီးရပ်လိုက်တာမို့ မေမေက ရင်ဘတ်ဖိကာ တိုက်ရှေ့သို့ထွက်လာလေ၏။ ကားပေါ်မှဆင်းပြီး ကားတံခါးပိတ်သံက ကျယ်သွားပြန်ပါသည်။

"ဟဲ့! ဟဲ့! ဒါက ဘာဖြစ်လာရပြန်တာလဲ သားရယ်"

"တင်းလာတာ မေမေရေ့၊ တင်းလာတာ"

"ဘယ်သူနဲ့စကားများလာပြန်ပြီလဲ။ စန္ဒြာလေးနဲ့လား"

"မဟုတ်ပါဘူး။ စံနဲ့မတွေ့ဖြစ်တာတောင် နှစ်ပတ်ကျော်နေပြီ"

"ဒါဖြင့် ဘယ်သူနဲ့တုန်း"

"ဘယ်သူရှိမလဲ၊ မေမေ့သမီး အလိမ္မာလေးလေ"

"အလိုတော်! . . . ဘယ်က သမီးလဲ"

"မိကျော်ကိုပြောနေတာဗျ. . . မိကျော်ကို"

နှစ်ယောက်ထိုင်ဆက်တီထက် ပစ်လှဲချလိုက်မိလေ၏။ တောက်! အတော်ဆိုးတဲ့ကောင်မလေး။ ချမ်းသာချင်လို့ ရှာကြံကြံတာတဲ့။ ဘယ်လောက်ဒေါသဖြစ်စရာကောင်းလိုက်ပါသလဲ။ စိတ်ရှိလက်ရှိ ထုထောင်းလိုက်ရ ရှိစုမဲ့စုအရိုးလေးတွေ အကုန်ကျိုးကုန်တော့မှာပဲ။ ငါနော်။

"ကျော်က ဘာများလုပ်လိုက်လို့လဲ သားရယ်"

"ယောက်မမြင်းစီး. . . မဟုတ်သေးဘူး။ တံမြက်စည်းခွစီးပြီး ထွက်တာ မေမေရဲ့"

"ဟဲ့! ပေါက်ကရ"

"ဘာတွေဖြစ်နေပြန်ပြီလဲဟေ့"

အပေါ်ထပ်မှဖေဖေပင် ရေချိုးပြီးလို့ ဆင်းလာချေပြီ။ သူ့မှာဖြင့် မိကျော်ကြောင့် ဒေါသတွေမွန်ပြီး ထူပူနေတာမဟုတ်လား။ သူဆိုတာ ဘယ်တုန်းကမှ အပူအပင်မရှိ စိတ်အေးလက်အေးနေတတ်ခဲ့တဲ့ကောင်ပါ။ စိတ်ညစ်စရာဆိုတာဖြင့် အဝေးကြီးမှာပါပဲ။

"ဒီမှာလေ အစ်ကိုရယ်၊ သမီးကျော်ကို ဒေါသဖြစ်လာ





တယ်ဆိုပြီး ပူညံပူညံလုပ်နေတာ"

"ကျော်က ဘာလုပ်လိုက်လို့လဲ"

"အသက်ကြီးကြီးလူကြီးနဲ့ တွဲနေလို့"

"ဟယ်! ဟုတ်ရဲ့လား သားရယ်"

"နေစမ်းပါဦး။ ကျော့် ဘယ်သူနဲ့တွဲတွဲ မင်းအပူလား ဖိုးသက်ရာ"

"သူနဲ့ကျုန်တော်က သူငယ်ချင်းတွေပဲ ဖေဖေရ။ စိတ်ပူတာပေါ့။ တော်ကြာ အတည်မယူတဲ့ အပျော်ကြံသွားမှ ရင်ကျိုးရချေရဲ့"

ဖေဖေက သူ့စကားကြောင့် ပြုံးလိုက်ပေမယ့် မေမေ့မျက်နှာမှာတော့ စိုးရိမ်ပူပန်မှုအပြည့်နဲ့ပါပဲ။ သူက အိမ်မှာ တစ်ဦးတည်းသောသားဖြစ်နေတာမို့ မေမေရောဖေဖေပါ ကျော့်ကို သမီးလေးလိုသဘောထားပြီး ချစ်ကြတာလေ။ ငယ်စဉ်ကတည်းက အတူစား အတူကစား ရန်ဖြစ်ဘက် ငယ်သူငယ်ချင်းမို့ သူနဲ့ကျော့်ကြားမှာရှိနေသည့် သံယောဇဉ်ထုထည်က မဟာ့မဟာ အကြီးကြီးပါပဲ။

"မောင်ရဲရင့်မာန်က ဒီလိုအစားမျိုးမှမဟုတ်တာဘဲ။ ပူစရာမလိုပါဘူး သားရာ"

"ဘယ်လို! ဖေဖေက အဲဒီလူကိုသိနေတာပေါ့လေ၊ ဟုတ်လား"

"ဒါပေါ့. . . စီးပွားရေးလောကသားချင်း မသိဘဲနေပ့ မလား။ ရဲရင့်မာန်က ပထမ ဦးမြတ်ဘုန်းဆွေရဲ့သမီးကြီးနဲ့ ငေ့ စပ်ဖို့ဖြစ်ခဲ့တာ၊ ပျက်သွားတာပဲရှိတယ်။ အရွယ်လည်း အတော် ပဲ၊ ရုပ်ရည်လည်းသင့်တယ်၊ အနေအထိုင်လည်း တည်တံ့တယ် မိန်းမအရှုပ်အရှင်းကင်းပြီး နာမည်ပျက်ခဲ့တာမျိုး လုံးဝမရှိဘူး"

"ဦးမြတ်ဘုန်းဆွေဆိုတော့. . . ဒေပီအမျိုးသားလား အစ်ကို"

"မှန်တယ်"

"ဟာ! ဒါဖြင့် မမမြတ်နိုးနဲ့"

"ဟုတ်တယ်"

"ဒါဆို သူက ကြားကနေ ဖြတ်ခုတ်ခဲ့တာပေါ့။ မိကျေ့ အတော်မိုက်မဲတာပဲ"

"ဟဲ့! ပြောပြန်ပြီ"

မေမေက သူ့လက်မောင်းကို ဖတ်ခနဲလှမ်းရိုက်လိုက် ပါ၏။ ကြည့်စမ်း! ဘယ့်နှယ် ခြောက်ပြစ်ကင်း သဲလည်းေ မိန်းကလေးက ဒီလို လူကိုအပိုင်ချုပ်ရတာပါလိမ့်။ မနာလိုသည်





ဟုဆိုဆို မကျေနပ်တာကတော့ အမှန်ပါပဲ။

"ဖြတ်ခုတ်တယ်တော့ မဟုတ်ဘူးပေါ့၊ နိုးနိုးနဲ့စဆုံတဲ့ နေ့ကတည်းက ကျော့်ကိုမြင်သွားပြီး မြားဦးက ကျော့်ဘက်ကို ရွေ့သွားခဲ့တာ"

"ဘာပဲဖြစ်ဖြစ် တစ်လမ်းတည်းနေတဲ့သူတွေပဲလေ ဖေ ဖေရ၊ မျက်နှာပူစရာကောင်းတာပေါ့။ ဒါလေးတောင်မှမတွေးဘဲ ဒင်းက ခေါင်းညိတ်စရာလား။ တင်းလာပြီ"

"ဩော်. . . သူလည်း အရွယ်ရောက်နေပြီကိုး။ သူ့ စိတ်ကြိုက်ရွေးချယ်ခွင့်ရှိတာပဲ"

"ဟုတ်သားပဲ သားရဲ့၊ သားလည်း စန္ဒြာနဲ့ချစ်သူဖြစ် တာ ခြောက်လကျော်နေပြီမဟုတ်လား"

"ဒါကတော့"

သူစကားဆက်မပြောနိုင်တော့ပါလေ။ စန္ဒြာတဲ့၊ သူ ချစ် သူရခဲ့တာကိုတောင် ဘာတစ်ခွန်းမှကန့်ကွက်စကားမပြောဘဲ နှုတ် ဆိတ်နေခဲ့တာ ကျော်ပါပဲ။ အခု. . . အခု ကျော့်မှာ ချစ်သူရှိနေ ကာမှ သူ ထကန့်ကွက်တာ တရားမျှတပါရဲ့လား။

သို့သော် ရင်ထဲမှာ ပူလောင်နေတဲ့ဝေဒနာက မအေး ငြိမ်းသေးပါလေ။ ကျော့်လက်ကိုကိုင်ခွင့်ရခဲ့တာက သူ၊ ကျော့်

ပခုံးကို ဖက်ခွင့်ရခဲ့တာကလည်း သူပါပဲ။ ဒါဖြင့် ကျော့နမ္မ နမ်းရှိုက်ခွင့်ရခဲ့တဲ့လူကရော သူပင်မဟုတ်ပါလား။ ကျော့နားသယ် စလေးကိုမွှေးလိုက်တိုင်း သနပ်ခါးရနံ့လေးက သူ့ကိုအမောင် စေခဲ့တာလေ။

ဟုတ်တယ်။ အဲဒီအခွင့်အရေးအားလုံးကို သူမဟုတ် အခြားသူစိမ်းတစ်ယောက်က ရသွားစရာလား။ လုံးဝပါပဲ ကျော့ နှင့်ကို ဘယ်သူမှမပိုင်ဆိုင်စေရဘူး။ နှင့်ကိုပိုင်ဆိုင်ဖို့ ကြိုးစား လူဟာ ငါ့ရန်သူပဲ။ ရဲရင့်မာန်မကလို့ ဘီလျံနာသူဌေးကြီးက တောင်းတောင်း၊ နှင့်ကို ငါမပေးနိုင်ဘူး မိကျော့. . . ဒါပဲ။

"သူတွေ့တာမှ ဘာကြာသေးလို့လဲ။ တစ်ခါတည်းမှာ ခေါင်းညိတ်လိုက်တာပဲလား. မသိပါဘူး"

"ဟောကြည့်! လုပ်ပြန်ပြီ၊ ကျော့ကို မင်းပိုင်တယ် များ ထင်နေလား"

"ပိုင်တာပဲဟာ၊ ကျွန်တော့်ကို နာမည်ပေးကတည်း အသက်နှစ်သက်ပိုင်တဲ့ နှစ်သက်ပိုင်ဆို ဖေဖေရ"

"ခက်တာပဲ၊ ဒီကောင်နဲ့တော့ ပြောရဆိုရ လက်ပေ ကပ်လိုက်တာ"

ဖေဖေက သူ့ကိုနားမလည်ဟန်ဖြင့် ခေါင်းခါပြလေ





မေမေကတော့ ညနေစာစားရန် ပြင်ဆင်ဖို့ နောက်ဖေးခန်းဘက် ဝင်သွားချေပြီ။ အိမ်ပြန်ရောက်ကတည်းက ရေမိုးမချိုးဘဲ ထိုင် ချနေတဲ့သူ့ဒဏ်က ခပ်ဝေးဝေးကိုရှောင်လိုက်ပြီလေ။

"လူဆိုတာ ကိုယ်ပိုင်အရည်အချင်း ကိုယ်ပိုင်အစွမ်းအစ နဲ့ ကိုယ့်ရည်မှန်းချက်ကိုရောက်အောင် သွားနိုင်ရတယ်ကွ"

"ကျွန်တော်ကရော ကျွန်တော်ဖြစ်ချင်တဲ့စီးပွားရေးသမား ဖြစ်လာတာမဟုတ်လို့လား"

"အေး. . . မင်းရလိုက်တဲ့နေရာက အဆင်သင့် တံမြက် စည်းလှဲထားပြီးသား၊ ခုံနေရာချထားပြီးသားကို အဆင်သင့် ဝင် ထိုင်ပြီး ရခဲ့တဲ့ရာထူးပဲ ဖိုးသက်။ မင်းကိုယ်ပိုင်အစွမ်းအစမျိုးနဲ့ ရခဲ့တာမှမဟုတ်တာ"

"ဖေဖေ"

"နေဦး၊ ဖေဖေ့စကားမဆုံးသေးဘူး"

အဆင်သင့်တဲ့လား။ ဘာမဆို အဆင်သင့်စားခဲ့ရတဲ့ အစားအစာတွေ၊ လိုချင်တယ်ဆိုရင် နှစ်ခါမပြောရဘဲ လက်ထဲ ရောက်ခဲ့တဲ့ပစ္စည်းတွေ တစ်ပြုံကြီးပဲမဟုတ်ပါလား။ ထမင်းနယ် ပြီးသားကို ခွံ့ကျွေးတာစားရတိုင်း ကျော့နှုတ်မှ 'အဆင်သင့် ကို ကို လာတော့' ဆိုပြီး ခေါ်ခဲ့တာလေ။

ဒါကြောင့်ပဲလား။ အလုပ်လုပ်ရတော့ရော ဖေဖေ့ကိုယ်ပိုင်ကုမ္ပဏီမှာ GM ရာထူးနဲ့ လွယ်လင့်တကူရခဲ့တဲ့သူပါပဲ။ အခုတော့ အဲဒီအရာတို့ကို ထင်သာမြင်သာရှိအောင် ဖေဖေ လက်ညှိုးညွှန်ပြနေပြီကော။ မင်းဘာလုပ်မှာလဲ နှစ်သက်ပိုင်။

''ကျော်ဆိုရင် သူတက်ထားတဲ့ သင်တန်းဆင်းတာနဲ့ ဒရိုင်ဘာရာထူးနဲ့ နီးနီးတို့ကိုကြိုပို့လုပ်ပေးခဲ့တာ နှစ်ချီကြာနေပြီ။ အမှန်က သူ Taxi ဆွဲစားချင်တာ၊ မိန်းကလေးဖြစ်နေလို့ မြင့်က သဘောမတူတာနဲ့ပဲ လခစားဝင်လုပ်ဖြစ်တာပဲ။ အဲဒါ သူ့ခြေပေါ် သူရပ်ပြီး သူ့လက်နဲ့ကိုယ်တိုင်လုပ်ခဲ့တဲ့ အရည်အချင်းပဲ သား''

ငြိမ်နေမိပါ၏။ တော်မှန်းသိတာပါပဲ။ သူကမှ ယောကျ်ားလေးတန်မဲ့ သံရိုက်မယ့်တူကို ဖြောင့်အောင်တောင် မရိုက်တတ်တာလေ။ ဘာကိုဘယ်လိုလုပ်ရင် ပန်းစင်၊ ပန်းကန်စင်၊ စာအုပ်စင်၊ ဖိနပ်စင်မျိုးဖြစ်မလဲဆိုတာကိုလည်း မခန့်မှန်းတတ် မလုပ်ကိုင်တတ်။ ကျော်လုပ်နေရင် ဘေးကနေ ဟောင်ဖွာဟောင်ဖွာနဲ့ လျှောက်ပြောတတ်တာမို့ အလုပ်ပျက်တယ်ဆိုပြီး လုပ်နေတဲ့အလုပ်ကို ရပ်ရတော့တာမဟုတ်ပါလား။

အိမ်မှာကူလုပ်ဖို့ဆိုတာ မိန်းကလေးတွေရဲ့တာဝန်ဆိုပြီး ရှောင်လို့ရပေမယ့် ခြံရှင်းတာမျိုး၊ ကားရေဆေးတာမျိုး၊ ကားဘီး





လဲတာမျိုးက သူ့လိုယောကျ်ားလေးတွေရဲ့တာဝန်ဖြစ်ပေမယ့်၊ ကျော်သာ လုပ်တတ်ပြီး သူက တစ်ကြိမ်တစ်ခါမှမလုပ်ခဲ့။ ဖင်ပေါ့ပေါ့နဲ့ မြန်မြန်ဆန်ဆန် မဆိုင်းမတွ ထလုပ်တတ်တဲ့လူက မိကျော်ပါလေ။

''ရဲရင့်မာန်လည်း သားလို မိဘအရိပ်မှာနေခဲ့ပြီး မိဘလက်ဆင့်ကမ်းတဲ့အရာတွေ ရတာမှန်ပါတယ်။ ဒါပေမဲ့ မိဘဆီက အဆင့်သင့်လက်ဖြန့်ခဲ့တာမျိုးမဟုတ်ဘူး။ အရင်းအနှီးထုတ်ပေးတဲ့ငွေကို တစ်နှစ်အတွင်း အရင်းကျေအောင် ပြန်ဆပ်နိုင်ပြီး အတိုးသဘောမျိုးနဲ့တောင် ပေးနိုင်ခဲ့တာ။ သူအခုလို ကိုယ်ပိုင်ဆိုင်ဖွင့်နိုင်တော့မှ သူ့ဘဝရဲ့လက်တွဲဖော်ကို ရှာချိန်တန်ပြီဆိုပြီး ရှာခဲ့လို့ ကျော့ကိုမြင်သွားရတာပဲ''

''ကျွန်တော်မှသဘောမတူတာ''

''မင်းသဘောမတူရအောင် မင်းက ကျော့အဖေမို့လို့လား''

''ဟာဗျာ. . . ဖေဖေကလည်း မဟုတ်ပါဘူး''

''မဟုတ်ရင် လိုက်ကန့်ကွက်မနေနဲ့လေ''

''မရဘူးဗျာ. . . ကန့်ကွက်မှာပဲ။ အခုတောင် သူ့လက်ကိုဆွဲခေါ်လာခဲ့တာ။ ဘဲကြီးဝင်ဟန့်တာနဲ့ တင်းပြီး တစ်ချက်ကျွေး

ခဲ့သေးတယ်။ မှတ်ရော''

''အမယ်လေး! ဘယ်သူ့ကိုရိုက်လာခဲ့တာလဲ သားရယ်၊ မထိတ်သာမလန့်သာရှိလိုက်တာ''

''ရိုင်းလိုက်တာ သားရာ၊ ကိုယ်က အငယ်မို့ ကိုယ့်ထက်ကြီးသူကို ရိုသေရမယ်ဆိုတာကို နားမလည်ဘူးလား''

'ကြီးသူကို ရိုသေ'တဲ့။ ဘယ်ဖြစ်ပါ့မလဲ၊ ကျော်တောင်သူ့ထက်နှစ်လလောက် အသက်ကြီးနေသေးတာလေ။ အဲဒီလိုသာ ရိုသေပြရင် 'ကောင်လေးလိမ္မာတယ်'ဆိုပြီး ဒင်းက သူ့ခေါင်းကို ပုတ်သွားဦးမှာလေ။ မဖြစ်ဘူး. . . လုံးဝမဖြစ်ဘူး။ ကြီးတာတွေ ငယ်တာတွေ အကုန်မေ့ထားတယ်။ ရန်သူဆိုမှ ရန်သူပဲ။

''မရိုသေနိုင်ပါဘူး။ အဲဒီဘဲကြီးက ကျော့်လက်ကို ပိုင်စိုးပိုင်နင်းနဲ့ကိုင်ပြီး. . . ကျစ်! မပြောလိုက်ချင်ဘူး။ လူမြင်ကွင်းကြီးထဲမှာ အရှက်မရှိ''

''အဲဒါ သူများသမီးရည်းစားကိစ္စလေ သားရယ်၊ ဝင်ပါစရာလား''

''ကျွန်တော်လည်း လက်ဘယ်ပါချင်ပါ့မလဲ၊ သူအရင်တွန်းတာနဲ့ လက်က အလိုလိုလုပ်မိသွားရတာ''

''ဘာပဲဖြစ်ဖြစ် ပြန်တောင်းပန်သင့်တယ်''





''ဒါတော့မဖြစ်ဘူးဖေဖေ၊ သူက ကျေအေးပေးဖို့ထက် တရားစွဲဖို့ပဲ လုပ်နေလောက်ပြီ''

''ဘာရယ်''

''လုပ်ပါဦး အစ်ကိုရယ်၊ အစ်ကို့သား လုပ်ပုံနဲ့တော့ ရုံးရောက်ဂတ်ရောက်တွေ ဖြစ်ကုန်တော့မှာပဲ''

ကဲ! ပြဿနာက ကြမ်းပိုးကနေ လိပ်ဖြစ်တော့မှာလေ။ တစ်သက်နဲ့တစ်ကိုယ် ရပ်ကွက်ရုံးကိုတောင် မရောက်ခဲ့တဲ့သူ့လိုလူကို တရားစွဲတဲ့အထိ ဒီလူလုပ်တော့မှာ အသေအချာပါပဲ။ အဲဒါ နင့်ကြောင့်ပဲ ကျော်၊ နင့်ကြောင့် ငါ လူဆိုးကြီးဖြစ်ရတာ။ မကျေနပ်ပါဘူး။

''မောင်ရဲရင့်မာန်က စဉ်းစားဉာဏ်ရှိတဲ့သူပါ သက်ရယ်၊ မဆင်မခြင်တော့ မလုပ်လောက်ပါဘူး။ လူငယ်ချင်းပဋိပက္ခဖြစ်သွားလို့ ဒီလိုပဲပြောလိုက်တာဖြစ်မှာပါ။ ဘာမဟုတ်တာလေးလောက်နဲ့ ဟိုတိုင်ဒီတိုင်လုပ်ပြီး အလုပ်ရှုပ်ဖို့ သူမလုပ်ပါဘူး။ အထူးသဖြင့် ကျော့်ကိစ္စနဲ့ ယောက်ျားလေးနှစ်ယောက် ပြဿနာဖြစ်တာမို့ ပြဿနာဖြေရှင်းရင် မိန်းကလေးရဲ့သိက္ခာကျမှာလေ။ သူစဉ်းစားတတ်မှာပါ။ မင်းသားကသာ ကမူးရှူးထိုးနဲ့ လုပ်ချင်ရာ လုပ်တတ်တာ''

''ဖေဖေပြောမှပဲ ကျွန်တော်က လူမိုက်ကြီးလုံးလုံးဖြစ်နေပြီ''

''မဟုတ်လို့လား။ အမြတ်နိုး ရှေ့ကိုနှစ်လှမ်းလောက်ကို့မြင်တတ်ရတယ်ဆိုတာ ဘယ်နှကြိမ်ပဲသင်သင်. . . မင်း နားထောင်လို့လား။ ခေါင်းမှာ ကလေးဦးနှောက်ပဲရှိတဲ့ကောင်''

သူ မကျေမနပ်ဖြစ်သွားရပါ၏။ အဖေမို့ ဘာမှပြန်မပြောချင်ပေမယ့် ရင်ထဲမှာ ကျိတ်မနိုင်ခဲမရဖြစ်နေတာမို့ ပြန်ပြောနေမိတာပါလေ။ 'ကလေး ဦးနှောက်နဲ့ကောင်' တဲ့။ ပြောရက်ပါပေ့။ ပြောကြတာဖြင့် 'သားရွှေသွေး' ဆို။ ခုတော့ သူ့ကို 'သားချည်ဖတ်' လို့ ပြောချင်နေပြီထင်ပါရဲ့။

''Phone နဲ့ပဲဖြစ်ဖြစ် ပြေရာပြေကြောင်း တောင်းပန်လိုက်ပါသားရယ်။ လူ့အောက်ကျို့လို့ လူပိမသေပါဘူး။ နော် . . . သား''

''မတောင်းပန်နိုင်ပါဘူး။ ဒီလိုမှန်းသိရင် သုံးလေးချက်လောက် ဆင့်ထိုးခဲ့ပါတယ်''

''ဟော့ကောင်!''

''အဲဒါ ဒင်းကြောင့်ဖြစ်တာ၊ ဒင်းမကောင်းလို့ ဒီဘဲကြီးနဲ့ ငြိရတာပဲ''





''ဖိုးသက်! မင်း, ကျော့်အပေါ် ရိုးရိုးသားသားသူငယ်ချင်းလို သံယောဇဉ်ရှိတာမှဟုတ်ရဲ့လား''

''ဖေဖေ''

''ဒီလို မနာလို မစ္ဆရိယမျိုးဖြစ်တာ သမီးရည်းစားလိုချစ်မှုဖြစ်တတ်တာမျိုးကွ။ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ဦး''

သူ ပါးစပ်အဟောင်းသားဖြစ်သွားရပါ၏။

မြတ်စွာဘုရား! ကျော်. . . နင့်ကို ငါချစ်နေပြီလားတဲ့။ နားထဲမှာ အုံးခနဲမြည်သံနဲ့ လေတွေတဟူးဟူးထွက်လာသလို ရင်ဘတ်ထဲမှာ အမြန်ရထားကြီးသွားနေသလို တဝုန်းဝုန်းတဒုန်းဒုန်း ညံကုန်တော့တာပါလေ။



# အခန်း (၁၉)

"အလုပ်ပါ တစ်ခါတည်းထွက်ခဲ့"

"မေမေ. . . ဒါတော့"

"မဖြစ်နိုင်ဘူးလို့မပြောနဲ့ မိကျော့။ သမီးတစ်ကောင် နွားတစ်ထောင်လို့ ငါမအုပ်ချုပ်ပါရစေနဲ့။ မတွေ့ဖူးလို့ ခင်မိတာကို အချစ်ဆိုပြီး ခေါင်းစဉ်မတပ်ချင်ပါနဲ့သမီးရယ်။ လိမ္မာလက်စနဲ့ ဆက်လိမ္မာစမ်းပါ"

ခေါင်းကိုငုံ့ထားလိုက်မိ၏။ ကိုကြီးနဲ့ဖြတ်ပါဆိုလို့ ဖြတ်ခဲ့ပြီးတာတောင်မှ မကျေညက်သေးတဲ့ဒေါသနဲ့မေမေပါလား။ မမနိုးနိုးတို့မိသားစုနဲ့ပါ အဆက်အသွယ်မလုပ်နိုင်းတော့ဘဲ ကိုကြီးနဲ့အရိပ်တောင်မပြရအောင် လုပ်နေပြီလေ။

မေမေရယ်. . . သူလာချင်ရင် ဒီခြံရှေ့ ဒီအိမ်ရှေ့ကို လာလို့ရပါတယ်။ ကျော့်ကိုပြန်ပို့ဖူးတာမို့ အိမ်ကိုလာဖူးသွားတာပါလေ။ လူကြီးလူကောင်းတစ်ယောက်မို့ ကျော့်သိက္ခာကိုငဲ့ပြီး အိမ်ကို တရောင်းရောင်းဝင်ထွက်မှုမပြုခဲ့တာကို နားလည်နိုင်ပါ့မလား။

"အလုပ်ကအလုပ်ပါ မေမေရယ်"

"ဟုတ်တယ်လေ. . . သမီးက စာတတ်ပေတတ်မိန်းကလေးတစ်ယောက်ဖြစ်ပြီး ဘာလို့စဉ်းစားဉာဏ်မရှိတဲ့လုပ်ရပ်မျိုးကို လုပ်ခဲ့တာလဲ။ အလုပ်နဲ့ကိုယ်ရေးကိုယ်တာကို မရောထွေးစေချင်ရင် အစကတည်းက ဆင်ဆင်ခြင်ခြင်နေထိုင်သင့်တာပေါ့"

"အိမ်မှာဝင်ငွေနည်းတာကို မေမေအသိဆုံးပါ။ ကျော်က တစ်ဖက်တစ်လမ်းနဲ့"

"မလိုပါဘူး။ သမီးအလုပ်လုပ်ချင်ရင် တင်တင့်ဆိုင်မှာ မေမေအရင်းအနှီးထည့်ပေးမယ် ကျော့်။ အန်တီလေးနဲ့အတူ ပိတ်စ,ဝိုင်းရောင်းပါလေ့။ ဆိုင်ကရောင်းကောင်းနေသလို ချုပ်ပေးတဲ့အကျီတွေက စေတနာအပြည့်နဲ့မို့ ချုပ်ကောင်းလိုက်တာမပြောနဲ့။ အခုဆို အပ်ချုပ်စက်နောက်ထပ်နှစ်လုံးထပ်ဝယ်ပြီး အလုပ်သမားတောင် ငှားထားရတာ။ သမီးကူရောင်းပေးရင် တင်တင်က ပိုတောင်မှပျော်ဦးမှာပေါ့"





ဈေးရောင်းတဲ့လား။ အရောင်းစာရေးသာလုပ်ဆိုရင် ကိုကြီးရဲ့စိန်တိုက်မှာ ဝင်လုပ်လို့ရတာလေ။ ကောင်မလေးတွေဆိုရင် နှုတ်ခမ်းနီ ပါးနီ လက်သည်းဆိုးဆေးအပြည့်နဲ့ Customer ကို ပြုံးပြုံးချိုချိုလေး ကြိုနေကြတာမဟုတ်ပါလား။ ဈေးမှာ ဝိုင်းကူရောင်းရရင် လှလှလေးနေရဖို့ဝေးစွ၊ ချွေးတလုံးလုံးနဲ့ ဟိုပိတ်စ ထဖြတ်ပေး၊ ဒီပိတ်စကို ဒီအထပ်ထဲက ဆွဲထုတ်ပေး၊ ဟိုအထုပ်သယ် ဒီအထုပ်သယ်နဲ့ နားချိန်တောင်ရမှာမဟုတ်ပါလေ။

ဩော်. . . ခုတော့ ရည်းစားလေးတစ်ကြိမ်တစ်ခါထားမိတဲ့ကျော့်ကို ရက်ရက်စက်စက်ကြီး ဈေးသည်လုပ်ခိုင်းပါရော့လား မေမေရယ်။

"ပြောလေ၊ ဘာလုပ်မှာလဲ။ မေမေတို့ညီအစ်မ မျက်စိအောက်မှာပဲ အလုပ်လုပ်ရမယ် ကျော့်။ မမြင်ကွယ်ရာမှာ လုပ်မယ်စိတ်မကူးလေနဲ့။ နင့်အစ်ကိုသာ ဒီအကြောင်းကြားရင် ဟိုကနေ Phone နဲ့ လှမ်းဆူမှာအသေအချာပဲ"

ရော်! ဆူတာတောင်မှမဝသေး။ နိုင်ငံရပ်ခြားရောက်နေတဲ့သားကိုတောင် လှမ်းတိုင်ဦးမယ်ဆိုပဲ။ တပ်ကူပါ ခေါ်ချင်နေပြီပေါ့လေ။ ကိုကြီးရယ်. . . ပြောတော့ဖြင့် ဘာမဆိုအခက်အခဲဖြစ်ရင် ကျော့်ရှေ့မှာ မားမားရပ် ကာကွယ်ပြီး ပြေလည်အောင်

ဖြေရှင်းပေးမယ်ဆို။ ခုတော့ ကိုသက်နဲ့ပြဿနာဖြစ်ပြီးကတည်းက ပျောက်သွားတာ အရိပ်သော်မှမတွေ့ရ လေသံလေးတောင်မှ မကြားရတော့ပါလား။

''အင်းပေါ့လေ၊ ကျော်က မေမေမွေးထားတဲ့သမီးဆ်တော့ မေမေ့စကားကိုပဲ နားထောင်ရတော့မှာပေါ့''

''နားမထောင်လို့ရော ရမှာတဲ့လား။ စကားပြောပုံကိုက''

''ရောင်းပါ့မယ်မေမေ၊ ဗိုက်စမရောင်းတတ်ရင်လည်းဟင်းသီးဟင်းရွက်ပဲဖြစ်ဖြစ် ဆား၊ ငါးပိပဲဖြစ်ဖြစ် ရောင်းပါ့မယ်''

''မအေကို မရွဲ့နဲ့စမ်း''

''တီ! . . .''

မျက်ရည်ဝဲလာတာကို ပုတ်ခတ် သိမ်းဆည်းလိုက်ရအိမ်ရှေ့မှာ ကားရပ်သံနှင့်အတူ ကားဟွန်းသံပါ ကြားလိုက်ရ၏။ အလို! 'တ'လိုက်တာနဲ့ မိုးပေါ်ကနေ သိကြားမင်း ဆင်းလာသလို ပေါက်ချလာပါရောလား။

ကျော် လှုပ်လှုပ်ရှားရှားဖြစ်သွားတာမြင်သည်နှင့် မေမေက ကျော့်လက်ကိုဆွဲ၍ အိပ်ခန်းထဲဝင်နိုင်းကာ အပြင်မှ Loc ချလိုက်လေသည်။ ခုမှပဲ ဆယ်ကျော်သက်ကျောင်းသူလို အထိန်းသိမ်းခံနေရပါရောလား။ မျက်နှာလေးတောင်မှ မမြင်ရတော့





လား ကိုကြီးရယ်။

ပြတင်းပေါက်ကိုပြေးကြည့်ပေမယ့် ကားနောက်ပိုင်းကိုသာ အနည်းငယ်မြင်ရလေ၏။ အိမ်ထဲရောက်နေပြီမို့ အသံကိုတော့ နားထောင်လို့ရမယ်ထင်ပါရဲ့။ အခန်းတံခါးဝနားသို့ကပ်ကာ အာရုံစိုက်လိုက်ရပါသည်။ ပြဿနာပြေလည်ပါ့မလား။

''ကျွန်တော် ရဲရင့်မာန်ပါ အန်တီ''

''ဘာကိစ္စရှိလို့ပါလဲ''

''အန်တီနဲ့တွေ့ချင်လို့လာခဲ့တာပါ''

''ထိုင်ပါ''

မေမေ့အသံက ခပ်မာမာပါပဲ။ သမီးဖြစ်သူကိုချစ်တာမှန်ပေမယ့် အလိုလိုက်ဖို့အတွက်ကတော့ဖြင့် မေမေ့ဆီမှာ မရှိပါချေ။ အရွယ်ငယ်ငယ်နဲ့အိမ်ထောင်ကျသွားခဲ့တဲ့ကိုကို့ကို အုပ်ထိန်းမှုညံ့ခဲ့လို့ဆိုပြီး ကျော့်အပေါ်မှာ ဖေဖေ့အနေနဲ့ပါ နှစ်ယောက်စာပေါင်းပြီး စောင့်ရှောက်ပေးခဲ့တာမဟုတ်ပါလား။

''ကျော်နဲ့ပတ်သက်ပြီး ဖြေရှင်းစရာတွေရှိမယ်ယူဆပြီးလာခဲ့တာပါအန်တီ။ နားနဲ့မနာ ဖဝါးနဲ့နာပေးပါခင်ဗျာ''

''အန်တီသိထားပါတယ်၊ သိပ်တော့မကြာလောက်သေးဘူး။ သမီးကိုယ်တိုင်ဖွင့်ပြောသင့်တာမှန်ပေမယ့် အရိပ်အခြည်

ကြည့်ပြီးမှ သိခဲ့ရလို့ တော်တော်စိတ်ဆိုးမိတာအမှန်ပဲ''

''ဟုတ်ကဲ့၊ အဲဒါကတော့ ကျွန်တော်တို့လူငယ်တွေရဲ့ အမှားဆိုတာကို ဝန်ခံပါတယ်အန်တီ''

''မှားမှန်းသိနေရင် ရှေ့ဆက်မတိုးတော့ဘဲ လှည့်ပြန်သင့်တာပေါ့ မောင်ရင်။ အခုတော့ အိမ်ထဲအထိ မဖိတ်ခေါ်ပါဘဲ ဝင်လာရဲတဲ့သတ္တိက မနည်းဘူးဘဲ''

အလို! တစ်ဖက်သား အခက်အခဲဖြစ်အောင်ကို ဖိပြောနေတာပါပဲလား။ သူ့ကိုတောင် ဒီလောက်ပြောနေရင် အိမ်မှာရှိနေတဲ့ကျော့်ကိုဆို ဘယ်လောက်တောင်မှ ဆူပူနေမှာပါလိမ့်။ ပြောလို့ရတာမဟုတ်ဘူး. . . သူနဲ့မတွေ့ရအောင်ဆိုပြီး အခန်းထဲမှာ ကျော့်ကိုပိတ်ထားလေမလား။

''ခွင့်မတောင်းဘဲ လာခဲ့မိတဲ့အတွက် တောင်းပန်ပါတယ် အန်တီ၊ ကျွန်တော်က အန်တီနဲ့ပြေပြေလည်လည်ဆွေးနွေးချင်တာပါ''

''အန်တီ့ဘက်ကတော့ ဘာမှဆွေးနွေးစရာမရှိပါဘူး။ ငွေညာထောက်ထားရမယ့်မျက်နှာတွေ၊ ထည့်တွက်စဉ်းစားရမယ့် လူမှုရေးကိစ္စတွေကြောင့်ပါ။ ပြီးတော့ အန်တီ့သမီးကို ခြေချော်ရင် ပြုတ်ကျသွားနိုင်မယ့်အမြင့်နေရာကို မမှန်းစေချင်တဲ့စေတနာ





ကြောင့်ပါ မောင်ရင်''

''ဟုတ်ကဲ့ပါအန်တီ၊ အန်တီ့စေတနာကို ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ ကျော့်ကို အဲဒီလိုခြေချော်အောင် ကျွန်တော်လုပ်မှာတော့မဟုတ်ဘူးဆိုတာကိုတော့ ယုံကြည်စေချင်ပါတယ်ခင်ဗျာ''

ကျော့်မေမေက ခပ်မဲ့မဲ့ပြုံးလိုက်လေ၏။ လူပေါင်းစုံနဲ့ ပြောဆို ဆွေးနွေး တိုင်ပင်ခဲ့ဖူးတဲ့သူ့အတွက် ဒီတစ်ကြိမ်ကဖြင့် တရားသူကြီးရှေ့မှာ ရောက်နေတဲ့တရားခံလို ချွေးစေးပြန်နေရတာလေ။ ကျော့်ရယ်. . . ကိုယ်က ကိုယ်တို့နှစ်ဦးလက်တွဲဖြစ်ဖို့အတွက် ဆုံးဖြတ်ပေးနိုင်တာကို ကံကြမ္မာလို့ထင်မှတ်ခဲ့ပေမယ့် လက်တွေ့မှာ ကျော့်မေမေသာ ဖြစ်နေပါရောလား။

''လူဆိုတာ ကိုယ့်ဒူးတောင်မှ ကိုယ်မယုံရဘူးကွယ့်။ အထူးသဖြင့် သူစိမ်းတစ်ယောက်ပြောတာကို အန်တီ အလွယ်တကူမယုံတတ်ပါဘူး မောင်ရင်။ သမီးနဲ့ပြတ်ပြတ်သားသား လမ်းခွဲဖို့ကို ကျန်ခဲ့တဲ့ရက်ပိုင်းကပဲ လုပ်ဆောင်နိုင်းပြီးပြီမဟုတ်လား၊ နောက်ထပ် ဘာများပြောစရာကျန်သေးလို့လဲ''

''အဲဒါကို ကျွန်တော့်ဘက်က လက်သင့်မခံနိုင်လို့ပါ အန်တီ''

''သမီးကတော့ လက်ခံတယ်ကွယ့်၊ အခုတောင်မှ''

''ကျွန်တော် ကျေဉ်ကိုသိပ်ချစ်ပါတယ် အန်တီ၊ နားရှိုင်းသွားရင် ခွင့်လွှတ်ပါ''

မျက်လွှာကို အသာချလိုက်မိ၏။ ရဲဆေးတော့ တင်ထားရမှာပါပဲ။ ဒီလိုမှအကျေအလည်မဆွေးနွေးနိုင်ရင် မလွယ်ဘူးကိုး။ 'အခွင့်အရေးဆိုတာ ဘဝတံခါးကို တစ်ကြိမ်သာ လာခေါက်တတ်တာ' တဲ့။ အဲဒါကို အမိအရဖမ်းဆုပ်ပါရစေလား။

''လူငယ်တွေလိုစိတ်နဲ့ အပျော်တွဲတာမျိုးမဟုတ်ရပါဘူး အန်တီ၊ တကယ့်မေတ္တာစစ်နဲ့ချစ်တာမျိုးပါ။ ဘဝလက်တွဲဖော် အဖြစ် ရိုးမြေကျပေါင်းဖို့ရည်ရွယ်ပြီး. . .''

''အန်တီသဘောမတူဘူး''

''အန်တီ. . . ကျွန်တော်''

''အန်တီတို့လို မိဘတွေနေရာက ဝင်ပြီးကြည့်ကြည့်ပ လို့ မောင်ရင့်ကိုပြောပါရစေ''

ဘုရား! သမီးလေးက အဖိုးတန်လေးမို့ နမျောတသ မည်သို့သောသတို့သားမျိုးရဲ့လက်ထဲကိုမှ မထည့်ပေးချင်တဲ့ မိဘ တွေရဲ့အတ္တကို သူနားလည်ပါ၏။ များသောအားဖြင့် အဖေတ ခုသမီးတစ်ခုနဲ့ ဘဝတည်ဆောက်ထားတဲ့ဖခင်မျိုးမှာသာ ပိုရှိတ





တာလေ။ ခုတော့. . .

''မြကို စိန်ရံမှ တင့်တယ်သလို၊ ရွှေချင်းထပ်မှ မြတ်တယ်ဆိုတာမျိုး၊ ရွှေထုပ်တဲ့မြပဝါဆိုတဲ့စကားတွေက ပုံပြင်မဟုတ်ပါဘူး။ တကယ့်လက်တွေ့မှာ ကျင့်သုံးနေကြတာပါမောင်ရင်''

''ကျွန်တော်က. . .''

''ဟုတ်တယ်၊ အန်တီ့သမီးနဲ့ ဘယ်လိုမှမအပ်စပ်နိုင်တဲ့ အဖိုးတန်လူတစ်ယောက်ဖြစ်နေလို့ပဲ''

''ဗျာ!''

''အဲဒီတော့ မောင်ရင့်ကို ပြုစုမွေးထုတ်ပေးတဲ့မိခင် ရင်ကွဲမယ့်ကိစ္စကို ရှေ့ဆက်မလုပ်စေချင်တာပါ''

''မေမေက. . . မေမေက ကျွန်တော့်သဘောလို့ပြောပါတယ် အန်တီ''

''မှန်တယ်လေ၊ ကိုယ်မွေးထားတဲ့သားသမီး စိတ်ချမ်းသာစေဖို့ ဘယ်မိဘမဆို မျက်စိစုံမှိတ်ပြီး ခွင့်ပြုကြမှာပါပဲ၊ အနည်းနဲ့အများတော့ ကွာခြားနိုင်တာပေါ့လေ။ ဒါပေမဲ့ အဲဒီမိဘတွေရဲ့ ရင်ထဲမှာ တကယ်ပဲအေးချမ်းနိုင်ပါ့မလား''

ရင်ဘတ်နေရာမှအင်္ကျီစကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်မိပါ၏။ ကိုကြီး အဘယ်မျှနေရခက်နေမလဲဆိုတာကို မြင်

ယောင်နေမိပါသည်။ ပြေလည်လိုပြေလည်ငြား အားတင်းရောက်လာတဲ့သူကို အားယုတ်အောင်များ ဖိပြောနေလေသလား။

တဆိတ်! ငဲ့ညှာထောက်ထားသင့်ပါတယ်မေမေ။

"ဆင်စီးမြီးမြင်းရံစေချင်လို့ ဘယ်လိုစိမ်ပေးခဲ့သလဲဆိုတာ မောင်ရင်လည်းသိပါတယ်"

"မြတ်နိုးနဲ့ကိစ္စကို အစောကြီးကတည်းက ဖြေရှင်းပြီးသားပါ အန်တီ"

"ဟုတ်ပါတယ်၊ လူငယ်တွေအနေနဲ့ကဖြင့် စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ပါဆိုတဲ့အကြောင်းပြချက်ကောင်းကောင်းနဲ့ ရှောင်လွှဲလိုက်တာ အလွယ်လေးပါမောင်ရင်။ မိဘတွေဆန္ဒက ဘာများလဲ။ မိဘချင်း မျက်နှာပျက်ကြတာ၊ မိတ်ဆွေချင်း မျက်နှာပူရတဲ့အထိ ဖြစ်ပျက်သွားတာကတော့ အကျည်းတန်လှပါတယ်"

"ကျွန်တော်တို့. . ."

"မစေ့စပ်ဖြစ်ဘူးလို့ပြောချင်တာ မဟုတ်လား။ မှန်ပေမှန်ပါတယ် မောင်ရင်၊ စာချုပ်စာတမ်းနဲ့ သက်သေသက္ခာနဲ့ စေ့စပ်ကြောင်းလမ်းခြင်းမရှိခဲ့တာ ဟုတ်ပါတယ်။ ဒါပေမဲ့ ရင်းနှီးခင်မင်ကြတဲ့မိတ်ဆွေအသိုင်းအဝိုင်းကြားမှာတော့ဖြင့် ဘယ်သူ့





သားနဲ့ ဘယ်ဝါရဲ့သမီးဆိုတဲ့ ပုဂ္ဂိုလ်စွဲနာမည်ကတော့ တွင်ကျွန်ရစ်ပါတယ် မောင်ရင်"

ဘုရားရေ! ကျော်နဲ့သဘောတူအောင် ပြောဖို့လာပါတယ်ဆိုမှ သူ့ပြစ်ချက်တွေကို ထောက်ပြခံနေရပါရောလား။ ဘာမဟုတ်တဲ့ကိစ္စသေးသေးမွှားမွှားလေးဆိုပြီး ငဲ့မကြည့်ခဲ့မိတဲ့အရာက ဤမျှအထိ ကြီးမားနေတာများလား။

"မောင်ရင့်မိဘတွေကတော့ သားယောကျ်ားလေးဘက်ကမို့ ဖြေသာချင်ဖြေသာနိုင်ပါလိမ့်မယ်။ တစ်ဖက်က အန်တီ့လိုမိန်းကလေးရှင်ပါ။ သမီးရှိတဲ့သူမို့ သမီးချင်းကိုယ်ချင်းစာနာမိတယ်။ အဆင့်အတန်းရှိကြတဲ့သူတွေမို့ မာနတရားနဲ့ဖုံးကွယ်မျိုသိပ်ထားကောင်းထားမှာအမှန်ပဲ။ ရင်ထဲမှာ ချိုပါ့မလား။ ခမျာစေ့စပ်ပွဲတစ်ခါပျက်ခဲ့ရင် နောက်တစ်ကြိမ်ဆိုတာ မရှိတတ်တဲ့ ကံတရားမျိုးက ဘဝမှာရှိတယ် မောင်ရင်"

"ခင်ဗျာ!"

"သမီးနဲ့မောင်ရင် နီးစပ်ဖို့ကို မြတ်နိုး တိုက်တွန်းပေးခဲ့တာ ကလေးတွေနှုတ်ကတစ်ဆင့် အန်တီပြန်ကြားခဲ့ပါတယ်။ စဉ်းစားကြည့်လေ, ရက်စရာကောင်းလေပါပဲ မောင်ရင်။ အန်တီ့သမီးက မောင်ရင်နဲ့မြတ်နိုးရဲ့ကြားမှာ 'ဆေးရိုးသည်' ဖြစ်ခဲ့တာပါ"

"ကျွန်တော်. . ."

"ဘဝမှာ ပြည့်စုံကုံလုံနေတဲ့သူမို့ နောက်ကွယ်က အရာမှန်သမျှကို လျစ်လျူရှုကောင်း ရှုနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ စိတ်နှလုံးရဲ့တံခါးကို ဟင်းလင်းဖွင့်ပြီးကြည့်တတ်ပါ မောင်ရင်၊ နှင်းဆီခင်းအလယ်က စပယ်ဖူးလေးရဲ့ရနံ့က တစ်မျိုးဆွဲဆောင်နိုင်ပေမယ့် တန်ဖိုးက မညီမျှပါဘူး။ စိတ်မနံ့တဲ့လူတောင်မှ ရှေ့မှာဟင်းနှစ်ခွက်ချပေးခဲ့ရင် ငါးပိရည်နဲ့အသားဟင်း ဘယ်ဟာကောင်းသလဲဆိုတာ သူကောင်းကောင်းမြင်နိုင်ပါတယ်"

အံကိုတင်းတင်းကျိတ်ထားလိုက်မိ၏။

ကျော့်ကို. . . ကျော့်ကို ငါးပိရည်နဲ့များ နှိုင်းရက်သတဲ့။ စပယ်ဖူးလေးတဲ့လား။ သူများတွေအတွက် နှင်းဆီဆိုတာ မွှေးယူထွေးပွေ့ချင်တာမှန်ပေမယ့် သူက. . . သူက စပယ်ဖူးလေးကိုမှ မြတ်နိုးတန်ဖိုးထားမိတာပါလေ။

"အန်တီ့နေရာကလည်း မြင်ကြည့်ပေးပါ၊ သမီးကိုကွယ်ရာမှာ သူဌေးသားကို ထောင်ဖမ်းပါတယ်ဆိုတဲ့အမည်းစက်မျိုးနဲ့ အသက်ရှင်ရပ်တည်သွားရမယ်ဆိုရင်. . ."

"တော်ပါတော့ အန်တီ၊ ကျွန်တော် ဆက်မကြားပါရစေနဲ့။ သဘောပေါက်ပါပြီ၊ ကျော့်နဲ့သဘောမတူနိုင်တဲ့ရည်ရွယ်ချက်က ကျွန်တော်ပိုင်ဆိုင်နေတဲ့သက်မဲ့အရာတွေကြောင့်ဆိုတာကို ရင်နာနာနဲ့သိလိုက်ရတာပါ။ လူတိုင်းလိုလို ပြည့်စုံချင်ကြတဲ့ ဒီသက်မဲ့အရာတွေနဲ့ အန်တီ့သမီးကိုမလဲနိုင်တဲ့စိတ်ဓာတ်ကိုတော့ လေးစားပါတယ်အန်တီ။ ကျွန်တော် နောက်ဆုတ်လိုက်ပါ့မယ်။ ဒါဟာ ကျော့်ကိုချစ်လွန်းလို့ မြတ်နိုးလွန်းလို့ တန်ဖိုးထားလွန်းလို့ ရင်နာနာနဲ့စွန့်လွှတ်ခဲ့ရတယ်ဆိုတာ ကျော်လည်းသိနေမှာပါဗျာ"



## အခန်း (၂၀)

အန်တီလေးဆိုင်မှာ ဝိုင်းလုပ်ပေးပြီး ညနေငါးနာရီမှာ ဆိုင်ပိတ်မှာမို့ ကူသိမ်းပေးနေပါ၏။ ပစ္စည်းတွေသိမ်းပြီးစဉ် စက်ချုပ်သည့်မိန်းကလေးနှစ်ဦး အိမ်ပြန်သွားလေသည်။ ဆိုင်ခန်းတံခါးကိုသော့ပိတ်ပြီး ဆိုင်ငှားထားသည့်အိမ်ရှင်ကို အသိပေးနှုတ်ဆက်ရန် အန်တီလေးက ခြံထဲဝင်သွားပါ၏။

"မကျော်"

"ဟင်! "

စက်ဘီးဖြင့် အနားသို့ရောက်လာသည့်ပုံမှုံကြောင့် အံ့သြသွားရပါ၏။ သူတို့အိမ်မှာ ကားသွားမမောင်းပေးတော့ကတည်းက မတွေ့ရတာကြာပြီမဟုတ်ပါလား။ အန်တီဒေဝီကတော့ အိမ်

ဖော်ကောင်မလေးနဲ့ဈေးလာတိုင်း ကျော့်ကိုဟန်မပျက်နှုတ်ဆက်တာမို့ မကြာခဏတွေ့ရပါသည်။

''အိမ် Phone ခေါ်တိုင်း အန်တီနိုင်က မကျော်မရှိဘူးချည်းပဲပြောလို့ လာခဲ့တာ''

''ဟုတ်တယ် ပုံပုံရဲ့၊ မကျော်, အန်တီလေးနဲ့ဈေးကူရောင်းပေးနေလို့ပါ''

''မာမီလည်း ပြောပါတယ်၊ အဟုတ်ကို ပါးပါးလေးပဲကျန်တော့တာပါပဲလား မကျော်ရယ်။ ဖြစ်ရလေ''

''ဘယ်တုန်းကရော ဝဖူးလို့လဲ ပုံပုံရယ်။ ဒီလိုပါပဲ''

''အန်တီတင်တင်ရော''

''အထဲကိုခဏဝင်သွားလို့ စောင့်နေတာ''

''ဟုတ်လား''

ပုံပုံက ဆိုင်နောက်ဘက်ခြံထဲကို လှမ်းကြည့်ကာ ဝန်းကျင်ကိုပါ ဝေ့ဝဲကြည့်လိုက်လေ၏။ ဘာလဲ. . . တစ်ခုခုကိုများလူမသိအောင်လုပ်မလို့များလား။ ဈေးထဲမှာဖြစ်ပေမယ့် ဈေးသိမ်းချိန်မို့ လူက ကျို့တို့ကျဲတဲလေးတော့ ရှိနေပါသည်။

Shirt အင်္ကျီအိတ်ကပ်ထဲမှ အရာတစ်ခုကိုနှိုက်ကာကျော့်ကိုကမ်းပေးလိုက်လေ၏။ ဘုရားရေ! အပြာနုရောင်စာအိတ်





လေးပါလား။ ရင်ထဲမှာ ထိတ်သွားရသလို မျက်လုံးပါ ပြူးသွားရပါသည်။ ပုံပုံကတော့ ကျော့်ကို မီးစယူလာချေပြီလား။

''ပုံပုံ! ဒါ. . . ဒါ''

''မြန်မြန်ယူလေ မကျော်ရဲ့၊ သူများတွေမြင်ကုန်တော့မှာပဲ''

''ဘယ်သူက''

''ဦးရဲရင့်ဆီက စာ''

''ဘာရယ်''

''ဘယ်လိုမှအဆက်အသွယ်လုပ်လို့မရတာနဲ့ ပုံပုံကနေတစ်ဆင့်ပို့ပေးပါဆိုပြီး အကူအညီတောင်းတာနဲ့ ယူလာပေးတာ''

''ဟင့်အင်း''

''ယူလိုက်ပါ မကျော်၊ ဖတ်ပြီးမှဖြဲပြီး မီးပဲရှို့ရှို့တဲ့။ ဖတ်ဖြစ်အောင်တော့ဖတ်ပါလို့ ဆက်ဆက်မှာလိုက်တာပါ။ ပြီးတော့ပြောသေးတယ်၊ ကိုကြီးကို ချစ်လက်စကျန်သေးရင်လို့ ထည့်ပြောပေးပါတဲ့. . . ရော့! ''

ရင်ထဲမှာ နင့်ခနဲဖြစ်သွားရပါ၏။ ပြောတတ်ပါပေ့ ကိုကြီးရယ်။ ပြောတော့ဖြင့် လက်လျှော့သွားပြီဆို။ နောက်ဆုတ်ပြီးချန်ရစ်ခဲ့ပြီဆို၊ ချစ်လွန်းလို့ ရှေ့ဆက်မတိုးဝံ့တော့ဘဲ စွန့်ပစ်ခဲ့

တာပါဆို။ အခုတော့ စာတစ်တန်ပေတစ်တန်နဲ့ ကျော့်နှလုံးသား တစ်စစီ ကြေမွသွားရလေအောင် ချေမွဦးမှာပါပဲ။

အပြာရောင်စာအိတ်ခေါက်ချိုးလေးက ကျော့်လက်ထဲသို့ ရောက်လာလေ၏။ ပုံပုံက ကျော့်ကိုလက်ပြပြီး စက်ဘီးနင်းကာ ပြန်သွားလေပြီ။ စာအိတ်ကိုသေးသေးလေးဖြစ်အောင် လိပ်ကာ ဘောင်းဘီခါးကြားထဲ ထိုးထည့်လိုက်ရပါသည်။ အိတ်ထဲထည့်ထားရင် တစ်ခုခုရှိနေတာကို သိသာမှာကိုး။

"သွားကြစို့လေ သမီး"

"ဟုတ်ကဲ့ အန်တီလေး"

တူအရီးနှစ်ယောက်သား စကားသိပ်မပြောဖြစ်ဘဲ လမ်းဖြည်းဖြည်းလျှောက်ကာ အိမ်ပြန်ခဲ့ကြပါ၏။ ခြံထဲဝင်ခဲ့စဉ် အိမ်ထဲမှစကားပြောသံတွေ ကြားနေရတာမို့ ခြေလှမ်းရပ်သွားရပါ၏။ အထူးတဆန်းပါလား။ ဘယ်သူတွေရောက်နေလို့များ မေမေ့ စကားသံကို ကြားနေရတာပါလိမ့်။

"ကျော်"

"အမေ့!"

ပန်းခြံအကွယ်မှထွက်လာသည့် ကိုသက်ကြောင့် လန့်သွားရလေ၏။ ညမိုးချုပ်ကြီး ဘာလာလုပ်ပြန်ပြီလဲ။ ဟိုတလေး





ကကိစ္စဖြစ်သွားပြီးကတည်းက သူနဲ့မျက်နှာချင်းမဆိုင်တော့သလို နှုတ်ဆက်စကားတောင်မှ မပြောဖြစ်တော့တာလေ။

"အန်တီလေး ဝင်နှင့်မယ်နော်၊ ရေချိုးချင်လှပြီ"

အန်တီလေးက စကားလှအောင်ပြောက ရှောင်သွားချေပြီ။ လရောင်က ခပ်မှိန်မှိန်သာနေလေ၏။ အိမ်ထဲမှာ သူ့မိဘတွေ ရောက်နေပြီပေါ့။ သေချာသလောက်ပါပဲ။ မြက်ခင်းစပ်ရှိ အုတ်ခဲတန်းပေါ်မှာ ကျော်ထိုင်ချလိုက်တော့ သူပါ ဘေးမှာလာထိုင်လိုက်လေသည်။ လောလောဆယ် အိမ်ထဲမဝင်ချင်သေးပါ။

"ပင်ပန်းနေပြီလား"

"ဒီလိုပါပဲ"

"နင်က တစ်ခါမှဈေးရောင်းခဲ့ဖူးတာမဟုတ်တော့"

"ငါနေတတ်ပါတယ်၊ လူဆိုတာ ပျော်ရာမနေရပေမယ့် တော်ရာမှာတော့ နေတတ်ရမယ်မဟုတ်လား"

သူသက်ပြင်းရှိုက်လိုက်လေ၏။ ချစ်သူနှင့်အတူပျော်နေသည့်လူက ဒီလိုသက်ပြင်းချစရာလိုအပ်ပါရဲ့လား။ အရင်လို ငါ သိပ်ပျော်နေတယ်ဆိုတာမျိုး၊ မကြာခင် နင်စားရတော့မှာသိလား ဆိုတဲ့စကားမျိုးသာ ကြားသင့်တာပါလေ။ နင် ဘာတွေများတွေးနေလဲ နှစ်သက်ပိုင်။

"ကျော်"

"ပြော. . ."

"နင်က အလုပ်မရှိရင်မနေနိုင်တဲ့လူဆိုတော့ အလု
မလုပ်နဲ့ပြောရင်လည်း မရပြန်ဘူး"

ကွန်ကရစ်အကြမ်းခင်းထားသည့် လမ်းမထက် ခြေဆ
ကာ နောက်သို့ အနည်းငယ်စောင်း၍ လက်ပြန်ထောက်ထားလို
မိ၏။ သူ့ရှေ့မှာ ဘာရှက်စရာမှမလိုတာဘဲ။ ဒီလောက် အန
(၂၀)ကျော်ပေါင်းလာခဲ့တဲ့သူငယ်ချင်း။ အင်း. . . တစ်သက်
သူငယ်ချင်းပဲပေါ့ နှစ်သက်ပိုင်ရယ်။

"ငါနဲ့ကုမ္ပဏီမှာ အတူလိုက်လုပ်ပါလား"

"စိတ်ကူးမရှိဘူး"

"နင်ကလည်း ကျော်ရာ"

"လခစားအလုပ်မျိုးမလုပ်ချင်လို့ ငါဒီအတိုင်းနေတာ
တွေ့တာပဲ"

"Driver လုပ်တာရော လခစားမဟုတ်ဘူးလား"

"အစလာဆွဲမထုတ်ချင်နဲ့၊ ငါဒေါ်သမဖြစ်ချင်ဘူး
သက်"

"နင်က ငါ့ကိုဆို ဘယ်တော့မှအလေးမထားဘူး





"ကျစ်! နင်ကရော ငါ့ကိုငဲ့ကွက်လို့လား။ ငါတစ်နေ့ကုန်
ပင်ပန်းနေတယ်နော်။ မောမောနဲ့ပြန်လာတာကို အမောဆို့အောင်
ရင်ဝဆောင့်မကန်နဲ့"

"နင့်လူနဲ့ပြတ်တာနဲ့ ငါ့ကို ဒီလိုမဆက်ဆံပါနဲ့ မိကျော်"

"ဘာ! "

ဒီလောက်ပြောနေပါလျက် အနာကိုမှလာဆွရတယ်လို့။
ထရန်ပြင်လိုက်စဉ် သူက ကျော့လက်ကိုပြန်ဆွဲလိုက်တာမို့ လူက
ယိုင်သွားပြီး သူ့အပေါ်လဲကျသွားရပါသည်။ အို! အရမ်းကြီးပါပဲ
လား။

"ဘာလုပ်တာလဲ"

"ငါပြောလို့မပြီးသေးဘူး"

"နင့်ဘာသာပြောချင်ရင် နင့်ရည်းစားကို မကုန်မခမ်း
နိုင် သွားပြောချေ။ ငါကတော့ နင့်စကားတွေနားထောင်ဖို့ အချိန်
မပေးနိုင်ဘူး။ ဖယ်စမ်းပါ"

"ကျော်"

"ကျစ်! ဘာလဲဟာ၊ ငါ့လက်ကိုမကိုင်နဲ့"

"ကိုင်တော့ ဘာဖြစ်လဲ"

"ငါ နင့်စခြွာမဟုတ်ဘူး"

ကဲကဲဆတ်လို့များ ထင်သွားမလား။ အမှန်က လက်
လွှတ်ပေးဖို့ရည်ရွယ်ပြီး မပြောသင့်တာကိုမှ လွှတ်ခနဲပြောထွက်
မိသွားတာပါလေ။ ဒုက္ခပါပဲ၊ သူနဲ့ငြိမ်းချမ်းရေးရတော့မှာကို ဘယ်
လိုဖြစ်ပြီး တိုက်ပွဲဖြစ်ရတာပါလိမ့်နော်။

"မနာလိုဘူးပေါ့လေ၊ ဟုတ်လား"

"ဝေးသေး"

"မဝေးပါဘူး ကျော်၊ အမှန်က နီးနီးလေးပဲ။ ငါနဲ့အနီး
ဆုံးမှာ နှင်ရှိနေတာပါ ကျော်"

ဘုရား! ဒါဘာအဓိပ္ပာယ်လဲ။ ဘာလိုလိုစကားမျိုးကို
မို့ပြောရဲရတယ်လို့။ နှင်စိတ်မှမှန်ရဲ့လား။ နှင့်မှာ စန္ဒြာတစ်ယော
လုံးရှိနေပါလျက်နဲ့ ငါ့ကို. . . ငါ့ကို စိတ်လှုပ်ရှားလာရအောင် မ
စားချင်ပါနဲ့ နှစ်သက်ပိုင်။

"ငါသွားတော့မယ်"

"နေဦး"

"ရေချိုးချင်လှပြီဟ"

"ရေမချိုးလည်း နှင့်ကိုယ်က မွှေးပါတယ် ကျော်"

ဘုရား! ဘုရား! ဟုတ်နေပါပြီ။ ဒင်းတော့ ဆေးစား
ပြီး ကျော့်ကို မဟုတ်ကဟုတ်ကအကြည့်တွေနဲ့ စကားအဆ





တွေ လာပြောနေတာလေ။ ကျော်က ရှန်း။ သူက ပြန်ချုပ်ဖြင့်
မြက်ခင်းစပ်ကရန်ပွဲက အဆုံးမသတ်နိုင်သေးပါချေ။

"ဘယ်လိုဖြစ်နေတာလဲ"

"နှင့်ကို ငါချစ်တယ် ကျော်"

"ဘာ! "

"ငါချစ်နေတာကို ငါကိုယ်တိုင်တောင်မသိခဲ့ဘူး"

မြတ်စွာဘုရား! ကယ်မတော်မူပါ။ သေချာပါတယ်၊ ဒင်း
တော့ တစ်ခုခုတော့ဖြစ်လာတာပါလေ။ တစ်သက်လုံးမပြောခဲ့ဖူး
တဲ့စကားတစ်ခွန်းကို ပြောချရတယ်လို့။ မယုံရဲစရာ။

"ဟောဗျာ! . . . မယုံဘူးလား။ မေမေတို့ပြောတော့မှ
ပဲ ငါလည်းသိလိုက်ရတာ"

"နှင်ရူးနေပြီ"

"အေး. . . မှန်တယ်၊ အဲဒါ နှင့်ကိုချစ်လွန်းလို့ ရူးရတာ။
နှင့်ကို သူများလုသွားမှာစိုးပြီး ငါအရူးတစ်ပိုင်းဖြစ်နေရတာလေ။
နှင်မသိဘူးလား"

ကြည့်စမ်း! အရှက်က တစ်စက်ကလေးမှမရှိတော့သလို
ပါပဲလား။ ဒီစကားတွေပြောနေတာကို ဟိုကောင်မလေးသာ မြင်
ရင် ဒင်းတော့ အသေသတ်ခံရတော့မှာလေ။

အရှုံးကောင်၊ စိတ်ရှုံးပေါက်ပြီး နှင်လျှောက်လုပ်နေပေ မယ့် ငါက နှင့်လိုအရှုံးမှုမဟုတ်တာဘဲ။

''ငါ့ကိုသေချာကြည့်''

''ကြည့်နေတယ်လေ. . . ပြော''

''ငါ့မှာချစ်သူရှိတယ် ကိုသက်''

''သွားစမ်းပါဟာ''

''ပြီးတော့ နှင့်မှာလည်းချစ်သူရှိနေပါလျက်နဲ့ နှင်မို့ ဒီ စကားလာပြောရဲတယ်။ အံ့ပါရဲ့''

''စန္ဒြာနဲ့ပြတ်တာ ကြာပြီ''

''ဘာရယ်''

''ကျောင်းထဲမှာ သူတွဲနေတဲ့ချာတိတ်နဲ့ ပက်ပင်းတိုး ကတည်းက အပြီးပြတ်ခဲ့တာပါ ကျော်''

''ဩော်! ဒါဖြင့် နှင်ရည်းစားပြတ်တာနဲ့ ငါနဲ့ကိုကြီးက ကြားထဲက ဝင်ခလောက်ဆန်ပြီး မပြတ်ပြတ်အောင် ဝင်ရှုပ်ခဲ့တာ ပေါ့လေ''

''လာပြန်ပြီလား ဒီကိုကြီး။ နားခါးပါတယ်ဆိုနေမှ။ ထင် မခေါ်နဲ့ အဲဒီနာမည်ကို''

''ခေါ်တော့ဘာဖြစ်လဲ၊ နှင်နဲ့မှမဆိုင်တာ''





''ဆိုင်တယ်၊ ဆိုင်လို့ပြောနေပြီလေ။ နှင်နဲ့ငါက ချစ်သူ ဖြစ်နေပြီ။ နှင့်အကောင်ကို နှုတ်က မတနဲ့''

တောက်! စိတ်ရှိလက်ရှိပိတ်ကုတ်လိုက်ရ၊ ဒင်းမျက်ခွက် တော့ စုတ်ပြတ်သတ်တော့မှာပဲ။ လူကိုပိုင်စိုးပိုင်နှင်းနဲ့ ပြောနေ လိုက်တာများ။ မုန်းစရာကောင်းလိုက်တာနော်။ နှင့်ကိုငယ်သူငယ် ချင်းမို့ ငါအတော်သည်းခံနေတာ ကိုသက်ရေ။ နို့မို့ ငါလုပ်တာ နဲ့ နှင်တော့ နာပြီ။ သိရဲ့လား။

''နှင့်ကို ဘယ်တုန်းကများ ငါချစ်တယ်ပြောလို့လဲ''

''နှင်မပြောလည်း ငါအလိုလိုသိတယ်။ နှင် ငါ့ကိုချစ် နေတယ်ဆိုတာ''

''သေလိုက်! အဲဒီမှာ လဲပြီးတော့သာ သေလိုက်။ သိ လား''

''ကျော်နော်''

''ငါ့ရင်ထဲမှာရှိတာ. . .''

''မရှိရဘူး၊ ငါကလွဲပြီး ဘယ်သူမှ နှင့်ရင်ထဲကနေရာ ကို ဝင်ယူလို့မရဘူး ကျော်။ ငါမပေးနိုင်ဘူး။ ဒါပဲ''

ကြည့်စမ်း! အတော့်ကို ဆိုးသွမ်းနေပါလား။ ဟိုနေ့က မှိုက်ခဲ့တာကိုတောင်မှ အမှတ်မရှိတော့သလိုပါလေ။

ကိုသက်ရယ်. . . နှင့်ကို ငါက အရင်ဆုံးချစ်ခဲ့ရတဲ့သူပါ။ ဒါပေမဲ့. . . ဒါပေမဲ့ အဲဒီချစ်ခြင်းတွေကိုပဲ နှင်က ချေမွဖျက်ဆီးခဲ့တဲ့သူပါလေ။

နှင့်ကိုမေ့ပျောက်ဖို့အတွက် ငါမနည်းကြိုးကြိုးစားခဲ့ရတာ ငါ့ကိုယ်ငါအသိဆုံးပါ။ အဲဒီမချိမဆန့်ဒဏ်ရာတွေကိုပျောက်အောင် အစားထိုးဖြေဖျောက်နိုင်ခဲ့ပေမယ့် ဝေဒနာတွေက မသက်သာဘဲ ပိုဆိုးလာခဲ့တာလေ။

''နှင့်ကို ငါ သူငယ်ချင်းလိုပဲသဘောထားတာနော်။ ငါ မမုန်းချင်ဘူး''

''မရဘူး။ ငါလိုချင်တာ နှင့်အမုန်းမှမဟုတ်တာ''

''ငါသွားတော့မယ်၊ ဖယ်! ''

ရုန်းထလိုက်စဉ် ကျော့ခါးကြားမှာ လိပ်ထားသည့် စာခေါက်လေးက မြက်ခင်းထက် ကျသွားလေ၏။ ပြဿနာပဲ၊ တိုက်တိုက်ဆိုင်ဆိုင် သူ့ရှေ့မှာမှ ပြုတ်ကျရတယ်လို့။ လူက ထူပူသွားပြီး စာလိပ်လေးကို ကုန်းကောက်လိုက်စဉ် သူက ဖျတ်ခနဲ လုကောက်လိုက်လေသည်။

သေပါတော့ ကျော်ရယ်။ မြက်ခင်းစိမ်းစိမ်းထက်မှာ ခပ်ဖြူဖြူလေး ထင်းနေတာမို့ သူမမြင်ဘဲရှိပါ့မလား။ သူ့လက်ထဲ





မှာ ဆုပ်ကိုင်ထားသည့်စာကို အမြန်လုလိုက်ပေမယ့် သူက ရှောင်ရှားလိုက်သလို ကျော့လက်ကိုပါ လက်တစ်ဖက်ဖြင့် ကာလျက်တားဆီးလိုက်လေ၏။

''ပေးနော်''

''မပေးဘူး။ ဒါဘာလဲ''

''စာပေါ့၊ မြင်တာနဲ့မသိဘူးလား''

''စာမှန်းတော့ သိတာပေါ့၊ ဘယ်သူ့ဆီကလဲ၊ ဟိုကောင့်ဆီကလား''

''နှင်နော် မဗိုက်ရိုင်းနဲ့၊ နှင့်ထက် အသက်အများကြီးကြီးတယ်ဟဲ့''

''ကြီးကြီးပေါ့၊ ဒါကြောင့် အဘိုးကြီး ဘဲကြီးလို့ပြောခဲ့တာ။ တောက်! ပြောရင်း တင်းလာပြီ။ ဒီခေတ်ကြီးမှာမှ စာပေးရတယ်လို့။ ဟာသပဲ''

''ငါ့စာကိုပေးနော်''

''မပေးဘူး၊ ငါဖြဲလိုက်မှာ''

''ဖြဲရဲဖြဲကြည့်နော်၊ နှင်ငါ တစ်သက်အပြတ်ပဲ။ ဒီဘဝသူငယ်ချင်းတောင် မတော်တော့ဘူးမှတ်''

''ဖြိမ်းခြောက်လိုက်တာနော်၊ ဘာစာလဲ''

"ဘာစာဖြစ်ဖြစ်"

"ဒါဆို ငါအရင်ဖတ်မယ်"

"နင်က ဘာဆိုင်လို့ဖတ်မှာလဲ။ ပေးဆို"

"ငါ့ရည်းစားကို လာပေးတဲ့စာကို ဖတ်ဖို့တာဝန်ရှိတယ်။ လာမဆွဲနဲ့နော်၊ ပြဲသွားရင် တာဝန်မယူဘူး"

သူက စာအိတ်ကိုလက်ဆန့်၍ မြှောက်လိုက်တာမို့ ကျော်လက်လျှော့လိုက်ရတော့၏။ ဝေးကွာသွားတာတော့ အမှန်ပါပဲ။ သို့သော် ကျော့်ကိုဘာတွေများရေးပြီး ဘယ်လိုနှစ်သိမ့်မှုတွေများ ပေးမလဲဆိုတာကိုတော့ သိချင်သေးတာပါလေ။

"သဘောတူလား"

"ဒါဆိုလည်း အတူတူဖတ်မယ်"

"OK!"

သူက ပြန်ထိုင်ချလိုက်တာမို့ ကျော်ပါ ဘေးမှာထိုင်ခ လိုက်ရပါ၏။ စာအိတ်ကို ဘေးဘက်မှအသာဖြဲကာ အထဲမှာ နေ သည့်အပြာရောင်စာခေါက်လေးကို သူဆွဲထုတ်လိုက်လေ သည်။

ကြည့်ပါဦး! ကျော့်ဆီလာတဲ့စာကို ကျော်ကိုယ်တိုင် မဖတ်ရပါလားနော်။





ချစ်ရတဲ့ကျော်....

ရင်နင့်ခြင်းများစွာနဲ့ ဒီစာကို ရေးဖို့ထိုင်ရတာပါ။ ကိုယ့်လိုပဲ 'ကျော်'လည်း နာကျင်ကြေကွဲနေမယ်ဆိုတာ ကိုယ်သိနေပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုချစ်လက်စ သံယောဇဉ်လက်ကျန်လေးနဲ့ပဲ ဖြစ်ပါစေ...ကိုယ့်စာကိုတော့ ပြီးဆုံးအောင် ဖတ်ပေးပါနော်....

ကျော်ရယ်.... ကိုယ်နဲ့ 'ကျော်'ကြားမှာ ကာဆီးတဲ့ ဂုဏ်ပကာသနတံတိုင်းကြီးက မြင့်တယ်တဲ့။ ကိုယ်တို့ကြား ခြားထားတဲ့ စည်းစိမ်သမုဒ္ဒရာကြီးကလည်း ကျယ်ဝန်းသတဲ့။ ကိုယ်ရှိနေတဲ့ ဖြည့်စုံကြွယ်ဝမှု လှေကားအမြင့်ကြီးက တောင်ကြီးလိုပဲ မြင့်မားလှသတဲ့လေ....

ဒီအကြောင်းပြချက်တွေထဲပဲ ကိုယ့်တို့ လမ်းဆုံးတိုင်း အပြစ်ဖွဲ့နဲ့ ဖြစ်လာခဲ့ရတာပါ။ ကိုယ် ကာရှားထက်လှုပ်လို့ရပါစေပဲ၊ အချစ်ဆိုတဲ့လမ်းနဲ့ ကိုယ့်ချစ်သူကို တစိုင်သိမ်းပိုက်နိုင်မယ် ထိုပြီး နှုန်တားအပြည့်နဲ့ ရောက်ခဲ့ရတာပါ 'ကျော်'....

ဒါပေမဲ့ ကျော့်မေမေက 'ကျော့်'ကို ကိုယ်ပေါ်ဆောင် ဖို့ရအောင် သံကွန်ခြာခုနစ်ထပ်နဲ့ တုပ်ထား သိမ်းထားလေရဲ့...

ထိုထိုကြောင့် 'ကျော်' နာစည်ချယ်မယ်တဲ့၊ ထိုထို ကြောင့် ထိုလိုအတွယ်နဲ့တော့ ထိုသိတန်ဖိုးထားတဲ့မိန်းကလေး ထို ရှုနဲ့ပြေသိစေချပ်၊ ကြိုးနှမ်းစေချပ်တာ အမှန်ပါ 'ကျော်'....

ငိုင်ထိုင်မှ အချစ်လို့ပေါ်တာမှတော့တာလေ...ချစ် လှန်းလို့ တန်ဖိုးထား ဖြတ်နိုးလွန်းလို့ ကြပ်နာထနားမိလို့ ထိုသိ ချစ်တဲ့ 'ကျော်'ထို နှုန်လွှတ်ခဲ့ရတာပါ....

ဆယ်ကျော်သက်တွေလိုအရွယ်ထာဆိုရင် 'ကျော်'ထို ထိုယ်ထိုယ်တိုင် ဖိုးပြေးပြီး ရှုးရှုးမိုထ်မိုထ်နဲ့ ထဝထိုတည်ဆောင် လို့ရမှာပါ။ ထိုလိုမစေတေလည်း ပေါ်လာခဲ့ပါတဲ့....

ပါဝေခဲ့ ကျော်ရယ်....မိစ်ထို ငိုချစ်ပြီး ရှိသေတဲ့ အချိုး ယောင်းသမီးလေးရဲ့လတ်ထို ထမ်းမယ့်လယ်ထ ထုတ်ညွှဲပြီး ရှု စရာထောင်းလိမ့်မယ်ထိုတာထို သိစိတ်နဲ့ဆင်ခြင်ပြီး လတ်ရှစ်ခဲ့ ရတာပါ....

နှစ်ထိုယ်တူ ပေါင်းဖတ်ခွင့်ရခဲ့တဲ့ ဒီထဝမှာ ထိုယ် လတ်လျှော့ခဲ့ပေမယ့် နောက်ထဝထိုတာထာ ရှိခဲ့ရိုးမှန်ရင် ဂုတ် ထလေးဖြစ်ခဲ့ရင်လည်း အတူ၊ လျှဖြစ်ခဲ့ရင်လည်း အတူတူဖြစ်ပြီး ပေါင်းဖတ် စုံမယ်ခွင့်ရချပ်ပါတယ်...





အခွင့်ရှိခဲ့ရင်ပေါ့ကလေ....

'ကျော်' စိတ်ချမ်းမြေ့ချေက်ခွင့်ပါစေ....

တစ်ချိန်က 'ကျော်'ရဲ့

ထိုကြီး

(ရဲရင့်မာန်)

စာက တရည်တလျားဖြင့် အဆုံးသတ်သွားလေ၏။ နှစ်ဦးသား ဘာမှမပြောဖြစ်ဘဲ ငိုင်ပြီးထိုင်နေတာ အတော်ကြာနေချေပြီ။ တစ်ချိန်ကတဲ့လား။ ကျော်တို့ချစ်ခဲ့တဲ့ကာလက ဒီလောက်ကြီး ကြာခဲ့တာမှမဟုတ်တာလေ။ ဒါကို ဘာကြောင့်များ ကိုကြီး သုံးနှုန်းလိုက်ရပါသလဲ။

“ကျော်”

“. . .”

“ငါ့ကို. . . ငါ့ကို တကယ်ပဲမုန်းလိုက်ပြီလား”

ပါးပြင်ထက် မျက်ရည်စီးကျလာတာကို သူမမြင်စေရန် မျက်နှာကိုလွှဲလိုက်မိစဉ် သူက ကျော့်ကိုထွေးဖက်လိုက်လေ၏။ နှစ်သိမ့်ပေးတာများလား။ ဒီရင်ခွင်မှာ ခိုဝင်ချင်ခဲ့တာ ကြာခဲ့ပါပြီ

ကော။ ဒီအခွင့်အရေးကို တစ်ကြိမ်မှမရခဲ့တာ ကျော်ပါပဲလေ။

ချစ်တယ်တဲ့၊ မယုံရဲပါဘူး ကိုသက်ရယ်။ နှင့်ချစ်ခြင်းတွေက ခုတစ်မျိုးတော်ကြာတစ်မျိုးနဲ့ ပြောင်းသွားရင် ဘယ့်နှယ်လုပ်မလဲ။ ငါကတောင် ချစ်သူနဲ့ကွဲခဲ့ရတာမို့ ကြေကွဲဝမ်းနည်းနေသေးတာလေ။ နှင်ကဖြင့် နှင့်ရည်းစားနဲ့ပြတ်သွားတာတောင် အေးဆေးပါပဲလား။

သွေးက အေးပ့ါ နှစ်သက်ပိုင်. . .

"ငါ. . . ငါကတော့ သူ့လိုမစွန့်လွှတ်နိုင်ဘူး ကျော်။ နှင်နဲ့ဝေးရရင် ငါသေမှာ။ ငါနဲ့စိတ်ကောက်နေတုန်းက ငါ့ကို အတွေ့မခံဘဲ နှင်ရှောင်နေတာ ငါဘယ်လောက်မခံရခက်တယ် ထင်သလဲ။ ခြံထဲမှာရှိနေတုန်းပဲ ခိုးကြည့်လို့ရတာ။ အိမ်ထဲရောက် နေရင်လည်း ပြတင်းပေါက်ကိုပိတ်ပစ်လိုက်ပြန်ရော။ ငါစောင့် ကြည့်နေတာကိုသိလို့ နှင်တမင်ညစ်တာမဟုတ်လား။ ငါကတော့ နှင့်ကိုပိုင်ဆိုင်ရမှဖြစ်မယ် ကျော်။ အဲဒါအသေအချာပဲ"

"ငါကတော့ နှင့်ကို သူငယ်ချင်းလို့ပဲသတ်မှတ်တာ"

"ကြာတော့လည်း နှင့်ယောက်ျားကို နှင်ပြန်ချစ်လာမှာ ပေါ့ဟာ။ မဟုတ်ဘူးလား"

"ကြည့်စမ်း! နှင်နော်"





သူက သဘောကျသည့်နှယ် တဟားဟားရယ်ချလိုက် သလို ကျော့်ပါးကိုလည်း ရွှတ်ခနဲခိုးနမ်းလိုက်လေ၏။ ဒင်းတော့ နာဦးမယ်။ နေနှင့်ဦးပေ့ါ ကိုသက်ရယ်။ နှင် ငါ့ကိုအနိုင်ယူ ဗိုလ် ကျသမျှ 'နှင့်ကို ငါဟိုးအစောကြီးကတည်းက ချစ်နေတာပါ'ဆို တဲ့စကားကို ဘယ်တော့မှဝန်မခံဘူးမှတ်။

အိမ်ထဲမှ မေမေ့ခေါ်သံကြားနေရပေမယ့် သူက ကျော့် ကိုလွှတ်မပေးဘဲ တိုး၍သာဖက်ထားတော့တာလေ။ နှင် လူဆိုး ပဲ နှစ်သက်ပိုင်။ နှင့်ကို သူငယ်ချင်းမို့ ငါသည်းခံနေတာ သိပါ ရဲ့လား။

အင်း. . . သူငယ်ချင်းတော့ သူငယ်ချင်းပေ့ါလေ။ ဒါ ပေမဲ့ ရင်ထဲမှာတော့ ဘာညာဘာညာသူငယ်ချင်းပေ့ါ။ ။

လေးစားလျက် ....

မမသဒ္ဒါမောင်
31st August 2013
AM (1:00)

ဤစာမူကို ငယ်သူငယ်ချင်း "နိုင်ကျော်အောင်" အား ချစ်ခင်စွာဖြင့် အမှတ်တရရေးသားခြင်းဖြစ်ပါသည်။

## နောက်လထွက်မည့်စာအုပ်

**သိမ်မွေ့ နူးညံ့ နက်ရှိုင်းသော**

# နိုဝင်ဘာ ၂၀၁၃ တွင် ထွက်ပါပြီ

## မမသဒ္ဒါမောင်

သူငယ်ချင်း

## မယ်ဒီခိုင်

လောင်းရိပ်မိနေသော နေလောင်ပန်းများ

## မိုးစက်ပွင့်

အတ္တထောင့်စွန်း တစ်ဖက်၌

## အလင်းသစ်

သူသာလျှင် အရှင်သခင်